ကမ္ဘာ့ဗုဒ္ဓသာသနာပြု

# အရှင်ဝေပုလ္လ

လက်တွေ့အသုံးချ

# အဘိဓမ္မာတရားတော်

ဒုတိယအကြိမ်

ဒီဇိုင်း - သန်းမြင့်အောင်

ဆရာတော် အရှင်သေဋ္ဌိလသည် –

'ငါသည် မှန်ကန်သောရည်ရွယ်ချက်၊ ခိုင်မာသော ခွဲလုံ့လဖြင့် မဖောက်မပြန်၊ လမ်းမှန်လျှောက်ခဲ့သူ ဖြစ်သည်။ ဤမှန်ကန်သော သစ္စာကြောင့် ဤအခြေအနေဆိုးမှ လွတ်မြောက်ပါစေသား' ဟု ခိုင်မာသော အဓိဋ္ဌာန်ကို ချလေသည်။

ဗုဒ္ဓဘာသာကို လက်မခံလိုသူများက ပြက်ရယ်ပြုကြသည်။ မဆီမဆိုင် မေးခွန်းများ မေးကြသည်။ စိတ်အေးအေးထား၍ သည်းခံမှုအပြည့်ဖြင့် ဖြေရှင်းသမှုပြုခဲ့ရသည်။ သရော်မော်ကား ရိုင်းပျသောစကားများကို မေတ္တာရှေးရှု၍ ဟောပြောချေပခဲ့ရသည်။

'ဗုဒ္ဓမြတ်စွာ သာသနာ၊ ကမ္ဘာနေသို့၊ လင်းစေသောဝ်' ဆိုတဲ့ ဆုတောင်းကို ဆုတောင်းရုံတင် ရပ်မနေကြနဲ့၊ လက်တွေ့လည်း သာသနာတော်ကြီး ကမ္ဘာတစ်လွှားမှာ လင်းစေအောင် ဆောင်ရွက်ကြရမယ်။

ဆရာတော်ဘုရားကြီးသည် အထက်ပါ ဩဝါဒကို မိန့်ကြားတော်မူရုံမျှမဟုတ်။ မည်သူတို့က ကန့်ကွက်သည်ဖြစ်စေ၊ အားပေးချီးမြှောက်သည်ဖြစ်စေ၊ အလေးဂရုမပြုဘဲ မိမိတစ်ကိုယ်တည်းသာ စွမ်းအားရှိသမျှ ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာတစ်လွှား၌ နေရောင်ပမာ ထွန်းလင်းတောက်ပစေရန် စွမ်းဆောင်ကြိုးပမ်းတော်မူခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

*[ကမ္ဘာ့ဗုဒ္ဓသာသနာပြုမော်ကွန်း... မှ]*

သိတဲ့ သဘောဟာ စိတ်ပဲ။ အဲဒါကြောင့် စိတ်ဟာ ဘာလဲဆိုရင် သိတတ်တဲ့ သဘောတစ်ခုပဲ။ ကောင်းတာလည်း မဟုတ်ဘူး။ မကောင်းတာလည်း မဟုတ်ဘူး။

စိတ်က သူ့ချည်းနေလို့မရဘူး။ စေတသိက်နဲ့တွဲမှ သူကဖြစ်နိုင်တာ။ အဲဒီတော့ စေတသိက်ဟာ စိတ်ကို ခြယ်လှယ်တော့တာပေါ့။

စိတ်စင်ကြယ်ရင်၊ စိတ်အေးရင် ရုပ်လဲအေးနေတာပဲတဲ့။ ဘာကြောင့် အေးနေသလဲဆိုရင် အေးတဲ့ သဘောတရားတွေနဲ့ ရောနေလို့ပဲ။ မစင်ကြယ်တဲ့ သဘောတွေနဲ့ ရောနေရင် စိတ်ညစ်ထေးမယ်။ စိတ်ညစ်ထေးရင် ရုပ်ကလည်း ညစ်နွမ်းပြီး ပူပန်ကြောင့်ကြနေရမှာပဲ။ ဘာကြောင့်လဲဆိုရင် ပူတဲ့ သဘောတရားတွေနဲ့ ရောနေလို့ပဲ။

ဒုက္ခအဝဝက လွတ်ကင်းပြီး အချမ်းသာကြီး ချမ်းသာအောင် နည်းလမ်းကောင်းတွေကို ဗုဒ္ဓက ရှာဖွေတွေ့ရှိ တော်မူတာပဲ။ အခုပြောနေ ဟောနေတဲ့ အဘိဓမ္မာတရားဆိုတာ ဒီ မအို , မနာ, မသေ ပူဆွေးဒုက္ခကင်းတဲ့ ချမ်းသာအစစ်အမှန်ကို လမ်းညွှန်နည်း ပေးနေတဲ့ တရားတော်တွေပဲ။

စာတွေအများကြီးဖတ်မှတ်ပါရဲ့။ ဒါပေမယ့် ပူပန်နေမှုတွေကတော့ မပျောက်ဘူးတဲ့။ ဒီ ဖတ်ထားတဲ့စာတွေကို ချမ်းမြေ့တဲ့ဘဝတစ်ခုတည်ဆောက်ဖို့ ဘယ်လို အသုံးချရ,မလဲတဲ့။ အဲဒါ သင်ကတည်းကိုက အသုံးကျအောင် မသင်ခဲ့ကြရလို့ဘဲ။

မကောင်းတဲ့အကုသိုလ်စိတ်မှာ လောဘဟာ ထိပ်ဆုံးကပဲ။ သူ့ရဲ့ ပရိယာယ်ပုဒ်တွေက အများကြီးရှိတာပေါ့။ ရာဂတဲ့၊ တဏှာတဲ့။ အဓိပ္ပာယ်ကတော့ လိုချင်တယ် ဆိုတာပါပဲ။

အလိုဆန္ဒတစ်ခု မပြည့်လို့ရှိရင် ဒေါသပေါ်လာတာပေါ့။ ကိုယ်လိုချင်တဲ့တစ်ခုကို မပြည့်လို့ရှိရင်ဖြင့် ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်ဆိုပြီး ဒေါသတွေကို ဖြစ်ကုန်တာပဲ။

သီလ ဟာ ခါးဝတ်ပုဆိုးလိုပဲတဲ့။ ဒါကြောင့် မောင့် ကျက်သရေပေါင်းပြီး ခါးဝတ်မပါသလို၊ အဘိဓမ္မာသင်ပြီး သီလမရှိရင်လည်း မကောင်းဘူး။

စားဝတ်နေရေးဟာ လူတိုင်းလူတိုင်း၊ သတ္တဝါတိုင်း သတ္တဝါတိုင်း သူ့နည်းနဲ့သူ ရှိတာချည်းပဲ။ အဲဒီလောကနဲ့သာ လူ့ပြည်ရောက်လို့ အဲဒီလောကနဲ့သာ နေသွားကြမယ်ဆိုလို့ရှိရင် တိရစ္ဆာန်နဲ့ ဘာထူးဦးမှာတုံး။ အဲဒီအဖြစ်က လွတ်အောင်တက်ဖို့ ဗုဒ္ဓမြတ်စွာက အမြင့်ဆုံးလမ်းညွှန်တော်မူပါတယ်။

စားဝတ်နေရေးတင် မပြီးဘဲနဲ့ လူ့ရဲ့ ရည်ရွယ်ချက်အစစ် ဖြစ်တဲ့ ဝိမုတ္တိသုခဆိုတဲ့ ဒုက္ခခပ်သိမ်းကင်းရာဖြစ်တဲ့ အချမ်းသာ ဆုံးပန်းတိုင် (နိဗ္ဗာန်) ရောက်အောင် အဲဒီ လုပ်နည်းကိုင်နည်းတွေ ကို လေ့လာမှတ်သား နည်းယူကျင့်ကြံ ကြိုးကုတ် အားထုတ် ကြရမယ်။

နိဗ္ဗာန် ကျတော့မှ ဒီအစဉ် (ဖြစ်ပျက်) ဟာပြတ်သွားတယ်။ အစဉ်ပြတ်တော့ ရုပ်လည်း မရှိနိုင်ဘူး၊ နာမ်လည်း မရှိနိုင်ဘူး။ ဘာမှ မရှိတော့ဘူး။ ဒီလို ဘာမှမရှိတော့ဘူးလို့ ဟောလိုက်ရင် အနောက်နိုင်ငံသားတွေက လန့်သွားတယ်။ ဒီတော့ အဲဒီ 'မရှိတာ' ရဲ့ အဓိပ္ပာယ်ကို သိဖို့လိုလာတယ်။

'တပည့်တော်တို့ အနောက်နိုင်ငံမှာ သိပ္ပံပညာ၊ ရုပ်ပိုင်း ပညာက ပြည့်စုံပါတယ်။ တပည့်တော်တို့ လိုနေတာက စိတ်ဘက်က။ တပည့်တော်တို့မှာ စိတ်ဖြေနည်း၊ စိတ်ချမ်းသာအောင် နေနည်းမရှိဘူးဘုရား။ အဲဒါ တပည့်တော်တို့ အခုသိရသလောက် ထဲက အဘိဓမ္မာကတော့ တပည့်တော်တို့ လိုလား ချက်တွေကို အင်မတန်ပေးပါတယ် ဘုရား' တဲ့။

မောဟက မသိတာ။ ဒိဋ္ဌိက အမှားသိတာ။ မောဟ မသိတာက မသိတာ ရိုးရိုးပဲ။ ဒိဋ္ဌိက မှားတာကြီးကို အမှန် သွားထင်ပြီးတော့ သိတာ။ သူက ပိုဆိုးတာပေါ့။

သံသရာတစ်ခွင်မှာ ဒါန မပါလို့ရှိရင် ဘယ်ချမ်းသာ နိုင်ပါ့မလဲ။

သီလ ဆိုတဲ့ ကိုယ်ကျင့်တရားမှ မရှိတဲ့လူက စိတ်စင် ကြယ်အောင် မတတ်နိုင်ဘူး။

နေ့စဉ်နှင့်အမျှ သီလ ပြည့်စုံနေအောင် ကြိုးစားရမယ်။ ဘုန်းကြီးချင်ရင် သီလပြည့်စုံအောင်လုပ်။ ပစ္စည်းဥစ္စာ ပေါကြွယ် ဝချင်ရင်လည်း သီလ ပြည့်စုံအောင်လုပ်။ သီလ မရှိတဲ့လူဟာ ဘုန်းကြီးရင်လည်း တမွန်းတည့်ပဲ။ ဘာပဲလုပ်လုပ် ခဏပဲ ခံစားရတယ်။ ခဏချင်း တိုက်ကြီးတစ်လုံးဆောက်လိုက်တာ၊ တော်နေကြာ တိုက်ကြီးက ပြိုသွားမှာပဲ။

အဘိဓမ္မာသင်ကြရတဲ့ဥစ္စာ ဘာလုပ်ကြဖို့တုံးဆိုတော့ ရည်ရွယ်ချက်ကိုက 'နိမ့်ရာက မြင့်ရာတက်ဖို့၊ မစင်ကြယ်သော နေရာက စင်ကြယ်သောအဖြစ်သို့ရောက်အောင် တက်လှမ်းဖို့၊ သေးသိမ်သောအဖြစ်မှ ကြီးကျယ်သောအဖြစ်သို့ရောက်အောင်၊ ယုတ်နိမ့်သောအဖြစ်မှ မြင့်မြတ်သောအဖြစ်သို့ရောက်အောင်၊ အမိုက်မှောင်အဝိဇ္ဇာမှ အလင်းရောင်ဝိဇ္ဇာသို့ရောက်အောင်' ဟော တာ လေ့လာကြတာပဲ။ ဒါဟာ ဗုဒ္ဓ၏ ရည်ရွယ်ချက်ပဲ။

ကမ္မဋ္ဌာန်းဆရာ လုပ်တယ်ဆိုလို့ရှိရင် လူရဲ့စရိုက် သိရမယ်။ လူ့စရိုက်မသိဘဲနဲ့ ဟိုလူလည်း ဒီတရားပဲ၊ ဒီလူလည်း ဒီတရားပဲဆိုတော့ အဲဒါတွေဟာ စဉ်းစားစရာတွေပေါ့။

***(အသုံးချအဘိဓမ္မာတရားတော်... မှ)***

သို့

..........................

..........................

..........................

ဓမ္မဒါနပြုပါသည်။

မှ

..........................

..........................

..........................

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၁၀/၉၆ (၉) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၅၇/၉၆ (၁၀) |
| ထုတ်ဝေသူ | ဦးမြသန်း (၀၁၅၀)<br>အသိုင်းအဝိုင်းစာပေ<br>၃၅၊ သမာဓိလမ်း၊ ဇွဲဆုံရပ်<br>မရမ်းကုန်း၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းဖလင် | ဦးထွန်းဆိုင်နှင့်အဖွဲ့ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဒေါ်ခင်ခင်ဝင်း (မြဲ-၀၃၃၀၇)<br>ကလျာအော့ဖ်ဆက်<br>၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | သန်းမြင့်အောင် |
| ကွန်ပျူတာစာစီ | ဇော် |
| စီစဉ်သူ | အေးမိုး |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ်၊ ၁၉၉၆ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၉၀ ကျပ် |

ပိုင်ဦးချိုစာပေ
၂၃၃၊ ဒုတိယထပ်(ယာ)၊
၂၉(အထက်)လမ်း၊ ရန်ကုန်။
ဖုန်း-၂၄၂၀၅၂

ကမ္ဘာ့ဗုဒ္ဓသာသနာ့ပြု

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

အဘိဓဇမဟာရဋ္ဌဂုရု

အဂ္ဂမဟာပဏ္ဍိတ၊ ပထမကျော်

## အရှင်သေဋ္ဌိလ

ဟောကြားတော်မူသော

# လက်တွေ့အသုံးချ
# အဘိဓမ္မာတရားတော်

သာသနာ ၂၅၄၀၊ ကောဇာ ၁၃၅၈၊ ခရစ် ၁၉၉၆ ခုနှစ်
ဒုတိယအကြိမ်

အမှတ် ၂၃၃၂

ရက်စွဲ.....................

ကြည့်တိုက်

# မာတိကာ

ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်
ဒုတိယအကြိမ် ပုံနှိပ်ခြင်း
ဓမ္မပူဇာပါဘုရား
ကမ္ဘာ့ဗုဒ္ဓသာသနာပြုမော်ကွန်း

## လက်တွေ့အသုံးချ အဘိဓမ္မာတရားတော်

### ပထမနေ့
### (၁၉၈၄ ခု၊ ဒီဇင်ဘာလ ၂၂ ရက်)

- အသုံးချအဘိဓမ္မာ
- အနောက်နိုင်ငံသားတို့ အယူအဆ
- ညောင်စေ့လောက်လျှရင်
- သက်သေပြပါဘုရား
- အဘိဓမ္မာသင်ရပုံ
- စိတ်ဆိုတာ

### ဒုတိယနေ့
### (၁၉၈၄ ခု၊ ဒီဇင်ဘာလ ၂၃ ရက်)

- လှိုင်းဥပမာ
- စာထဲမှာ မထားကြနဲ့
- ဝီထိအကြောင်း
- အစ ဘယ်မှာလဲ
- စိတ်အစဉ်ကြီး

- ဗုဒ္ဓက အပြည့်အစုံ ဟောထားတယ် ၇၅
- ပုံဝတ္ထုပြောပြဦးမယ် ၈၃


## တတိယနေ့
## (၁၉၈၄ ခု၊ ဒီဇင်ဘာလ ၂၅ ရက်)



- အင္ဂုတ္တရထဲက ဗျိုင်း ၉၃
- အနောက်တိုင်းသားတွေ ကြောက်တဲ့တရား ၉၈
- ရုပ်ပိုင်းတိုးတက်နေတဲ့ တိုင်းပြည်များ ၁၀၁
- ဘာရည်ရွယ်ချက်နဲ့ သင်ကြမလဲ ၁၀၅
- အမေရိကမှာ ၁၁၃
- လောဘတရား ၁၂၂
- စေတနာထက်သန်မှု ၁၂၄
- သမာဓိနယ် ၁၃၁
- ဒါနစွမ်းရည် ၁၃၃
- နိဗ္ဗာန်ရောက်ဖို့ လှေကားထစ်ကြီးတွေ ၁၃၇


## စတုတ္ထနေ့
## (၁၉၈၄ ခု၊ ဒီဇင်ဘာလ ၂၆ ရက်)


- ရဟန်းမှာ ဝိနည်းတော်ဟာ အသက်ပဲ ၁၄၁
- စာသင်စာကျက်နည်း ၁၄၄
- ဓမ္မဝိဟာရီပုဂ္ဂိုလ် ၁၄၅
- ခတ်ကြီးလေးပါး ဆင်ခြင်နည်း ၁၅၁
- သြဃလေးပါး ၁၅၇

# ဆရာတော်ဘုရားကြီး
# ၏
# ခွင့်ပြုချက်

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေး အသင်းတိုက်ခန်းမ၌ ဆရာတော် ဟောကြားခဲ့သော **လက်တွေ့အသုံးချ အဘိဓမ္မာတရားတော်** စာအုပ်ကို ဒုတိယအကြိမ်အဖြစ် ပုံနှိပ်ဖြန့်ချိရန်၊ ရန်ကုန်မြို့၊ ၂၉ (အထက်) လမ်း၊ အမှတ် ၂၃၃ ရှိ ပိုင်ဦးချိုစာပေအား သဘောတူ ခွင့်ပြုလိုက်သည်။



(ဦးသေဋ္ဌိလ)

ရန်ကုန်မြို့၊
၁၃၅၈ ခု၊ ဝါခေါင်လဆန်း ၂ ရက်။

# ဒုတိယအကြိမ် ပုံနှိပ်ခြင်း

ဤစာအုပ်တွင် ပါဝင်သော တရားတော်များသည် ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေး အသင်းတိုက်ခန်းမ၌ ၁၉၈၄ ခု၊ ဒီဇင်ဘာလ ၂၂ ၊ ၂၃၊ ၂၅၊ ၂၉ ရက်နေ့များအတွင်းတွင် အရှင်သေဋ္ဌိလ ဟောကြားတော်မူခဲ့သော **အသုံးချအဘိဓမ္မာတရားတော်**များ ဖြစ်ပါသည်။

ဤတရားတော်များကို ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းမှ ၁၉၉၀ ခုနှစ်၊ မတ်လအတွင်းက ပထမအကြိမ်အဖြစ် စာအုပ်ရိုက်နှိပ်၍ ဓမ္မဒါနပြု ဖြန့်ဝေခဲ့ပါသည်။

ဤဒုတိယအကြိမ် ပုံနှိပ်ခြင်းကို ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်ဖြင့် ပိုင်ဦးချိုစာပေမှ စီစဉ်ဖြန့်ချိခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ဒုတိယအကြိမ် ပြန်လည်ပုံနှိပ်ရန် စိတ်ကူးအလင်းရောင်ပေးခဲ့သော ကိုစိုးမြင့်သိန်းနှင့် ကိုတင်မြင့်တို့အားလည်းကောင်း၊ ဤသို့ ပြန်လည်ပုံနှိပ်ခွင့် ရရှိနိုင်ရေးအတွက် ပိုင်ဦးချိုစာပေကိုယ်စား ဆရာတော်ဘုရားကြီးအား ဦးတင်လျှောက်ထားခွင့်ပန်ပေးသော ဆရာသစ္စာရှင်အား လည်းကောင်း ကျေးဇူးအထူးတင်ရှိရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာဖတ်သူအပေါင်းတို့သည် အမြင်ကို အောင်နိုင်သူများ၊ အတွေးကို အောင်နိုင်သူများ၊ ဘဝကို အောင်နိုင်သူများ ဖြစ်ကြပါစေ။

**စီစဉ်သူ**

ရန်ကုန်မြို့၊ အောက်တိုဘာလ (၁၈) ရက်။

ဂုရုထေရဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအတွက်
အဘိဓမ္မာပြန့်ပွားရေးအသင်း၏

# ဓမ္မပူဇာပါဘုရား

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဩဝါဒါစရိယဖြစ်တော်မူသော ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်ဘုရားကြီး အရှင်သေဋ္ဌိလာဘိဝံသ၏ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ခံယူရတော်မူခြင်းအတွက် ကျင်းပအပ်သော **ဂုရုထေရဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာ** ဓမ္မသဘင်အခမ်းအနား၌ အဘိဓမ္မာပြန့်ပွားရေး အသင်းသူ အသင်းသား အမှုဆောင်များတို့က ဓမ္မပူဇာဖြင့် ပူဇော်သောအားဖြင့် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော **လက်တွေ့အသုံးချ အဘိဓမ္မာတရားတော်** အသံဖမ်းဟောစဉ်ကို ပုံနှိပ်ထုတ်ဝေအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**အဘိဓမ္မာပြန့်ပွားရေးအသင်း**
**ရန်ကုန်မြို့။**

၁၃၅၁ ခု၊ တပေါင်းလကွယ်နေ့။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ကမ္ဘာ့ဗုဒ္ဓသာသနာပြုမော်ကွန်း

## (၁)

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်ဘုရားကြီးသည် တစ်ကြိမ်သောအခါက ဤသို့လျှင် အမိန့်ရှိတော်မူပါသည်။

"အခုခေတ်မှာ ဘာသာရေးအဖွဲ့အသင်းတွေ အစည်းအဝေးပြုလုပ်ကြတဲ့အခါ အစည်းအဝေးပြီးစီးကြရင် 'ဗုဒ္ဓမြတ်စွာသာသနာ၊ ကမ္ဘာနေသို့၊ လင်းစေသောဝ်' လို့ သံပြိုင်ရွတ်ဆို ဆုတောင်းကြတယ် မဟုတ်လား။ ဒီလို ဆုတောင်းကြတာကတော့ ဟုတ်ပါပြီ၊ သာသနာတော်ကြီးကို ကမ္ဘာမှာ နေလိုထွန်းတောက်အောင် ဘယ်သူတွေကလုပ်ပေးကြမှာတုံး။ ခုတင်က ဆုတောင်းနေကြတဲ့ ပုဂ္ဂိုလ်များမှတစ်ပါး အခြားဘယ်သူကမှ လုပ်ကြမှာမဟုတ်ဘူး။ ဒါကြောင့် 'ဗုဒ္ဓမြတ်စွာသာသနာ၊ ကမ္ဘာနေသို့၊ လင်းစေသောဝ်' ဆိုတဲ့ ဆုတောင်းကို ဆုတောင်းရုံတင် ရပ်မနေကြနဲ့၊ လက်တွေ့လည်း သာသနာတော်ကြီး ကမ္ဘာတစ်လွှားမှာ လင်းစေအောင် ဆောင်ရွက်ကြရမယ်"

ဆရာတော်ဘုရားကြီးသည် အထက်ပါ ဩဝါဒမိန့်ခွန်းတော်ကို မိန့်ကြားတော်မူရုံမျှမဟုတ်။ မည်သူတို့က ကန့်ကွက်သည်ဖြစ်စေ၊ အားပေးချီးမြှောက်သည်ဖြစ်စေ၊ ပစ္စည်းလေးပါး ထောက်ပံ့သည်

ဖြစ်စေ၊ မထောက်မကူသည်ဖြစ်စေ အလေးဂရုမပြုဘဲ မိမိတစ်ကိုယ်တည်းသာ စွမ်းအားရှိသမျှ ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာတစ်လွှား၌ နေရောင်ပမာ ထွန်းလင်းတောက်ပစေရန် စွမ်းဆောင်ကြိုးပမ်းတော်မူခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။

"ဗုဒ္ဓမြတ်စွာ သာသနာ၊ ကမ္ဘာနေသို့၊ လင်းစေသောဝ်" ဟူသောဆုတောင်းပတ္ထနာကို ဆုတောင်းနေရုံမျှမဟုတ်ဘဲ လက်တွေ့ထုတ်ဖော် ကျင့်သုံးတော်မူလျက်ရှိသော ဆရာတော်ဘုရားကြီး၏ ကမ္ဘာ့ဗုဒ္ဓသာသနာပြုလုပ်ငန်း အကြောင်းကို ဖော်ပြလိုပါသည်။ ဆရာတော်ဘုရားကြီးသည် ကမ္ဘာ့ဗုဒ္ဓသာသနာပြုလုပ်ငန်းကို မည်သည့်အချိန်ကစတင်စိတ်ဝင်စားခဲ့သည်။ မည်သည့်အချိန်ကစ၍ လက်တွေ့လုပ်ဆောင်တော်မူခဲ့သည်။ အခက်အခဲမည်မျှ တွေ့ကြုံတော်မူရသည်။ ထိုအခက်အခဲတို့ကို မည်သို့ ကျော်လွှားတော်မူခဲ့သည်တို့ကိုလည်း အကျဉ်းချုပ်၍ တင်ပြလိုပါသည်။

## (၂)

**သာသနာတစ်ဝက် သီသီနင်းကာမှ၊ ကမ္ဘာမှာစက်ခြည်လင်းစေဖို့၊ သည်အသင်းအချိန်ကျပြီလို့ နှလုံးဝယ်ရည်၊ ထေရ်သနင်း မဟိန္ဒလိုပ၊ ဘုန်းလယ်တီ။ ။**

ဤအပိုဒ်ကား ၁၉၁၃ ခုနှစ် ကျေးဇူးတော်ရှင် ကမ္ဘာ့ဗုဒ္ဓသာသနာပြု လယ်တီဆရာတော်ဘုရားကြီး နိုင်ငံခြား သာသနာပြုအသင်းကို တည်ထောင်တော်မူသည့်အတွက် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက စပ်ဆိုချီးမွမ်းခဲ့သော နိုင်ငံခြားသာသနာပြု လေးချိုးကြီးမှ ဖြစ်ပါသည်။

ထို ၁၉၁၃ ခုနှစ်တွင် ဆရာတော်ကြီး အရှင်သေဋ္ဌိလသည်

သက်တော် (၁၇) နှစ်အရွယ် တောင်ငူမြို့၊ ဇေတဝန်ကျောင်းတိုက်၌ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဘေဒစိန္တာ စသည်တို့ သင်ကြားနေဆဲ ဖြစ်ပါမည်။ ထိုနှစ်မှာပင် တောင်ငူမြို့ ပရိယတ္တိစာပြန်ပွဲ၌ အငယ်တန်းနှင့် အလတ်တန်း၊ ရန်ကုန်မြို့ နှစ်ကျိပ်ရှစ်ဆူ စာပြန်ပွဲ၌ အငယ်တန်း၊ မိတ္ထီလာမြို့ စာပြန်ပွဲ၌ အလတ်တန်း အောင်ပန်းဆွတ်တော်မူပြီး မန္တလေးမြို့ မစိုးရိမ်တိုက်သို့ ရွှေ့ပြောင်းခဲ့သောအချိန်လည်း ဖြစ်ပါမည်။

၁၉၁၃ ခုနှစ်၊ ဆရာတော်ကြီး အရှင်သေဋ္ဌိလ မစိုးရိမ်တိုက် ရောက်ရှိနေချိန်တွင် မစိုးရိမ်တိုက်ကြီးအတွင်း၌ လယ်တီဆရာတော်ဘုရားကြီး ကြွရောက်တော်မူကာ မစိုးရိမ်ဆရာတော်များ ဖြစ်ကြသော ဦးသောမာဘိသိရီ၊ ဦးသူရိယ၊ ဦးဉာဏတို့အား ပါဠိကို ပါဠိဘာသာဖြင့်ပင် ဖွင့်ဆိုသော သဒ္ဒတ္ထရတနာဝလိ အမည်ရှိသော ပါဠိအဘိဓာန်ကျမ်းကြီးကို ရေးသားရန် စီစဉ်ပေးတော်မူခြင်း၊ ထို့ပြင် ပဌမကျော် ဦးဉာဏအား ဝိပဿနာဒီပနီ၊ နိယာမဒီပနီနှင့် လန်ဒန်မြို့ ပါဠိကျမ်းစာအသင်းမှ လန်ဒန်ပါဠိဒေဝီ (မစ္စစ်ရီးဒေးဗစ်) ၏ မေးလျှောက်လာသော ယမိုက်ပုစ္ဆာများ၊ ပဋ္ဌာန်းပုစ္ဆာများကို အင်္ဂလိပ်ဘာသာဖြင့် ရေးစေခြင်း စသည့် သာသနာပြု လုပ်ငန်းကြီးများ ဆောင်ရွက်နေကြပုံတို့ကို ဆရာတော် အရှင်သေဋ္ဌိလ မျက်ပါးထင်ထင် တွေ့မြင်ရလေရာ၊ ဤသို့တွေ့မြင်ရသည့်အချိန်မှာပင် ဆရာတော်ဘုရား၏ နှလုံးအိမ်ဝယ် ကမ္ဘာ့ဗုဒ္ဓသာသနာပြုလုပ်ငန်း သန္ဓေတည် ကိန်းဝပ်ခဲ့ပြီဟု ဆိုနိုင်ပေပြီ။

ဆရာတော်ကြီး အရှင်သေဋ္ဌိလသည် ဆရာတော် ဦးဉာဏကို အလွန်နှစ်သက်အားရ ရှိခဲ့သည်။ ဆရာတော်ဦးဉာဏသည် အင်္ဂလိပ်

စာတတ်သည်ဖြစ်၍ ပြည်ပသာသနာပြု လုပ်ငန်းအတွက် လယ်တီဆရာတော်ဘုရားကြီးက မိမိ၏ လက်ရုံးတစ်ဆူပမာ အလွန်အားထားတော်မူလေသည်။ ဆရာတော် အရှင်သေဋ္ဌိလသည် ဆရာတော်ဦးဉာဏကဲ့သို့ အင်္ဂလိပ်လိုတတ်ချင်သည်။ ပါဠိဘာသာကို နိုင်နင်းချင်သည်။ ပဋ္ဌမကျော် အောင်ပန်းကို ဆွတ်လှမ်းချင်သည်။ ဆရာတော်ဦးဉာဏသည် အရှင်သေဋ္ဌိလအဖို့ အားကျဖွယ် အတုယူဖွယ် ပုဂ္ဂိုလ်ထူး ဖြစ်ခဲ့ရလေသည်။

လယ်တီဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ကြွရောက်တော်မူလျက် နိုင်ငံခြား သာသနာပြုလုပ်ငန်းကြီးကို လုပ်ဆောင်နေသော ဤမစိုးရိမ်တိုက်ကြီးသည် ဆရာတော် အရှင်သေဋ္ဌိလအဖို့ ကမ္ဘာ့ဗုဒ္ဓသာသနာပြုလုပ်ငန်း သန္ဓေတည်ရာ မြေကောင်း ဖြစ်ပါပြီ။ ပထမကျော် အရှင်ဉာဏကဲ့သို့ အင်္ဂလိပ်ဘာသာ တတ်ကျွမ်းကာ ကမ္ဘာသို့ သာသနာပြုလိုစိတ်သည်ကား မျိုးစေ့ဖြစ်ပါပြီ။ ထိုမြေ၌ ထိုမျိုးစေ့ကို စိုက်ပါပြီ။ အောင်အောင်မြင်မြင် သန်သန်စွမ်းစွမ်း ပွင့်လာရေးအတွက် ပျိုးထောင်ပေးမည့်သူ လိုချေပြီ။ မည်သည့်ပုဂ္ဂိုလ်က ပျိုးထောင်ပေးပါမည်နည်း။ ထိုစဉ်ကဆရာတော် အရှင်သေဋ္ဌိလသည် မစိုးရိမ်တိုက်ကြီးအတွင်း စာချဆရာတော်များစွာရှိသည်တွင် အရှင်အာဒိစ္စဝံသဘွဲ့မည်ရ စာချဆရာတော်၏ အထံ၌ တပည့်ခံလျက် စာပေလေ့လာခဲ့၏။ ထိုအရှင်အာဒိစ္စဝံသသည်ပင် ဆရာတော်အရှင်သေဋ္ဌိလ၏ ကမ္ဘာ့ဗုဒ္ဓသာသနာပြုလုပ်ငန်းကို လက်တွေ့အကောင်အထည်ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးတော်မူခဲ့ပါသည်။

အရှင်အာဒိစ္စဝံသမထေရ်ကိုယ်တိုင် မကြာခဏ မိန့်မြွက်တော်မူလေ့ရှိသော မိန့်ခွန်းတစ်ရပ်မှာ–

"တစ်နိုင်ငံနှင့်တစ်နိုင်ငံ အသွားအလာ မလွယ်ကူသေးတဲ့ အသောကခေတ်ကတောင် အသောကမင်းကြီးဟာ ကိုးတိုင်း ကိုးဌာန ပျံ့နှံ့အောင် သာသနာပြုနိုင်ခဲ့သေးရင်၊ သွားရေး လာရေး လွယ်ကူတဲ့ အာဒိစ္စဝံသတို့ခေတ်မှာ ဘာပြုလို့ နိုင်ငံခြား သာသနာပြုလုပ်ငန်းဟာ မအောင်မြင်ဘဲရှိရမလဲ"

ဟူ၍ ဖြစ်ပါသည်။ ဤမိန့်ခွန်းသည် ဆရာတော်အရှင်သေဋ္ဌိလ၏ ကမ္ဘာ့ဗုဒ္ဓသာသနာပြုလုပ်ငန်းအတွက် မည်မျှအရေးပါလှသော အားပေးစကားဖြစ်မည်ကို တွက်ဆနိုင်ပါသည်။

(၃)

ဆရာတော် အရှင်သေဋ္ဌိလ၏ ကမ္ဘာ့ဗုဒ္ဓသာသနာပြုလုပ်ငန်း စိတ်ဓာတ်အလွန်ပြင်းပြနေမှုန်းကို သိရှိတော်မူသော အရှင်အာဒိစ္စဝံသ ဆရာတော်သည် တပည့်အရှင်သေဋ္ဌိလကို လယ်တီဆရာတော်ကြီး ထံ၌ အပ်နှံရန် အစီအစဉ်ပြုလေသည်။ သို့ဖြစ်၍ လယ်တီဆရာတော်ကြီး ပျဉ်းမနားမြို့ လယ်တီစံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆရာတပည့်နှစ်ပါး ပျဉ်းမနားသို့ လိုက်သွားပြီး လယ်တီဆရာတော်ဘုရားကြီးထံ အပ်နှံပွဲ ပြုလုပ်လေသည်။

လယ်တီဆရာတော်ဘုရားကြီးက အရှင်သေဋ္ဌိလ၏ ပညာရေးကို မေးရာ ထိုစဉ်က အရှင်သေဋ္ဌိလမှာ ပထမကြီးတန်း မအောင်သေးကြောင်း လျှောက်ထားရလေသည်။ လယ်တီဆရာတော်ဘုရားကြီးက "အသက် ငယ်သေးတယ်၊ ပညာဆုံးပါစေ၊ ပညာသင်လို့စုံတော့ လာအပ်ပါ"ဟု မှာကြားတော်မူသည်။

လယ်တီဆရာတော်ဘုရားကြီးထံမှ ပြန်ကြွလာကြပြီးနောက်

အရှင်အာဒိစ္စဝံသနှင့် အရှင်သေဋ္ဌိလတို့ ဆရာတပည့်နှစ်ပါး မော်လမြိုင်မြို့သို့ ရွှေ့ပြောင်း၍ ပညာသင်ကြရာ အသက် ၁၉ နှစ် (၁၂၇၇) ခုတွင် ပထမကြီးတန်း အောင်မြင်တော်မူခဲ့သည်။ ထိုနှစ်မှာပင် အရှင်သေဋ္ဌိလသည် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ထို့နောက် ဆရာတပည့်နှစ်ပါးတို့ ရန်ကုန်သို့ ပြောင်းရွှေ့လာပြီး ပုဇွန်တောင်၊ တောင်လုံးပြန်သုသာန်ဇရပ်ကြီးကို အရှင်အာဒိစ္စဝံသ ကျောင်းတိုက်ဟု ကမ္ပည်းတင်လျက် စာသင်တိုက် တည်ထောင်လိုက်သည်။ ထိုစာသင်တိုက်၏ အောင်မြင်မှုမှာ သာသနာ့သမိုင်း၌ မော်ကွန်းတင်ထိုက်ပေ၏။ အကြောင်းမှာ စာသင်တိုက်တည်ပြီး (၂) နှစ်အရတွင် အရှင်သေဋ္ဌိလ ပထမကျော် အောင်သောကြောင့် ဖြစ်သည်။

ရခဲလှစွာသော ပထမကျော်ဘွဲ့ကိုကား အရှင်သေဋ္ဌိလ ရပါပြီ။ ဘွဲ့လက်မှတ်ကိုကား မရလိုက်ပါ။ အကြောင်းမှာ ပထမကျော်ဘွဲ့လက်မှတ်ကို ဆက်ကပ်ရေးအတွက် ဆရာဖြစ်သူ အရှင်အာဒိစ္စဝံသနှင့် ကျောင်းဒကာကြီး ဆာဘိုးသာတို့ အငြင်းပွား၍ ပထမကျော်အရေးတော်ပုံဖြစ်ပေါ်သဖြင့် ဘွဲ့လက်မှတ် ဆက်ကပ်ပွဲ ပျက်ခဲ့ရသည်။ ဘွဲ့လက်မှတ်ကို အောင်မြင်သူထံ လာရောက်မကပ်ဘဲ ဘုရင်ခံထံသွားရောက်ယူရမည်ဟူသော အစဉ်အလာကို လက်မခံခဲ့ကြသဖြင့် အရှင်အာဒိစ္စဝံသနှင့် အရှင်သေဋ္ဌိလတို့ဆရာတပည့်နှစ်ပါး၏ မြင့်မားသော မျိုးချစ်စိတ်ကား အံ့ဩဖွယ်ပါပေ။

(၄)

ပထမကျော်အောင်လျှင် အရှင်သေဋ္ဌိလသည် ဆရာတော်

ဦးဉာဏကို အားကျခြင်းကို လက်တွေ့အကောင်အထင်ဖော်၍ ပြနိုင်ပြီဖြစ်သည်။ ဆရာတော်ဦးဉာဏလို ပါဠိတတ်ပြီ။ ပထမကျော် အောင်ပန်းကိုလည်း ဆွတ်လှမ်းလိုက်ပြီ။ နောက်ထပ် လိုအပ်နေသော အချက်တစ်ချက်မှာ အင်္ဂလိပ်စာတတ်ရေးပင်။

ပထမကျော် အရေးတော်ပုံ ဖြစ်ခဲ့စဉ်က ပညာရေးဌာနနှင့် စကားပြောတိုင်း စကားပြန်နှင့် ပြောဆိုရ၏။ နှုတ်ရှိပါလျက် နှုတ်မဲ့နေသလို ဖြစ်ရသဖြင့် ခေတ်အလျောက် အင်္ဂလိပ်စကားတတ်မှ ဟူသော စိတ်ဆန္ဒမှာ ပို၍ပြင်းထန်လာသည်။ လယ်တီဆရာတော် ဘုရားကြီးက ပညာစုံလျှင် လာခဲ့ဟု ဆိုသဖြင့် ဆရာတော်ကြီးထံ ဆရာတပည့်နှစ်ပါး ဆည်းကပ်ကြပြန်ပါသည်။

ထိုအချိန်၌ လယ်တီဆရာတော်ဘုရားကြီး၏ စက္ခုတော်မှာ အတော်ပင် ရောဂါဆိုး၍ ကွယ်နေပြီဟုပင် ဆိုနိုင်လောက်သည်။ တရုတ်သူဌေးကြီး ချင်းချောင်း၏ ဆေးဝါးကုသပေးမှုကို ခံယူတော်မူချိန်လည်း ဖြစ်ပါသည်။ သို့ပါ၍ လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးရာ အင်းလျားကန်ဖျားရှိ ချင်းချောင်း၏ ခြံအစပ် စက်ကြုံကျောင်းသို့ သွားရောက်ကြရာ ဆရာတော်ဘုရားကြီးက "နောက်ကျကုန်ပြီ၊ တို့ကလည်း ဇရာဒုဗ္ဗလဖြစ်ပြီ"ဟု ဆိုကာ လက်မခံတော့ပေ။

သို့ပါသော် "ငါ့တပည့် ရှေ့ဆက် သာသနာပြုကွယ့်"ဟု မိန့်တော်မူကာ ပထမံလက်ဖွဲ့နှင့် ဆေးလုံးများ ချီးမြှင့်တော်မူခဲ့၏။ ဤတွင်ပင် အရှင်သေဋ္ဌိလသည် လယ်တီဆရာတော်ဘုရားကြီးကို အမှီပြုပြီး ကမ္ဘာ့ဗုဒ္ဓသာသနာပြုလုပ်ငန်းကို လုပ်ဆောင်ရန် မဖြစ်တော့။ ကိုယ့်လမ်းကိုယ်ထွင်မှ ဖြစ်တော့မည်။

(၅)

ဆရာတော် အရှင်သေဋ္ဌိလသည် ပုဇွန်တောင်ရပ်ကွက်၌ ကျော်ကြားနေသော အင်္ဂလိပ်သဒ္ဒါ ဂရမ္မာဆရာ သီဟိုဠ်ပြန် (စီလုံပြန်) ဆရာသင်ထံ ကရောင်းရီးဒါး၊ လက်ဆင်းအင်အင်္ဂလိပ် တို့ကို သင်ယူခဲ့၏။ ဆရာတော် အရှင်အာဒိစ္စဝံသကလည်း တပည့် အင်္ဂလိပ်စာသင်ခြင်းကို အလွန်အကျူး အားပေးလေသည်။

ဆရာက အားပေး၍ တပည့်ကလည်း ဉာဏ်ကောင်းသလောက် သင်ကြရာ အင်္ဂလိပ်စာသင်၍ ကောင်းတုန်းမှာပင် ဆွမ်းဒကာက ဆွမ်းဖြတ်ကြလေတော့သည်။ ရှေးဆန်သော ဆရာသမားတို့က လူထွက်ကြတော့မှာပဲဟု စိုးရိမ်ကြပြီ။ လူဒကာ၊ ဒကာမများက လောကီအလုပ် လုပ်ကြသည်ဟု အထင်အမြင်လွဲကုန်ကြပြီ။ ထို့မျှမက မြန်မာ့အလင်းအယ်ဒီတာ ဦးစိန်းလို ပုဂ္ဂိုလ်ကပင် သတင်းစာမှ ရဟန်းတော်များ အင်္ဂလိပ်စာမသင်ထိုက်ကြောင်း ကန့်ကွက်ရေးသား လာလေပြီ။ ထို့ပြင် ဘုရားဖြူဆရာတော် အရှင်ရာဇိန္ဒက လောကာယ တာဒိ ဝိနိစ္ဆယကျမ်းကို ရေးပြီး အင်္ဂလိပ်လို မသင်ထိုက်ကြောင်း၊ အကျိုးမရှိသည့်အပြင် ဆုတ်ယုတ် ပျက်စီးတတ်ကြောင်း ကျမ်း တစ်စောင် ပေတစ်ဖွဲ့ရေးကာ အပြစ်တင်လေပြီ။

ထိုအခါ ဆရာတော်အရှင်အာဒိစ္စဝံသတို့ ဘက်မှလည်း ဘာသန္တရလမ်းညွှန်အမည်ဖြင့် ကျမ်းစာရေး၍ တုံ့ပြန်ကြရာ ထောက်ခံသူက အနည်းသာ၊ ကန့်ကွက်သူသာ များလေသည်။ အားပေးသူ မရှိဘဲ ဒကာလူမှ ဘုဉ်းပေးရသော ရဟန်းတော်အဖို့ ဆွမ်းဒကာက ဆွမ်းဖြတ်လျှင် မိမိလုပ်ငန်းကိုရပ်သင့်ပြီမဟုတ်လော။ ဆွမ်းတစ်အုပ် အတွက် ရည်ရွယ်ချက်ကို မစွန့်၊ ချမှတ်ပြီးသန္နိဋ္ဌာန်ကို မဖျက်။

ဆရာတပည့်နှစ်ပါး ရှေ့သို့သာ လှမ်းကြလေပြီ။

ဤ၌ မေးဖွယ်ရာမှာ မစိုးရိမ်ဆရာတော် ဦးဉာဏ အင်္ဂလိပ်စာ ဘယ်လိုတတ်လာသလဲ၊ ထိုဆရာတော်တုန်းကကော မကန့်ကွက်ကြ ဘူးလားဟု ဖြစ်၏။ ဆရာတော် ဦးဉာဏမှာ လူဘဝ၌ ဆယ်တန်း အောင်ခဲ့ပြီး ကာလကတ္တား ယူနီဗာစီတီအင်ထရင်းအတန်း ဖြေဆို ပြီး အသက် ၁၉ နှစ်မှ ရဟန်းဖြစ်လာ၍ လူ့ဘဝက သင်ခဲ့သဖြင့် ဝေဖန်ကဲ့ရဲ့လွတ်ခဲ့၏။

(၆)

"နိုင်ငံခြားသွား၍ လွတ်လွတ်ကျွတ်ကျွတ် သင်မှ အရေး၊ အဖတ်၊ အပြောပါ ကျင်လည်၍ အခြေကောင်းကောင်းခိုင်မည်"ဟု တွေးကာ အရှင်သေဋ္ဌိလသည် ဆရာဖြစ်သော အရှင်အာဒိစ္စဝံသကို လျှောက်ထားတိုင်ပင်လေ၏။ အရှင်အာဒိစ္စဝံသသည်လည်း ပြည်ပ ခရီးထွက်၍ ပညာရှာရန် တိုင်ပင်လာသော တပည့်ကို ကျောင်းအပ်ခဲ့ ပြီး သူက အလျင် အိန္ဒိယသို့ ကြွ၍ ဘာသန္တရပညာ သင်တော်မူ လေ၏။ ၁၂၈ဝ တွင် အရှင်အာဒိစ္စဝံသ အိန္ဒိယ၊ သီဟိုဠ်နှင့် အင်္ဂလန်သို့ ကြွတော်မူခဲ့ပြီး ဆရာတော် အရှင်သေဋ္ဌိလကား ၁၂၈၆ ခုနှစ်မှ အိန္ဒိယနိုင်ငံ ဆန္တိနိကေတံကျောင်း၌ တစ်နှစ်ခန့် သွားရောက် ပညာသင်ခွင့် ရခဲ့လေသည်။

အိန္ဒိယမှအပြန်တွင် ဗုဒ္ဓသာသနာပျံ့နှံ့ရေးအသင်း (ဗုဒ္ဓသာသ နောဒယသမိတိ) ကို တည်ထောင်ရာ၌ တက်ကြွစွာ ပါဝင်လုပ်ဆောင် တော်မူခဲ့ပါသည်။ ၁၂၉၂ (၁၉၃ဝ) တွင် သီဟိုဠ်သို့ တစ်ဖန် ကြွ တော်မူ၍ ဒွိပဒုတ္တာရာမ ခေါ် ပရင့်ကောလိပ်၌ ကျောင်းတက်ခဲ့ရ

၏။ ထိုမှတစ်ဖန် အိန္ဒိယပြည် ဗန်ဂလို၊ မဒရပ်မြို့တို့တွင် သီတင်းသုံးတော်မူ၍ ပညာအရပ်ရပ်ကို သင်ယူတော်မူခဲ့၏။ အင်္ဂလိပ်စာကို တတ်ချင်လွန်း၍ မြန်မာအသိအကျွမ်းမရှိသော ကျောင်းတို့၌သာ ရွေးချယ်နေထိုင်ခဲ့၏။

၁၉၃၈ ခု၊ ဇွန်လ (၁၃၀၀ ပြည့်နှစ်၊ ဝါဆိုလ၌) အင်္ဂလန်ပြည်၊ လန်ဒန်မြို့သို့ ဆရာတော်အရှင်သေဋ္ဌိလ ရောက်ရှိလေသည်။

(၇)

အင်္ဂလန်မြေသို့ ဆရာတော်ကြီး ခြေချမိသည်နှင့် သာသနာပြုကိစ္စများထက် ကျောင်းအရေး၊ ဆွမ်းအရေး၊ လူမှုဆက်ဆံရေးစသော အရေးတို့ တစ်မျိုးပြီးတစ်မျိုး အခက်အခဲများစွာကို ကြုံတွေ့တော်မူပါသည်။ ရေစိမ်း မြေစိမ်းဒေသ၌ မြန်မာလူမျိုးဖြစ်သော ဆရာတော်ကြီး တွေ့ကြုံရသော အခက်အခဲများကို မဖော်ပြမီ ဆရာတော်တို့ မတိုင်မီ နှစ် ၃၀ ခန့်က လန်ဒန်၌ သာသနာပြုခဲ့သော အင်္ဂလန်နိုင်ငံသား အင်္ဂလိပ်လူမျိုး၊ ဗုဒ္ဓဘာသာရဟန်းတော် ဘိက္ခုအာနန္ဒမေတ္တေယျ တွေ့ကြုံသော အခက်အခဲကို တင်ပြပါဦးမည်။ ၁၉၇၂ ခု၊ နိုဝင်ဘာထုတ် "မယ်ဒယ်ဝေး" စာစောင်တွင် ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌ မစ္စတာခရစ္စမတ်ဟာမ်ဖရေး ရေးသားသော ဘိက္ခုအာနန္ဒမေတ္တေယျအကြောင်း ဆောင်းပါးမှ ကောက်နုတ်ပြပါမည်။

"လန်ဒန်မြို့တွင် သီတင်းသုံးရာ၌ ဝိနည်းကို စောင့်ထိန်းရမည့်ဝတ္တရားမှာ အလွန်ခဲယဉ်းသည်။ ယနေ့တိုင်လည်း ခဲယဉ်းမြဲခဲယဉ်းပါသည်။ ဘိက္ခုအာနန္ဒမေတ္တေယျသည် ဤအခက်အခဲကို ရှေးဦးစွာ ရင်ဆိုင်ရသည်။ ဝိနည်းတော်အရ မြင်းလှည်းမစီးရချေ။

သို့သော် ထိုစဉ်အခါက လန်ဒန်မြို့၏ သယ်ယူပို့ဆောင်ရေး၌ မြင်းလှည်းကိုပင် အသုံးပြုနေသည်။ ဝိနည်းတော်အရ ငွေကြေးမကိုင်ရ။ ထို့ကြောင့် သွားလေရာရာ၌ ကပ္ပိယနှင့်သွားရသည်။ အရှင်မြတ်အတွက် ဘန်းအရပ်၌ သီတင်းသုံးရန် စီစဉ်ထားသည်။ ထိုဘန်းအရပ် အဆောက်အအုံတွင် ရဟန်းတော်သည် မိန်းမနှင့် ကြမ်းတစ်ပြေးတည်း နေထိုင်ခြင်းငှာ မအပ်။ အရှင်သည် ဝိနည်းစည်းကမ်းတို့ကို မကျိုးမပေါက်အောင် စောင့်ရှောက်သည်။

အင်္ဂလန်နိုင်ငံ၌ ဥပသမ္ပဒကံဆောင်နိုင်သည် မဟုတ်သောကြောင့် သံဃာတိုးပွားမှုမရှိ။ ဝိနည်းကို စောင့်ထိန်းရန် ခဲယဉ်းခြင်းကြောင့်လည်း တိုးပွားရန် ခဲယဉ်း၏။

အင်္ဂလိပ်တို့၏ စားချိန် သောက်ချိန်နှင့် ရဟန်းတို့၏ ဆွမ်းစားချိန်မတူချေ။ ရဟန်းသံဃာတို့၏ ဗြဟ္မစရိယအကျင့်ကို မျက်မှောက်အင်္ဂလိပ်လူငယ်များ မသိနားမလည်ကြချေ။

သက်န်း၊ ဆွမ်းမှစ၍ ငွေကြေးသုံးစွဲမှုအထိ အနောက်ဥရောပ အခြေအနေကိုလိုက်၍ အလျော့အတင်း ပြုရလျှင် မည်၍မည်မျှ အလျှော့ပေးရမည်ကို မည်သူတို့က ဆုံးဖြတ်ရပါမည်နည်း။

ဘိက္ခုအာနန္ဒမေတ္တေယျသည် လွန်ခဲ့သော နှစ်ပေါင်း (၅၀) ကပင် အင်္ဂလန်နိုင်ငံ၌ ဗုဒ္ဓသာသနာကို ထူထောင်ခဲ့သည်။ သို့သော် သံဃအဖွဲ့ကိုကား မဖွဲ့နိုင်။ နောင်ကာလ၌လည်း သံဃာဖွဲ့စည်းရန် ကိစ္စမှာ မအောင်မြင်ခဲ့ပေ။ ယခုနှစ်ပေါင်း (၅၀) လွန်လေသော် သံဃအဖွဲ့ကို ဖွဲ့ရန် အချိန်တန်ပြီလောဟု စဉ်းစားသင့်ကြပါပြီ။ ဤသို့စဉ်းစားလျှင် ဝိနည်းကို မည်သို့ပညတ်မည်ဟူ၍ စဉ်းစားရမည်"

ဘိက္ခုအာနန္ဒမေတ္တေယျသည် ၁၉၂၃ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။

ထိုဘိက္ခုသည် လန်ဒန်မြို့၌ ဗုဒ္ဓဘာသာကို အခြေပျိုးခဲ့သော်လည်း အောင်မြင်မှုကား မျှော်မှန်းသလောက် မရခဲ့။ အခက်အခဲများစွာကို တွေ့ကြုံခဲ့ရသည်။ ထိုအခက်အခဲတို့ကို ဆရာတော်အရှင်သေဋ္ဌိလက ဆက်လက်၍ တွန်းလှန်ဖြေရှင်းရန် ဖြစ်သည်။

ဆရာတော်သည် လန်ဒန်ရောက်လျှင် သူတို့ဓလေ့ထုံးစံကို သိနားလည်ရန်နှင့် ဗုဒ္ဓဘာသာကို ချက်ချင်းဟောကြားရန် အချိန်ယူသည့်သဘောဖြင့် ပေါလီတက္ကနစ်ခေါ် အင်္ဂလိပ်စာသင်ကျောင်း၌ အင်္ဂလိပ်စာ အရေးအသား အသံထွက် ပြောဆိုပုံများကို သင်ယူရင်း၊ လန်ဒန်မြို့၌ လုပ်နေသော ဟောပြောပွဲများ၊ တရားဆွေးနွေးပွဲများသို့ တက်ရောက် လေ့လာနေတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် လန်ဒန်သို့ရောက်ပြီး တစ်နှစ်ခန့် အကြာတွင် ဒုတိယကမ္ဘာစစ်ကြီး စတင်လေသည်။ စစ်ကြီးဖြစ်လျှင် နေထိုင်ရေး ခဲယဉ်းကာ ဆင်းရဲမည်ဖြစ်၍ ဆရာတော်ကို မြန်မာနိုင်ငံသို့ပြန်ကြွရန် အမျိုးမျိုး ကြိုးစားကြသည်။ ဆရာတော် အရှင်အာဒိစ္စဝံသကလည်း မြန်မာနိုင်ငံမှ ပြန်လည်ခေါ်ယူသည်။ သို့သော် ဆရာတော် အရှင်သေဋ္ဌိလသည် မြန်မာနိုင်ငံသို့ မပြန်၊ ဤမှာပင် သာသနာပြုလုပ်ငန်းကို လုပ်နေမည်ဟု ရဲရင့်တည်ကြည်စွာ ဆုံးဖြတ်ခဲ့သည်။ ထိုသို့ ဆုံးဖြတ်သည့်အချိန်တွင် ဆရာတော်၏ လက်တွင်း၌ ရှေ့ဆက်နေထိုင်ရန် အိမ်လခငွေပေးစရာ မရှိတော့ပေ။ ဆွမ်းစရိတ်လည်းမရှိတော့။ ဤတွင် ဆရာတော် အရှင်သေဋ္ဌိလသည်–

"ငါသည် မှန်ကန်သော ရည်ရွယ်ချက်၊
ခိုင်မာသော ခွဲလုံ့လဖြင့် မဖောက်မပြန်
လမ်းမှန်လျှောက်ခဲ့သူဖြစ်သည်။

ဤမှန်ကန်သော သစ္စာစကားကြောင့်
ဤအခြေအနေဆိုးမှ လွတ်မြောက်ပါစေသား"

ဟု သစ္စာအဓိဋ္ဌာန်ပြုလေသည်။ ထို့ပြင်လည်း "ငါသေသော်လည်း အရုံးမရှိ၊ ငါ၏ထုံးကို နှလုံးမူ၍ ငါ့လို စွန့်စားမည့်သူများ မုချပေါ်လာလိမ့်မည်။ ငါမလျှော့" ဟု ခိုင်မာသော အဓိဋ္ဌာန်ကို ချလေသည်။

ဤအခြေအနေမှာပင် ခရစ်ယာန်ဘုန်းကြီး ဂျွန်ကုတ်ဆိုသူ ရောက်လာပြီး ဆရာတော်အား သူနေထိုင်ရာ ဆမ္မားဆက်ရှေါသော ပိုင်းအရပ်ရှိ အိမ်၌ နေထိုင်စေပြီး စောင့်ရှောက်ထားခဲ့၏။ ဆရာတော်သည် စစ်အတွင်း စစ်ဘေးဒုက္ခသည်များအား သူနာပြုလုပ်ငန်းဖြင့် ကူညီစောင့်ရှောက်ခဲ့သည်။ ဗုံးကြဲနေစဉ် ဗုံးကျင်းအတွင်း အင်္ဂလိပ်လူမျိုးများနှင့် စကားစမြည်ပြောဆိုရင်း ဗုဒ္ဓဘာသာအကြောင်းကို တစ်လုံးစ နှစ်လုံးစ ထည့်သွင်းဟောပြောခြင်းဖြင့် သာသနာပြုလုပ်ငန်းကို စတင်ရလေသည်။

စစ်ဘေးဒုက္ခသည်များက မိမိတို့သည် ဘာသာရေးဆရာများ၏ စကားကို နားမထောင်လိုပါ။ လူဖြစ်ကတည်းက ဒုက္ခအမျိုးမျိုးကြုံတွေ့နေရသဖြင့် ဒုက္ခကလွတ်အောင် အမျိုးမျိုးသော ပျော်ပွဲရွှင်ပွဲများဖြင့် ဖြေသိမ့်နေရသည်။ သို့ဖြစ်၍ စိတ်တုန်လှုပ်စေရန် အဆိုးမြင်ဝါဒဖြစ်သော ဘာသာရေး စကားများကို နားမထောင်လိုကြောင်း ပြောကြရာ ဆရာတော်ကြီးက–

"မိတ်ဆွေတို့ မိတ်ဆွေတို့ပြောတာ အကုန်မမှန်ဘူး ၊ အခြားဘာသာတွေကို မပြောလိုဘူး၊ တို့ဗုဒ္ဓဘာသာမှာ အဆိုးမြင်သင်ပြတာ မရှိဘူး။ အမှန်ကိုမြင်အောင် အလင်းရောင်ထိုးပြတာ။ သင်တို့

ပြောသလို ပျော်သလိုနေရအောင် ကိုယ်ပင်ပန်း စိတ်ပင်ပန်းတာတွေ မရေတွက်ဘဲ ပျော်စရာလိုက်ရှာကြတာ တွေ့ကောတွေ့ရဲ့လား၊ တွေ့ပြီဆိုပါတော့၊ ဘယ်လောက်ကြာကြာ ပျော်လိုက်ရပါသလဲ"

စသည်စသည်ဖြင့် တဖြည်းဖြည်းချင်း ဟောပြောရပါသည်။ ဗုဒ္ဓ၏ မဇ္ဈိမပဋိပဒါ လမ်းစဉ်ဖြစ်သော အလယ်အလတ် လမ်းစဉ် အကြောင်း ဟောပြောရာတွင် လုပ်ဖော်ကိုင်ဘက် သူနာပြုအဖွဲ့ထဲမှ တစ်ဦးက–

"အရှင်ဘုရား အလယ်အလတ်လမ်းစဉ်ဆိုတာ မဖြစ်နိုင်ဘူး၊ လမ်းလယ်ပေါ်မှာ အရှင်ဘုရား သွားနေရင် ကားတိုက်ခံရမှာပေါ့"

ဟု ရယ်မောသလို လှောင်သလို မယုံသလို ပြောဆိုခြင်းကို လည်း ခံရပါ၏။ ထိုအခါ–

"ငါ့ညီ၊ မင်း အဓိပ္ပာယ်ကောက်လွဲနေပြီ၊ လမ်းပေါ်မှာ သွား နေတုန်း အလယ်လိုက်ရမယ်ဆိုတာလည်း ဟိုဘက်ဒီဘက် အစွန်း အနားကို ရှောင်ပြီး ဘေးကင်းတဲ့လမ်းမကြီးက သွားပါလို့ အဓိပ္ပာယ် ကောက်ရမယ်၊ ဗုဒ္ဓညွှန်ပြတဲ့ အလယ်လမ်းဆိုတာက စိတ်ကို ပေါက်လွှတ်ထားတဲ့ ကာမချမ်းသာလည်း မလိုက်နဲ့၊ အယူသည်း အစွဲအလမ်းကြီးတဲ့ အကျင့်လည်း မလိုက်နဲ့၊ မျှမျှတတ ချိန်ချိန် ဆဆ ဉာဏ်နဲ့ ယှဉ်ပြီး ကျင့်သုံးပါလို့ ဆိုလိုပါတယ်"

စသည်ဖြင့် ရှင်းရ လင်းရပါသည်။ ဗုဒ္ဓဘာသာကို လက်မခံ လိုသူများက ပြက်ရယ်ပြုကြသည်။ ကြုံ၍နားထောင်မိသူတို့ကလည်း မဆီမဆိုင်မေးခွန်းများ မေးကြသည်။ စိတ်အေးအေးထား၍ သည်းခံ မှုအပြည့်ဖြင့် ဖြေရှင်းသမှု ပြုခဲ့ရသည်။ သရော်မော်ကား ရိုင်းပျ သော စကားများကို မေတ္တာရှေးရှု၍ အချက်ကျကျ ဟောပြောချေ

ပခဲ့ရသည်။

ထိုစဉ်က နန်းရင်းဝန်ကြီး ချာချီ၏ နှမဝမ်းကွဲတော်သူ မစ္စက်ကလျာရာရစ်ဒင်ဆိုသူ အမျိုးသမီး စာရေးဆရာမသည် သူနာပြု စခန်းများသို့ လာရောက်လေ့လာပြီး စာအုပ်ရေးသားရာတွင် ဆရာ တော်ကြီး အရှင်သေဋ္ဌိလအကြောင်းကို တခမ်းတနား ချီးကျူးရေးသား ထားသည်။ သူနာပြုများကို ဝတ္တရားကျေ မဟုတ်ဘဲ ကိုယ်ဖိ ရင်ဖိ စိတ်ပါလက်ပါ ပြုစုခြင်းမှာ သူနာပြုကိုယ်တော်၏ ဗုဒ္ဓဘာသာ စိတ် ဓာတ် အရင်းခံကြောင့်ပင်ဖြစ်ကြောင်း အကျယ်တဝင့်ရေးသားခဲ့၏။

(၈)

ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းသည် တစ်စတစ်စ အောင်မြင်လာ၏။ ထိုစဉ်က မစ္စတာခရစ္စမတ်ဟမ်ဖရေးတို့၏ လန်ဒန် ဗုဒ္ဓဘာသာအသင်း၌ပင် ပေးလှူသမျှနှင့် ကျေနပ်ကာ ဓမ္မကထိက လုပ်နေရသောအဖြစ်ကို ဆရာတော်ကြီးက–

“ငါ့မလည်း ဗုဒ္ဓတရားတော်တွေကို ဟောပြောနေရပေမယ့် ကျောထောက်နောက်ခံ တစ်ဦးတလေမှ မရှိတော့ ပါသနာနဲ့ သဒ္ဓါတရား ရှိလို့ လုပ်သာလုပ်နေရတယ် လခပုံမှန်ရတာ မဟုတ်တဲ့ အတွက် အခက်အခဲကလေးတွေ ရှိတန်သလောက် ရှိတယ်၊ အသင်း ဥက္ကဋ္ဌ မစ္စတာဟမ်ဖရေးရဲ့ လက်အောက်မှာ အဖိုးစားနာဆိုပြီး အခနဲ့ အလုပ်လုပ်သလို တရားဟောရတယ်၊ တရားဟောပြန်လာတော့ ၁–ဂီနီ (၂၁ သျှီလင်) တစ်ပေါင်သာသာလောက်ရတယ်၊ တရားပွဲ လာဖိတ်သူဟာ အသင်းဥက္ကဋ္ဌနဲ့သာ ဆက်သွယ်ရတယ်”ဟု အမိန့် ရှိပါသည်။

(ထေရုပ္ပတ္တိ၊ နှာ – ၁၂၆)

လူ့တစ်ဖက် လူ့နှစ်ဖက် တိုင်လုံးကြီးများဖြင့် အမွမ်းအပြောက်များ ချယ်လှယ်ကာ ကျောင်းကြီး ကျောင်းကောင်းတွေ ဆောက်လုပ်လှူဒါန်းသည့် အလေ့ရှိသော မြန်မာနိုင်ငံမှ သာသနာပြုထွက်ခဲ့ရသော ဆရာတော်ကြီးအဖို့ မြန်မာနိုင်ငံမှာသာဆိုလျှင် ဒါနတရား တစ်ပုဒ်နှစ်ပုဒ်နှင့်ပင် မိုးထိမြင့်မား ကျောင်းကြီးတစ်ဆောင် အလှူခံရနိုင်သော်လည်း အင်္ဂလန်နိုင်ငံ အဖို့မှာကား ဒါနတရားကို ဟောသာဟောရမည်၊ လှူမည့်သူက ပေါ်လာမည်မဟုတ်။ ထို့ပြင်လည်း "ကိုယ်တော်သိပ်ရိုးဘာပဲ၊ ကိုယ်တော်တို့ မြန်မာနိုင်ငံမှာ ကျောင်းတွေလှူကြသလား၊ အဲဒီလို လှူတဲ့လူတွေရော ကိုယ်တော် အခုဟောတဲ့ တရားထဲမှာလို ရွှေတုံးကြီးတွေ ရကြသလား၊ ပြောပြစမ်းပါ ကိုယ်တော်" တဲ့။ ဒါနစွမ်းအားအကြောင်း ဘာမှမဟောရ။

ထို့ကြောင့်ပင် အီတာလျံဘုန်းကြီး ဦးလောကနာထသည် နိုင်ငံတကာ ရောက်ဖူးသည်ဖြစ်၍ မြန်မာလူမျိုးတို့၏ ဒါနအင်အားကို သိရှိလေရာ ဆရာတော်ကြီးအား "ဒါနတစ်ခုတည်းနဲ့သာ နိဗ္ဗာန်ရောက်မယ်ဆိုရင် မြန်မာလူမျိုးတွေ အကုန် နိဗ္ဗာန်ရကြမှာပဲ" ဟု မိန့်ကြားဖူးလေသည်။ သို့ပါ၍ ဒါနနည်းသော ထိုအနောက်နိုင်ငံ၌ သံဃာတော်တို့အဖို့ အဘယ်သို့ ရပ်တည်နိုင်ပါမည်နည်း။

ဆရာတော်ကြီးသည် မည်သို့ အနေဆင်းရဲ၊ အစားဆင်းရဲစေကာမူ မိမိရည်မှန်းထားသော သာသနာပြုလုပ်ငန်းကို ခွဲလုံ့လနှင့် ကြိုးစား လုပ်ဆောင်တော်မူရာ အမြဲတမ်း နာယူသော တရားနာပရိသတ် ရလာ၏။ ထိုမှတစ်ဆင့် အခြေခံဗုဒ္ဓဘာသာ အကြောင်းသင်တန်း၊ ထိုမှ နိကာယ်ပိဋကတ် ကျမ်းကြီးကို ဖတ်၍ ရှင်းပြရသော သင်တန်း၊ အဘိဓမ္မာသင်တန်း၊ အခြေခံပါဠိသင်တန်း၊ ထိုမှ

တစ်ဆင့် သင်္ဂြိုဟ်စာမေးပွဲ ဝိပဿနာ ကမ္မဋ္ဌာန်းသင်တန်း၊ ဓမ္မပဒသင်တန်း၊ တစ်ဆင့်ပြီးတစ်ဆင့် တစ်မျိုးပြီးတစ်မျိုး သင်တန်းတွေ ပြုလုပ်သည်။ သင်တန်းပေါင်း (၂၀၀) ကျော် ရလာသည်။ တက္ကသိုလ်များက ကထိကများ၊ ခရစ်ယာန်ဘုန်းတော်ကြီးများ၊ လူကြီးလူကောင်းများ၊ ခေတ်ပညာတတ်လူငယ်များကို ဆရာတော်ကြီး၏ ဟောပြောပွဲများ၌ တွေ့မြင်ရလေသည်။

ဆရာတော်ကြီးသည် လန်ဒန်၌ တရားဟောပြောပွဲများစွာကို ပြုလုပ်ခဲ့သော်လည်း ကက်စတန်ခန်းမ၌ ပြုလုပ်သော တရားပွဲကြီးသည်ကား ခက်ခဲနက်နဲသော တရားပွဲ တစ်ပွဲပါပေ။ ထိုတရားပွဲတွင် ဘာသာရေးပုဂ္ဂိုလ်ကြီး (၄) ဦးကို ပင့်ဖိတ်၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်သည့်ဘာသာ၏ အဆုံးအမနည်းနာဖြင့် ရနိုင်ပါမည်နည်းဟူသော အချက်ကို ရှင်းလင်းဟောပြောစေ၏။ ထိုနေ့ တရားပွဲတွင် ခရစ်ယာန်ဂိုဏ်းမှ ပုဂ္ဂိုလ်ကြီးများ တက်ရောက်ကြ၏။ အခြားဘာသာတို့မှလည်း ထိပ်တန်းပုဂ္ဂိုလ်များ တက်ရောက်ကြ၏။ လာရောက် နားထောင်သူများမှာလည်း ဂုဏ်သရေရှိ လူကြီးလူကောင်း ပညာတတ်များသာ ဖြစ်၏။ မိမိဘာသာဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးရကြောင်းကို ဟောပြောရမည်။ ယှဉ်ပြော်ဖို့မှာ လူသူလေးပါးလေးစားမည့် အင်္ဂလိပ်အပြောအဆို အသံထွက် အသုံးအနှုန်းကပင် အလွန်အရေးပါနေ၏။ အကြောင်းအရာ တင်ပြပုံ အရေးကြီးလှမည်ကိုမူကား ဆိုဖွယ်ရာမရှိ။ ဤသို့သော ပွဲကြီး၌ ဆရာတော်ကြီးသည် ဗုဒ္ဓ၏ အဆုံးအမနည်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည့်အကြောင်း ရဲဝံ့ပြတ်သားစွာ ဟောကြားခဲ့သည်။ ပရိသတ်အများကလည်း လက်ခံကြ၏။ တရားဟောရကျိုးနပ်ခဲ့၏။ ဗုဒ္ဓ

ဘာသာကို လန်ဒန်ပရိသတ် ကောင်းကောင်းသိသွားခဲ့ကြသည်။ ဗုဒ္ဓဘာသာအတွက် ထိုအချိန်က ပုဂ္ဂိုလ်တစ်ဦးဦးမှ မရပ်တည်လျှင် ဖြစ်စေ၊ ရပ်တည်ဦးတော့ ဗုဒ္ဓဘာသာအကြောင်း ကောင်းကောင်း နားမလည်သူတစ်ဦးက ဖြစ်စေ၊ သို့မဟုတ် အခြားနိုင်ငံသားတစ်ဦး က ဖြစ်စေ ရပ်တည်ပါမူကား မှားလည်း မှားမှားယွင်းယွင်း တင်ပြ နိုင်သည်။ မြန်မာလူမျိုး ထေရဝါဒ ဗုဒ္ဓဘာသာဂုဏ်လည်း ပေါ်လာ မည်မဟုတ်။ ယခုမူ ဆရာတော်ကြီး ရပ်တည်လိုက်သဖြင့် မြန်မာ လူမျိုးဂုဏ်လည်း ပေါ်လာသည်။ ထေရဝါဒ ဗုဒ္ဓဘာသာမှုလည်း လူသိထင်ရှား ဖြစ်ခဲ့ရသည်။

ထိုစဉ်က ဆရာတော်ကြီး အခန်းငှားနေရသော အိမ်ရှင် မစ္စစ်ပရစ်ချတ်က ဆရာတော်အား အခကြေးငွေရ၍သာ အခန်းငှား ထားရသော်လည်း အထင်မကြီးလှ။ အထင်အတော်သေးနေသည်။ "အလုပ်မရှိ အကိုင်မရှိဘဲ အရှေ့နိုင်ငံသား တစ်ယောက်အဖို့ ဓလေ့ ထုံးစံမတူတဲ့၊ ရာသီဥတု အနေအထားမတူတဲ့ အနောက်နိုင်ငံမှာ ဘာရည်ရွယ်ချက်ရှိလို့ လာနေတာလဲ" ဟူသော မေးခွန်းမျိုး မေးကာ ဆရာတော်ကြီးအား အချိန်ဖြုန်းနေသော လူပိုစာရင်းသွင်း ထားသူ ဖြစ်သည်။

ထိုအခါ ဆရာတော်ကြီးက မစ္စစ်ပရစ်ချတ်အား "ဗုဒ္ဓဓမ္မကို ဖြန့်ဖြူးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီကို ငါလာခဲ့တာ၊ ဒီအလုပ် အောင်မှ ငါပြန်မယ်"ဟု ဖြေကြားရာမစ္စစ်ပရစ်ချတ်က "အရှေ့တိုင်း သားများထံမှ ကျွန်မတို့ ဘာမှသင်စရာမရှိဘူး" ဟု နှိမ်နယ် ပြောဆိုခဲ့၏။ ဆရာတော်ကြီးက "ငါ သင်တန်းပေးတဲ့ နေရာလိုက် ကြည့်" ဟု ပြော၍ လိုက်ကြည့်ရာ ပညာတတ် ပရိသတ် ၄၀၊ ၅၀

ကို ဆရာတော်ကြီး ဟောကြားရှင်းပြသည်ကို မြင်ရာ သာမန် အခြေခံပညာ စံမမီသော အင်္ဂလိပ်စကားမျိုးဖြင့် မရှင်းပြနိုင်ဟု သဘောပေါက်ပြီး နောင်တွင် လေးလေးစားစား ဆက်ဆံခဲ့၏။

ဤသည်တို့မှာ ပြည်ပ၌ဖြစ်နေသော အခြေအနေဖြစ်၏။ ဆရာတော် ပြည်ပသို့ သာသနာပြုလုပ်ငန်း လုပ်ဆောင်နေခိုက်တွင် ပြည်တွင်းဘက်ကရော ကိုယ့်နိုင်ငံသား ရဟန်းတော်တစ်ပါး စွန့်စွန့် စားစား သာသနာပြုနေပါကလားဟု ထောက်ဆကာ ချီးကျူးထောက် ပံ့လှူဒါန်းမည့်သူ မရှိခဲ့ပါ။ ပြည်ပမှာ ပျက်စီးနေပြီဟု အဓမ္မနာပ ကဲ့ရဲ့ ရေးသားပြောဆိုစွပ်စွဲ၍ သတင်းစာတစ်စောင်ကပင် ရေးသားခဲ့ ၏။ ဘိလပ်၌ ပညာသင်လာသူများက ဆရာတော်ကြီး၏ အနေအထိုင် အပြောအဟောနှင့် အကျင့်သီလ၊ ထိုမျှမက စွမ်းဆောင်နေသော သာသနာပြုလုပ်ငန်းတို့ကို ကိုယ်တိုင်မျက်မြင် တွေ့ကြရ၍ မြန်မာ နိုင်ငံသို့ ပြန်ရောက်သောအခါ ချေပရေးသားကြရပြန်၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ အင်္ဂလန်နိုင်ငံ၌ သံရုံးဖွင့် တော့မှပင် သံအမတ်ကြီး အမ် အေ ဦးမောင်ကြီး၊ သံအမတ်ကြီး အိုင်စီအက် ဦးကာစိ၊ ဦးထွန်းလှအောင်နှင့် သခင်လှုမင်း စသော ဒကာများ၏ အကူအညီ အထောက်အပံ့ဖြင့် သာသနာပြုလုပ်ငန်း ကို အောင်အောင်မြင်မြင် လုပ်ကိုင်လာနိုင်၏။

ထိုအချိန်မှာ အင်္ဂလန်နိုင်ငံ၌ လန်ဒန် ပါဠိကျမ်းစာ အသင်း ကြီး၏ ဆောင်ရွက်မှုဖြင့် ပါဠိကျမ်းစာများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသား ထုတ်ဝေနေကြသော်လည်း အယူအဆပိုင်း အနေနှင့် အနည်းနှင့်အများ လွဲမှားနေကြသေးသည်သာ ဖြစ်၏။ ဥပမာပြရ လျှင် လန်ဒန် ပါဠိကျမ်းစာအသင်းကြီး၏ ဝါရင့် ပါဠိပညာရှင်

လန်ဒန်ဒေဝီကိုယ်တိုင် ယမိုက်ကျမ်းကို တည်းဖြတ်သည်။ သဂြိုဟ်ကို ဘာသာပြန်သည်။ ဓမ္မသင်္ဂဏီကို ဘာသာပြန်သည်။ ဤသို့ အဘိဓမ္မာကျမ်းကြီးများကို ကိုင်တွယ်ပြုစုနေသော်လည်း ဘုရားရှင်သည် အတ္တကို လက်ခံဟောကြားခဲ့သည်ဟု ယုံကြည်နေသေးသည်။ အတ္တအယူတွင် လန်ဒန်ပါဠိဒေဝီ ရှင်းရှင်းနားမလည်။ သို့ဖြစ်၍ ဆရာတော်ကြီးနှင့် တွေ့စဉ်က လန်ဒန်ဒေဝီက "အရှေ့နိုင်ငံသားတွေဟာ ဘုရားဟောတဲ့ အနတ္တကို ကောင်းကောင်း သဘောမပေါက်ကြဘူး၊ အနတ္တဆိုတာ ရုပ် နာမ်ကိုသာ ပြောတာ၊ လူရဲ့ နဂိုအတ္တကို ပြောတာ မဟုတ်ဘူး"ဟု ပြောပြကြောင်း ဆရာတော်ကြီးက အမိန့်ရှိတော်မူဖူးပါသည်။

အမြင်အယူအဆ မစင်ကြယ်သော အင်္ဂလိပ်လူမျိုး ပါဠိပညာရှင် လောကကို ဆရာတော်သည် ထေရဝါဒ ဗုဒ္ဓဘာသာကို စစ်စစ်မှန်မှန် နည်းလမ်းတကျ သင်ကြားပို့ချပေးခြင်းဖြင့် အပြောင်းအလဲကြီး ပြောင်းလဲစေခဲ့သည်။ ဆရာတော်ကြီး၏ တပည့်မစ္စတာအီဂလ်ဒင်ဆိုလျှင် သဂြိုဟ်ကျမ်းကိုပင် ထေရဝါဒမူအတိုင်း အင်္ဂလိပ်လို ပြန်ဆိုရေးသားခဲ့၏။

၁၉၅၂ ခုနှစ်၌ ဆရာတော်ကြီးအား ရန်ကုန် ယူနီဗာစီတီ၌ အဘိဓမ္မာကထိကလုပ်ရန် ပင့်လျှောက်လာသဖြင့် လန်ဒန်၌ သာသနာပြု လုပ်ငန်းကို တစ်စခန်းသတ်ကာ အမိနိုင်ငံ၌ သာသနာပြုလုပ်ငန်းကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ခဲ့ရပြန်ပါသည်။

၁၉၅၄ ခုနှစ်တွင် ဆရာတော်ကြီးအား ဩစတြေးလျမှ ပင့်ဆောင်သဖြင့် ဩစတြေးလျနိုင်ငံသို့ ကြွ၍ သာသနာပြုရပါသည်။ ဩစတြေးလျ၌ ဆရာတော်ကြီး သာသနာပြုခန်းကို ရေးပါက

ကျမ်းတစ်စောင် ပေတစ်ဖွဲ့ ဖြစ်နိုင်ပါသည်။ အကြောင်းမှာ ကမ္ဘာမြေ စတင်ပေါ်ထွန်းသည်မှစ၍ ထို ၁၉၅၄ ခုနှစ်အထိ သံဃာရတနာသည် ဩစတြေးလျ၌ မရှိခဲ့ဖူးပေ။ ဩစတြေးလျတို့သည် ဓမ္မစာပေဖတ်၍သာနေခဲ့ရ၍ သူတို့မှာ ဖြစ်နေသော မရှင်းမလင်းသည့် အချက်တို့ကို ရှင်းပြနိုင်မည့် ပုဂ္ဂိုလ် (တစ်နည်း) သံဃာတော်တစ်ပါးကို တွေ့ဖူးလိုလှသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ ဗုဒ္ဓသာသနအဖွဲ့အား အကူအညီတောင်း၍ သံဃာတော်တစ်ပါးကို ပင့်ဆောင်ခြင်း ဖြစ်သည်။

ဆရာတော်ကြီး ဩစတြေးလျနိုင်ငံ လေဆိပ်ရောက်သည်နှင့် "ဘာကြောင့် ဒီလိုအဝါကြီး ခြုံလာပါသလဲ၊ ဘာကြောင့် ဆံပင်မထားတာလဲ"မှစ၍ သံဃာမမြင်ဖူးသည့်အလျောက် မေးကြ၊ မြန်းကြသည်မှာအစုံပါပေ။

(၉)

ဆရာတော်ကြီးသည် အဘိဓမ္မာပိဋကဝိဘင်း ကျမ်းကြီးကို ဘာသာပြန်နိုင်ခဲ့ပုံကိုလည်း ကမ္ဘာ့ဗုဒ္ဓသာသနာပြုလုပ်ငန်း၏ အရေးပါလှသော မော်ကွန်းတိုင်ကြီးအဖြစ် မှတ်တမ်းတင်ကြရပါသည်။

ဝိဘင်းကျမ်းကြီးကို ရေးနိုင်ဖို့မှာ အလွန်ခဲယဉ်းလှ၍ နှစ်ပေါင်းများစွာကပင် လက်လျှော့ထားရသော ပိဋကတ်ကျမ်းကြီး ဖြစ်သည်။ အယူအဆပိုင်း ခက်ခဲသည်နှင့်အမျှ ရေးသားတင်ပြရမှုမှာလည်း အလွန်ခဲယဉ်းလှကြောင်း ရေးဖွယ်မလိုပေ။ ၁၉၆၄ ခုနှစ်တွင် ဆရာတော်ကြီးသည် အင်္ဂလန်သို့ ကြွ၍ မစ္စတာအီဂလ်ဒင်တို့ ပြုစုလုပ်ကျွေးမှုကို ခံယူကာ ဝိဘင်းကျမ်းကို ပြုစုရေးသားတော်မူခဲ့

ပါသည်။ ထိုဘာသာပြန်မှုကို ပါဠိပညာရှင်များက အကဲဖြတ်ရာတွင် မူရင်းပါဠိတော်စကားလုံးများနှင့် ဟပ်မိသော အင်္ဂလိပ်ဝေါဟာရများကို သုံးစွဲထားသည်။ တစ်ကျမ်းလုံး၌ စာရေးသူ လက်တွေ့သော နေရာ၌သာ ကွက်၍ ကောင်းခြင်းမျိုး မဟုတ်ဘဲ တစ်ကျမ်းလုံး နေရာအပြည့် အကောင်းချည်းသာ ညီညီညာညာရှိနေသည် ... စသည်ဖြင့် ရေးသားဝေဖန်ထားကြသည်။ ဤကျမ်းကြီး ရေးသားပြုစုခြင်းနှင့် စပ်လျဉ်း၍ ဆရာတော်ကြီးအား ပါဠိကျမ်းစာအသင်းကြီးမှ မည်သို့ ဉာဏ်ပူဇော်ခြင်းမျိုး ပြုလုပ်ပါသနည်းဟု မေးလျှောက်ကြည့်ရာ ဆရာတော်ကြီးက–

"ဒီဝိဘင်းစာအုပ်ကြီး ပုံနှိပ်ပြီးတော့ ဘုန်းကြီးထံကို စာအုပ် (၂) အုပ် ပို့လိုက်ပါတယ်၊ ဒါပါပဲ"

ဟု အမိန့်ရှိပါသည်။ နောက်ထပ် ချီးမြှင့်မှုရှိမရှိ စသည်ဖြင့် မေးလျှောက်ပြန်ရာ–

"ဒါက ဘုန်းကြီးတို့ရဲ့ အလုပ်ဝတ္တရားပဲ၊ ဘုန်းကြီးရဲ့ တာဝန်ပဲ၊ ဘုန်းကြီးတို့ သံဃာဆိုတာ ဒီစာမျိုး ရေးရမယ်၊ ဟောရမယ်။ ဘာရမှရေးမယ်၊ ဟောမယ်လို့ ဘယ်ရှိမလဲ။ သူတို့ လန်ဒန်အသင်းကလည်း ဒါဟာ ရဟန်းတစ်ပါးက သူ့တာဝန်ကို သူ ထမ်းဆောင်တာဖြစ်လို့ ဘာမှထပ်ပြီး ဖြည့်စွက်စရာမလိုဘူးလို့ ယူဆတယ်။ ဘုန်းကြီးကလည်း ကိုယ့်တာဝန် ကိုယ့်ဝတ္တရား ဆောင်ရွက်တာဖြစ်လို့ သူတို့ထံမှ ဘာမှ မမျှော်လင့်ပါဘူး"

ဟု အမိန့်ရှိရာ ကျမ်းပြုနိုင်သော အစွမ်းသတ္တိ ဂုဏ်ရည်ကို လေးစားကြည်ညိုရရုံမက ထိုကျမ်းပြုစုသော ရင်ရွယ်ချက်ကိုပါ သိရသောအခါ ဆရာတော်ဘုရားကြီး၏ သာသနာပြုစိတ်ဓာတ်ကိုပါ

သိရှိကာ ကြည်ညိုမှု ပိုကဲရပြန်ပါသည်။

## (၁၀)

ဆရာတော်ဘုရားကြီး၏ သာသနာပြုစိတ်ထား တစ်ရပ်ကို ဆက်လက်တင်ပြပါဦးမည်။

၁၉၄၈ ခု လွတ်လပ်ရေးရစ အခါလောက်က ဖြစ်ပါသည်။ ဒေါ်မြစိန်က လန်ဒန်မြို့ပေါ်တွင် "တို့မြန်မာသစ်" ထမင်းဆိုင် လာရောက်ဖွင့်လှစ် ရောင်းချသည်။ ဆရာတော်ကြီးနှင့် ဒေါ်မြစိန် သည် ဆရာဒကာရင်း ဖြစ်ကြသည်။ ဒေါ်မြစိန်ကလည်း ဆရာတော် ကြီးကို ဆရာဒကာရင်း စိတ်ထားဖြင့် လျှောက်ထားစရာရှိက မခွင်းမချန် လျှောက်ထားတတ်သည်။ တစ်ခါတွင် ဒေါ်မြစိန်ထံသို့ အာဖရိကမှ စိန်တွင်းပိုင်ရှင် စော်ဘွားတစ်ဦး၏ သမီးက ဆရာတော် ကြီးအား ရဟန်းမှန်းမသိသဖြင့် ဒေါ်မြစိန်ကို မိတ်ဆက်ပေးဖို့ ပြော ၏။ ဒေါ်မြစိန်ကလည်း ဆရာတော်အား မဝံ့မရဲဖြင့် ထိုမင်းသမီး က မိတ်ဆက်လိုကြောင်း လျှောက်ထားရာ ဆရာတော်ကြီးက "ဟာ - ဘယ့်နှယ့် တောက်တီးတောက်တဲ့ သာသနာပြုဘုန်းကြီး ကို မိတ်ဆက်ချင်တယ်လို့"ဟု ချက်ချင်း ငြင်းဆန်တုံ့ပြန်လိုက်ပါသည်။

ဆရာတော်ကြီးသည် ထိုစဉ်က သက်တော်မှာ ၄၀ ကျော် ရှိ သေးသဖြင့် အင်္ဂလန်နိုင်ငံမှာ အမျိုးသမီး အမျိုးသားတို့ နေထိုင်မှု မှာ မြန်မာနိုင်ငံနှင့် မတူညီလေရာ မိမိကိုယ်ကိုမိမိ အလွန်ထိန်းသိမ်း ရလေသည်။ သူတို့ကလည်း သံဃာမှန်းမသိဘဲ သံဃာမည်သည် မာတုကာမနှင့် မသက်ဆိုင်မှန်းလည်း မသိ။ သူတို့က မသိလေ ကိုယ့်ဘက်မှာ စောင့်စည်းရမှု ကြီးမားလေ ဖြစ်သည်။

ထိုဖြစ်ရပ်နှင့် စပ်၍ ဆရာတော် အမိန့်ရှိဖူးသည်မှာ–

"ဒေါ်မြစိန် ဒီလိုလာပြောတော့ရုတ်တရက်တော့ တွေသွားတယ်။ ဒါပေမယ့် နှစ်ရှည်လများ ထိန်းသိမ်းလာတဲ့ ရင်ထဲမှာကိန်းလာတဲ့ သာသနာပြု စိတ်ဓာတ်ကလေးဟာ တည့်တည်ငြိမ်ငြိမ် ပေါ်လာတယ်၊ 'ဥဋ္ဌာရဗ္ဘာသယာနံ နိသမ္မကာရိနံ ပယောသမ္မတ္တိနာမ မနာပါယောဂဟောတိ' တဲ့။ အနုဋီကာဆရာရဲ့ သြဝါဒအဓိပ္ပာယ်ကတော့ လူတစ်ယောက်ဟာ မြင့်မြတ်တဲ့ စိတ်နေစိတ်ထားလည်းရှိမယ်၊ စဉ်းစဉ်းစားစားလည်း လုပ်တတ်မယ်၊ လုပ်ပုံကိုင်ပုံလည်း မှန်မယ်ဆိုရင် နှစ်သက်ဖွယ် ကောင်းလှပါတယ်တဲ့။

(က) မြင့်မြတ်တဲ့ စိတ်နေစိတ်ထားဆိုတာ ကိုယ်နဲ့ မတန်တာ မလုပ်သင့်တာကို စိတ်မကူးဘဲ ကိုယ်ရော သူရော အကျိုးရှိမယ့် အလုပ်၊ အများကောင်းကျိုးဆောင်မယ့် အလုပ်ကိုသာ လုပ်ဖို့ စိတ်ကူးတာမျိုး။

(ခ) စဉ်းစဉ်းစားစားလုပ် ဆိုတာကလည်း ထင်ရှားတယ်။ ဟူးဟူးဒိုင်းဒိုင်း မလုပ်ဘဲ တော်မတော် သင့်မသင့် အဖန်ဖန်တွေး အဘက်ဘက်က တွေးပြီးမှ လုပ်တာမျိုး။

(ဂ) စိတ်ကောင်း စိတ်မြတ်ရှိတယ်ထား၊ တွေးတွေးဆဆလုပ်တတ်တယ်ထား၊ လုပ်ပုံလုပ်နည်း မမှန်ရင် မကောင်းတော့ဘူး။

ဒီလို တွက်ကိန်းချပြီး စဉ်းစားကြည့်လိုက်တော့ ဒေါ်မြစိန်နဲ့ အဲဒီအကြောင်း စကားစပ်ပြောမိတာကလေးတောင် ရက်သွားတယ်၊ ဒါကြောင့် နောက်တစ်နေ့ ဒေါ်မြစိန်ကို အကျိုးအကြောင်း ပြောပြရတယ်။

"ငါဟာ သာသနာပြုပဲဆိုတာ စိတ်ထဲမှာ ဘယ်တော့မှ

ပျောက်မသွားဘူး၊ မပျောက်ရအောင်လည်း အမြဲနှိုးဆော်ထားတယ်၊ အထွတ်အထိပ်သို့ ရောက်လိုစိတ်နဲ့ အားထုတ်နေတုန်းမို့ အသက်ငယ်တဲ့ အပိုင်းတုန်းကလည်း ဒီလိုယိမ်းယိုင်တဲ့စိတ်မျိုးတွေ အဝင်မခံဘူး၊ အသက်ကြီးလာတဲ့အပိုင်းမှာတော့ ဒီလိုသေးသိမ်တဲ့ စိတ်မျိုးတွေဟာ ငါလုပ်နေတဲ့ သာသနာပြုလုပ်ငန်းနဲ့ မတော်ဘူးလို့ ဖယ်ရှားတယ်၊ သာသနာကို အမည်းကွက်ထင်စေမယ့် အနေအထိုင်မျိုး မဖြစ်စေရဘူးဆိုတဲ့စိတ်က အမြဲတမ်း သတိရှိဖို့ အားပေးနှိုးဆော်နေတယ်"။

(၁၁)

ကျေးဇူးရှင် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်ဘုရားကြီးသည် သက်တော် (၁၃) နှစ်အရွယ်ကပင် ရှင်သာမဏေဝတ်ဖြင့် သာသနာ့ဘောင်အတွင်း ရောက်ရှိတော်မူရာ ယခု သက်တော် (၉၄) နှစ်ရှိပြီဖြစ်၍ သာသနာတွင်း၌ အနှစ် (၈၀) တိုင် သီတင်းသုံးတော်မူခဲ့ပြီ ဖြစ်ပါသည်။ ထိုအနှစ် (၈၀) သာသနာ့ဘဝခရီး၌ ကမ္ဘာ့သာသနာပြုလုပ်ငန်းကိုကား အနှစ် (၅၀) ကျော် ဆောင်ရွက်တော်မူပြီး ဖြစ်ပါသည်။ ထိုဆောင်ရွက်တော်မူသမျှမှာလည်း မူလရည်ရွယ်မျှော်မှန်းတော်မူချက်အတိုင်း ထမြောက်အောင်မြင်တော်မူခဲ့ပါသည်။

ရှင်ဘဝကပင် ပဋ္ဌမကျော် ဦးဉာဏလို ပါဠိတတ်လို၊ အင်္ဂလိပ်စာတတ်လို၊ အင်္ဂလိပ်ဘာသာဖြင့် ကျမ်းပြုလို၊ ကမ္ဘာ့သာသနာပြုလုပ်လိုသော ရည်ရွယ်ချက်အတိုင်း ပါဠိလိုမှာလည်း အခေါက်အမြောက်တတ်ခဲ့ပါပြီ၊ အင်္ဂလိပ်လိုမှာလည်း ဝိဘင်းကျမ်းကြီးပြုစုပြီး သက်သေထူပါပြီ။ ကမ္ဘာ့ဗုဒ္ဓသာသနာပြုလုပ်ငန်းတွင်ကား ဆရာ

တော်ဘုရားကြီးသည်သာလျှင် ရေ့ဆောင်ရေ့ဦး မာလိန်မှူးကြီး သဖွယ် လမ်းထွင် ဖွဲ့တည်ခဲ့သည် မဟုတ်ပါလော

**ဤမျှသော ဂုဏထောမနာ စာတမ်းလွှာဖြင့်ပင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ ပညာဂုဏ်၊ သမာဓိဂုဏ်တို့ကို အစဉ်ရိုသေဦးခိုက် ပူဇော်အပ်ပါသည် ဘုရား။**

တပည့် ဒကာ အောင်မွန်
(အကျိုးဆောင် အခါတော်)

ကောဇာ ၁၃၅၁ ခု၊
ခရစ် ၁၉၉၀ ပြည့်၊

❋

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းတိုက်ခန်းမ၌

အရှင်သေဋ္ဌိလ

ဟောကြားတော်မူသော

# လက်တွေ့အသုံးချ အဘိဓမ္မာတရားတော်

ပထမနေ့

(၁၉၈၄ ခု၊ ဒီဇင်ဘာလ ၂၂ ရက်)

- အသုံးချအဘိဓမ္မာ
- အနောက်နိုင်ငံသားတို့ အယူအဆ
- ညောင်စေ့လောက်လျှရင်
- သက်သေပြပါဘုရား
- အဘိဓမ္မာသင်ရပုံ
- စိတ်ဆိုတာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## လက်တွေ့အသုံးချနိုင်တဲ့ တရားတော်

ကနေ့ ဘုန်းကြီး ဟောကြားမယ့် တရားက အဘိဓမ္မာ ပြန့်ပွားရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒါယကာကြီး ဦးဘငွေနဲ့ အမှုဆောင်လူကြီးများ လျှောက်ထားကြတဲ့အတိုင်း အမေရိကန်၊ အင်္ဂလန်စတဲ့ အနောက်နိုင်ငံများမှာ ဘုန်းကြီး ဟောပြောခဲ့တဲ့ တရားတွေထဲက အဘိဓမ္မာတရားကို ဘယ်လိုဘယ်ပုံ ဟောပြောခဲ့တယ်ဆိုတာကို ဒီမှာ နည်းပြဟောပြောမယ့် တရားပါပဲ။ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာလို ပါဠိရွတ်၊ အနက်ပြန်၊ အဓိပ္ပာယ်ပြောပြီး ဟောလို့ ဖြစ်တာမဟုတ်ဘူး။ သူတို့ အနောက်နိုင်ငံသားတွေက လက်တွေ့ကျကျ ဟောပြောရှင်းလင်းနိုင်မှ လက်ခံကြတာ။ ဒါကြောင့် ဘုန်းကြီးက အနောက်နိုင်ငံသားများကို ဟောကြား ပြသရာမှာ အဘိဓမ္မာတရားတော်ကြီးကို "လက်တွေ့အသုံးချနိုင်တဲ့ တရားတော်ကြီး" ဆိုပြီး ဟောပြောခဲ့ပါတယ်။ အခု ဟိုမှာ ဟောပြောပြသခဲ့ပုံတွေကို ဟောပါမယ်။

### အသုံးချအဘိဓမ္မာ

အဘိဓမ္မာကို သင်ပြရာမှာ ယခုခေတ် အသုံးအနှုန်းက

"အသုံးချအဘိဓမ္မာ"တဲ့။ အသုံးချလို့မရတဲ့ အဘိဓမ္မာ မဟုတ်ဘူး။ အသုံးချလို့ရတဲ့ အဘိဓမ္မာပေါ့။ ဘယ်အချိန်အခါမှာ အသုံးချလို့ရမှာလဲဆိုတော့ ကိုယ်စီကိုယ်စီအတွက် "လက်ငင်း" အသုံးချလို့ရတဲ့ တရားတော်ပဲ။ နက်ဖြန်ခါမှာ မဟုတ်ဘူး။ သန်ဘက်ခါမှာ မဟုတ်ဘူး။ နောက်ဘဝမှ အသုံးကျမယ်ဆိုရင်တော့ အနောက်နိုင်ငံသားတွေက လက်ခံမှာ မဟုတ်တော့ဘူး၊ "နောက်ဘဝဆိုတာ ဝေးရော့"လို့ ပြောကြမှာပဲ။

## အနောက်နိုင်ငံသားတို့ အယူအဆ

"နောက်ဘဝအတွက် လုပ်တယ်"ဆိုတာကို အနောက်နိုင်ငံက လက်မခံချင်ကြဘူး။ သူတို့ရဲ့ တရားတော်တွေမှာကိုက လူတွေဟာ အရင်ဘဝ ရှိခဲ့တယ်ဆိုတာ ဟုတ်ကိုမဟုတ်ဘူး။ သံသရာရှိတယ်ဆိုတာလည်း မဟုတ်ဘူး။ ဒီတစ်ဘဝလေးပဲ၊ ဒီတစ်ဘဝပဲရှိတယ်။

ဒီတစ်ဘဝလေးမှာလည်း ထာဝရ ဘုရားက လူတွေကို၊ လူကို အမိဝမ်းတွင်းမှာ အတ္တဆိုတဲ့ မျိုးစေ့လေး "ဆိုးလ်" (Soul) ကို ထည့်ပေးလိုက်တယ်တဲ့။ ဘုရားမျိုးစေ့လေးပေါ့။ အဲဒီမျိုးစေ့လေးက လူတစ်ယောက်ကို အုပ်ချုပ်တော့တာပဲ။ ဒီမှာပဲ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတရားနဲ့ အခြေခံချင်းက ကွာသွားတယ်။

ဘုန်းကြီးတို့ အဘိဓမ္မာတရားတော်အရတော့ လူဆိုတာ ရှိတာ မဟုတ်ဘူး။ နာမ် ရုပ်ရှိတယ်။ သူတို့ကလည်း နာမ် ရုပ်ပဲ။ ဒါပေမယ့်လို့ နာမ်ဆိုတဲ့ သဘောတရားမှာ အဘိဓမ္မာက စိတ်ဆိုတာရှိတယ်။ စိတ်နဲ့တွဲပြီးတော့ စေတသိက်ဆိုတာရှိတယ်။ အဲဒါ နာမ် ခေါ်တာပဲ။ သူတို့ကတော့ စိတ်ဆိုတာရှိတယ်။ အဲဒီစိတ်ဟာ

ဘာမှဆောင်ရွက်နိုင်တာ မရှိဘူး။ ဘာဖြစ်လို့တုံးဆိုတော့ သူ့ကို ကြီးစိုးထားတဲ့ လူတစ်ယောက်ရှိတယ်။ ဘယ်သူလဲဆိုလို့ရှိရင် အဲဒါ အတ္တပဲ။ အဲဒီ အတ္တက လူမှာ ကြီးစိုးနေတာ။ စိတ်က စိတ်ကူး တာတွေဟာ အတ္တက ခိုင်းတာ၊ အကုန်လုံး အတ္တက ဒါရိုက်တာ (director) လုပ်ပြီး ခိုင်းနေတာပဲ။

ဘုန်းကြီးတို့မှာတော့ ဥပမာ ခပ်ကြမ်းကြမ်း ပြောရင် စိတ်နဲ့ ရုပ်မှာ ရုပ်က ရုပ်သေးရုပ်ပဲ။ လှုပ်ရှားမှုတွေဟာ စိတ်က ဆောင်တာ ချည်းပဲ။ သူတို့မှာတော့ လှုပ်ရှားမှုတွေကို အတ္တက ခိုင်းတာ၊ အဲဒီ တော့ အခြေခံချင်း ကွာနေတယ်။

ပါရမီဖြည့်တယ်ဆိုတာ သံသရာအတွက်၊ ပါရမီဖြည့်တယ် ဆိုတာ သူတို့မှာမရှိဘူး။ နောက်ဘဝ မရှိ၊ လွန်ခဲ့တဲ့ဘဝမရှိ။ ရှေ့လာမယ့်ဘဝအတွက်ကတော့ ပညတ်တော် (၁၀) ပါးနဲ့ အညီ နေလို့ရှိရင်၊ ထာဝရဘုရားကို ပုံပြီးတော့ ယုံတယ်ဆိုလို့ရှိရင်၊ သေပြီးတဲ့နောက် ပါရာဒိုက်စ် (Paradise) ခေါ်တဲ့ ကောင်းကင်ဘုံ နန်းကို ရောက်မယ်။ အဲဒီမယ် ထာဝရဘုရားဆီ ရောက်သွားတာပေါ့ လေ။ ဒါ သူတို့ရဲ့နိဗ္ဗာန်ပဲ။ အခု ဘုန်းကြီးပြောတာ သူတို့ဘာသာ ကို ဝေဖန်တာမဟုတ်ဘူး။ အဲဒီ အယူရှိနေတဲ့ လူတွေကို အဘိဓမ္မာ တရားကို လက်ခံနိုင်အောင် ဘယ်လိုသင်မလဲဆိုတဲ့ ဥစ္စာကို ပြော ပြချင်တာပါ။

သူတို့ကို "နောက်ဘဝလို့" ပြောလိုက်ရင်၊ နောက်ဘဝဆိုတဲ့ စကားကိုကြားရင် ရယ်ကြတော့တာပဲ။ နောက်ပြီး သူတို့မေးလေ့ ရှိတာက "အကုသိုလ်ပြုရင် လက်ငင်းအကျိုးပေးတာက ထင်ရှား တယ်တဲ့။ ကုသိုလ်ပြုရင်ကော ဒီလိုပဲ လက်ငင်းအကျိုးပေး ထင်ရှားပါ

မှာ အဲဒီစကားမျိုး သွားပြောတာပေါ့။ ညောင်စေ့လောက် လှူလိုက်ရင် ညောင်ပင်ကြီးလောက် အကျိုးပေးတယ်ဆိုတော့ "ညောင်စေ့နဲ့ ညောင်ပင်ကြီးနဲ့ ကွာလှချည်လား အရှင်ဘုရား"။ ဆိုလိုတာက တစ်ကျပ်လှူလို့ရှိရင် သိန်းသန်းကုဋေ အကျိုးပေးတယ်လို့ ဆိုလိုတယ်။ စေတနာလည်း ရှိပါစေ၊ ဉာဏ်လည်းရှိပါလေစေ။ အဲဒီလိုဆိုရင် "ကဲ ပေးပြစမ်းပါ၊ ပေးပြစမ်းပါ"။ အဲ–မပြနိုင်ရင်တော့ အရှက်ကွဲပြီးသားပေါ့။

အလှူခံတော့ ကန်တော့ယူသွားတယ်၊ အကျိုးပေးတော့ ဖြည်းဖြည်းပေါ့တဲ့၊ အဲဒါ လက်မခံနိုင်ဘူး။ ဈေးဝယ်တဲ့ဥစ္စာ၊ ဈေးဝယ်တော့ ငါးခြောက်ဖြစ်ဖြစ်၊ ပုစွန်ခြောက်ဖြစ်ဖြစ်ပေါ့လေ လက်ဖက်ခြောက်ဖြစ်ဖြစ် ဆိုင်သွားဝယ်၊ ဆိုင်တိုင်း သွားဝယ်တယ်။ "ဘာအလိုရှိလဲ"၊ ဒါအလိုရှိလို့၊ "ချိန်လိုက်ပါ"၊ "ဘယ်လောက်ကျ တုံး"၊ "ငါးကျပ်" ဆိုတော့ ချိန်တဲ့လူက ချိန်လိုက်ရော၊ ချိန်လိုက် ပြီးတော့ "ကဲ, ငွေပေး" ဆိုပြီးတော့ ငွေတော့ယူထားရော၊ ကုန်တော့ မပေးဘူးတဲ့၊ ဆိုင်ထိုင်က ဘယ့်နှယ်ပြောလဲ ဆိုလို့ရှိရင် "အို, ရှင်တို့ ဗုဒ္ဓဘာသာတွေဟာ နောက်ဘဝတောင် သည်းခံနိုင်တဲ့လူပဲ၊ အာ, မနက်ဖြန်ခါမှ လာယူလှည့်ပါ"ဆိုရင် ခံနိုင်ပါ့မလားတဲ့။ ငွေတော့ အခုယူထားတယ်၊ ပစ္စည်းတော့ မနက်ဖြန်ခါမှ လာယူဆိုရင် ခံနိုင်ပါ့မလား။ မနက်ဖြန်တောင်မှ မခံနိုင်တဲ့လူက အကျိုးပေးတော့ နောက်ဘဝမှဆိုတော့ တယ်ခက်ပါလား။ ခက်နေတော့ ဘယ်ခံနိုင်တော့မလဲ။

ပြီးတော့ ညောင်စေ့လောက်လှူရင် တစ်ကျပ်လှူမယ်ဆိုရင် သိန်းသန်းကုဋေတဲ့၊ သိန်းသန်းကုဋေ များအားကြီးတယ် ကိုယ်တော်၊

မတရားဘူး အဲဒီအကျိုးပေးဆိုတော့ "တစ်ကျပ်လှူလို့ရှိရင် နှစ်ကျပ်ထားခဲ့ရင် တော်ပြီ"၊ "တစ်ကျပ်မြတ်ရင်တော်ပြီ၊ ဘယ်တော့လဲ"၊ "အခု သိန်းသန်းကုဋေဟာ နောက်ဘဝမှဆိုရင် နောက်ဘဝမှာ အရှင်ဘုရားနဲ့ တပည့်တော် တွေ့မှာလည်းမဟုတ်ဘူး၊ တပည့်တော်တော့ သေချာတယ်၊ တပည့်တော်နဲ့ အရှင်ဘုရားနဲ့ တွေ့ကို မတွေ့နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော် ယုံမှမယုံဘဲ၊ နောက်ဘဝမှ မယုံဘဲကိုး"။ အဲဒီလို လူတွေကို နောက်ဘဝမှာ အကျိုးပေးမယ်ဆိုတော့ ရယ်တာပေါ့။ အာ–တဟားဟားနဲ့ ရယ်တော့တာပေါ့။ အဲဒီလိုဖြစ်သွားတာ။ ဘာကိုမှ လက်မခံတော့ဘူး။

## သက်သေပြပါဘုရား

တစ်ခုရှိသေးတယ်။ အမေရိကန်က သာဆိုးသေးတယ်။ ဘုန်းကြီးတို့ ဗမာဗုဒ္ဓဘာသာ ပရိသတ်ကတော့ ဆရာတော်၊ သံဃာတော်တွေ ကြည်ညိုပြီးသားလည်း ဖြစ်နေတာကိုး၊ ငယ်ငယ်တုန်းကလည်းပဲ အကျင့်ကလည်းရလို့၊ သင်္ကန်းဝါဝါ ကိုယ့်ဆရာဆိုပြီးတော့ပေါ့၊ အဝါရောင်မြင်တယ်ဆိုလို့ရှိရင် ပျာပျာသလဲ သင်္ကန်းရောင်ပဲဆိုပြီးတော့ပေါ့၊ ကိုယ့်မှာ ကြည်ညိုစရာဖြစ်လာတယ်။ သူတို့ဆီကျတော့ ရယ်စရာတောင် ဖြစ်နေတာပေါ့။ တစ်ခါလည်း တရားဟောလို့ တော်တော်လေး ဟန်ပြီထင်တာပေါ့၊ လူတွေ တော်တော်လက်ခံပြီထင်တာပေါ့။ တစ်ခါတလေ မေးကြည့်တယ် "မှန်ကြရဲ့လား ပရိသတ်တို့" ဆိုရင်၊ ဘုန်းကြီးတို့ ပရိသတ်ကတော့ "မှန်ပါဘုရား"၊ "ရှိလည်းခိုးလိုက်သေးရဲ့" ဘယ်လောက် အားတက်စရာကောင်းလဲ။ ဘုန်းကြီး အမေရိကမှာ အဲဒီလို တစ်ခါ မေးကြည့်ဖူးတယ်၊ "မှန်ကြ

ရဲ့လား” ဆိုတော့ သူတို့က ဘယ့်နှယ်ပြောတုံးဆိုရင် ရှိခိုးဖို့ နေနေသာသာ လက်ကိုခါပြီးတော့ နိုး,နိုး (No,No)၊ မဟုတ်ဘူး၊ မဟုတ်ဘူး ကိုယ်တော် သက်သေပြနိုင်ပါ့မလား (Can you prove it)၊ အဲဒီလိုလုပ်တာ။ အဲဒီလိုလူတွေကို သာမညသွားဟောလို့ ဘယ့်နှယ်လုပ်ရမလဲ။

“မှန်ရဲ့လား”ဆို “မမှန်ဘူး”တဲ့၊ “သက်သေမပြနိုင်ဘဲနဲ့ ဘယ်နည်းနဲ့မှ မမှန်နိုင်ဘူးပေါ့ ဘုရား”။ “အခုကို လုပ်ပြရမယ်တဲ့”။ အဲဒီလူတွေကို ပါရမီဖြစ်အောင်၊ ဗဟုသုတရှိအောင်ဆိုရင် ဒါတွေဟာ အပိုတွေပဲ။ ပါရမီဖြစ်ဆိုတာ ဘာမှန်းလဲမသိဘူး။ ပါရမီဆိုတာ နောက်ဘဝ အကျိုးပေးမှာကိုး။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာကတော့ ဒါတွေကို မေးတယ်ဆိုလို့ ရှိရင်ဖြင့်တော့ ဒီလူဟာ အရည်မဝသေးလို့ပဲ။ ဒီလိုပြောကြမယ်။ ဥပမာအားဖြင့်–အဘိဓမ္မာတရားတော်ကို ဘုရားရှင်က တာဝတိံသာ နတ်ပြည်မှာ၊ နောက် ရှင်သာရိပုတြာရဲ့ တပည့်တွေ၊ အဲဒီတပည့် တွေဟာ ဘာတွေတုံးဆိုရင် လွန်ခဲ့တဲ့ဘဝက လင်းနို့သား ဖြစ်ခဲ့ တဲ့လူတွေ၊ အဲဒါတွေကို အနောက်နိုင်ငံမှာ သွားပြောတယ်ဆိုရင်တော့ ဝေဖန်တော့တာပဲ။ ဝေဖန်တော့တာပဲ။ ဒါတွေ ပြောနေရင်တော့ အများကြီးပါ။

ဘုန်းကြီးတို့ နိုင်ငံခြား သာသနာပြုသွားတယ်ဆိုတာ ဘယ်သူမှ အားပေးတာလည်းမရှိဘူး။ ကိုယ့်ဟာကိုယ် သွားရတာ။ ဘယ်သူမှ လွှတ်တာမဟုတ်ဘူး။ ဘယ်သူကမှ ထောက်ပံ့တာလည်း မရှိဘူး။ အဲဒီတော့ ဟိုအင်္ဂလန်ကျတော့ အခန်းကလေးကလည်း ငှားနေရတယ်။ ကိုယ့်အပြင် အခြားဘုန်းကြီးလည်းမရှိဘူး၊ ဗမာပြည်မှာလို ဘုန်းကြီး

ကျောင်းလည်းမရှိဘူး။ သွားနေလို့ရှိရင်ဖြင့် နေစရာ အခန်းကလေး တစ်ခန်းတောင် မနည်းရှာဖွေပြီး နေရတယ်။ အဲဒီလောက် ဖြစ်နေတဲ့ ဥစ္စာ။ ဒီတော့ နေထိုင်ဖို့ကို ဘယ်လောက်ခဲယဉ်းတုံး၊ ဆွမ်းဆိုတာ တော့ ဝေးရော။ အဲဒီတော့ ဘာတွေ ဟောရသလဲဆိုလို့ရှိရင် ဘုန်း ကြီးရောက်စတုန်းက နေစရာကလည်း မရှိတော့ ဘာတွေဟောရသလဲ ဆိုလို့ရှိရင်၊ ဒါနအကြောင်းကို ဟောတယ်။ ပြီးတော့ ပုဂ္ဂိုလ်ခင်မှ တရားမင်မယ်ဆိုလို့ ဗုဒ္ဓအကြောင်း ခပ်များများ ဟောရတယ်။ ကျောင်းအခန်းကလေးမှ ရပါစေတော့ ဆိုပြီးတော့ ကျောင်းလှူတဲ့ ဇောတိကသူဌေးအကြောင်း များများဟောတယ်။ ကျောင်းဆောက်ဖို့ လို့ တစ်ခါတည်း မြေကြီးက ရွှေတိုက်ကြီး ပေါက်လာတာပဲ။ အဲသလို ဟောတယ်ဆိုရင် ရယ်တာပဲ၊ သူတို့က ရယ်ချည်းနေတာပဲ။

သူတို့က အထူးသဖြင့် အမျိုးသမီးတွေက ဘယ့်နှယ်ပြောလဲ ဆိုရင် "ကိုယ်တော် ဗုဒ္ဓဟာ ကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးမျှ တန်ခိုး တော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား"လို့၊ "ကိုယ်တော် ဟောတာ ပြောတာတွေဟာ တပည့်တော်တို့နဲ့ ဘာမှမဆိုင်ဘူးတဲ့။ အမျိုးသမီးတွေက ပြောတာ၊ သူတို့ သိချင်တာ ကိုယ်တော့် ဗုဒ္ဓကြီး တန်ခိုးရှိနေတာ တပည့်တော်တို့နဲ့ ဘာဆိုင်လို့တုံးတဲ့။ သူဌေးကြီး ဘယ်လောက် ချမ်းသာချမ်းသာ တပည့်တော်တို့ကို တစ်ပြားမှ မပေးလို့ရှိရင်၊ ဒီသူဌေးကြီးက တပည့်တော်ကို့နဲ့ ဘာဆိုင်လို့တုံး၊ ဒီလိုဆိုတော့ ဒကာမတို့က ဘာအလိုရှိလဲဆိုတော့ ဗုဒ္ဓကိုယ်တော် သည် တပည့်တော်တို့ အမျိုးသမီးတွေအတွက် ဘာများအကျိုး ကျေးဇူးရှိအောင် လုပ်ခဲ့သတုံး။ ဒါပဲ သိချင်တယ်။ လက်တွေ့နော် လက်တွေ့၊ သူက ဒီပြင် တန်ခိုးကြီးတာတွေ လျှောက်ပြောမနေနဲ့၊

တပည့်တော်တို့နဲ့ ဘာမှမဆိုင်ဘူး” ပေါ့လေ။

## အဘိဓမ္မာသင်ရပုံ

ဒီမှာ အဘိဓမ္မာသင်တယ် ဆိုလို့ရှိရင် သင်ရိုးသင်စဉ်အတိုင်း စိတ်ပိုင်းကစပြီးတော့ သင်ကြတယ်။ ဟိုမှာ အဲဒီလို သွားပြီး သင်ရိုးသင်စဉ်အတိုင်း ပြောလို့မရဘူး၊ သင်လို့မရဘူး။

တကယ်လို့ စိတ်ပိုင်းက စ,နေမယ်ဆိုလို့ရှိရင် စိတ် (၈၉)ပါး အကြောင်း ပြောနေမယ်ဆိုလို့ရှိရင် “ကိုယ်တော်၊ ဒါတွေဟာ များလှချည်လား”၊ “တပည့်တော်တို့ သိချင်တာက စိတ်ဟာ ဘယ်လို အလုပ်လုပ်သလဲဆိုတာကို သိချင်တာ၊ ကိုယ်တော့်ဥစ္စာ ဘယ့်နှယ်၊ ဘာတွေလျှောက်ပြောနေသလဲ၊ ဘာဆိုင်သလဲ”ဆိုပြီး ပြောကြတယ်။

ဘုန်းကြီး ဘိလပ်ကို ရောက်စတုန်းက သင်္ဂြိုဟ်စသင်တုန်းက သူတို့အကြောင်းကလည်း မသိတော့၊ စာအုပ်အတိုင်း သင်တာပေါ့လေ။ ဒကာမကြီး တစ်ယောက်က ပြောတယ်။ ဒီပြင်လူတွေကလည်း သူ့ကို ထောက်ခံတယ်။ စိတ်ပိုင်းကို တဖြည်းဖြည်း သင်သွားတာ ကိုတော့ သူက သည်းခံနေသေးတယ်။ တဖြည်းဖြည်းနဲ့ပေါ့လေ။ စိတ်မှာ အကုသိုလ်စိတ်က (၁၂) ခုဆိုတော့ သူ့စာအုပ်ထဲမှတ်လိုက် သေးတယ်။ “ဒီစိတ်တွေ ဘယ်တုန်းက ဘယ်လိုဖြစ်တာတွေတုံး ကိုယ်တော်” ဆိုပြီးတော့ မှတ်မှတ်နေတယ်။ “ကိုယ်တော် ရှေ့ဆက် ပြီး ဘယ်လောက်များ သင်ရဦးမှာလဲ”၊ “အာ,စိတ်ပေါင်း မများပါ ဘူး၊ (၈၉) မျိုးတည်းပါ”။ “ဟ,များလှချည်လားကိုယ်တော်”၊ “ဒါက အကျဉ်းရှိသေးတာ၊ အကျယ်ဆိုရင် (၁၂၁) ပါး”လို့လည်း ဆိုရော “ဟာ,များလှချည်လား ကိုယ်တော်၊ တပည့်တော်တို့

ဆိုင်ကော်လောဂျီ (Psychology) စိတ္တဗေဒကပေါ့လေ၊ အခြေခံ (၁၈) မျိုးပဲရှိတယ်။ အရှင်ဘုရား ဘယ့်နှယ် များလှချည့်” အဲဒီလို ကိုး။ သူတို့က ဘာဖြစ်သွားသလဲဆိုတော့ “အာ,ဒီလောက်များတော့၊ များအား ကြီးတော့ တပည့်တော် မမှတ်နိုင်ဘူး ဘုရား” တဲ့၊ “မမှတ်နိုင်ဘူး ဘုရား”တဲ့၊ များလို့တဲ့။ ဘုန်းကြီးက ပြောရတော့တာ ပေါ့လေ၊ ချော့ပြော ခြောက်ပြောရတာပေါ့။ “စိတ်မပျက်ကြပါနဲ့ဗျာ”လို့။

ဘုန်းကြီး လန်ဒန်မှာ အဘိဓမ္မာသင်တန်း စဖွင့်တာ သင်တန်းသား (၄၀) ရှိတယ်။ အဲဒီအထဲက ဒကာမကြီးတစ်ယောက်က ပြောတယ်၊ သူတို့ဆီမှာ ဒကာမတွေက ရှေ့တန်းကချည်းပဲ။ ဒကာမ နေရာ မရဘူးလို့ ဘယ်တော့မှ မရှိရဘူး။ ဒကာမတွေကို အင်မတန် ဦး စားပေးတာကိုး။ မေးခွန်းမေးရင်လည်း ဒကာမတွေက ရှေ့ဆုံးကပဲ၊ လွတ်လပ်ရေးက အလွန်ရနေတာပေါ့လေ။ အဲဒီ ဒကာမကြီးက မေးတယ်။ “အရှင်ဘုရား များလှချည့်လား ဘုရား၊ တပည့်တော် တို့တော့ မမှတ်နိုင်ပါဘူး ဘုရား”တဲ့။ အဲ ဒီပြင်လူတွေကလည်း “ဟုတ်တယ် ဘုရား၊ ဟုတ်တယ်၊ များအားကြီးတာပဲ”တဲ့။ ဒါတွေက ဘယ်တော့ သုံးရမှာလဲ မသိဘူးတဲ့။ အသုံးချလိုချင်တာ။ ဒါနဲ့ ဘုန်းကြီးက ပြောတယ်။ “ကိုင်း ဟောဒီပရိသတ်ကိုပေါ့လေ၊ ခင်ဗျားတို့ သုံးစွဲနေတဲ့ ပေါင် (Pound) ငွေစက္ကူ ဟုတ်လား၊ ဝမ်းစတာလင် ပေါင်နုတ် (1 sterling note) ဘုန်းကြီးတို့ တစ်ဆယ်တန်တို့ ဘာတို့လိုပေါ့၊ တစ်ပေါင်တန် ငွေစက္ကူလေးတွေ ရှိတယ်။ အခု ပရိသတ် (၄၀) ရှိတယ်ပေါ့လေ။ ပရိသတ် (၄၀) ကို ဘုန်းကြီးက အလကားပေးမယ်။ တစ်ယောက်ကို ပေါင် (၁၀၀) စီ အလကား ပေးမယ် မယူကြဘူးလား”။ “အား,ယူမှာပေါ့

ဘုရား”။ “ဟာ,ကိုယ်တော် များလှချည်လား”တဲ့။ နားထောင်ပါဦး ပေါင်တစ်ရာ စက္ကူကို ပေးမယ်ဆိုရင်ဖြင့် “ဒီအတိုင်း မပေးနိုင်ဘူးလို့ အဲဒီပေါင် စက္ကူတိုင်း စက္ကူတိုင်းမှာ နံပါတ် မှတ်မိရမယ်၊ ပေါင်တစ်ရာဆိုရင် စက္ကူက တစ်ရာကိုး၊ အဲဒီမှာ စက္ကူတစ်ရာမှာ နံပါတ် ကလေးတွေ ကိုပေါ့လေ၊ တစ်ရာထိအောင် ရေတွက်နိုင်လို့ရှိရင် ကျုပ်က ပေါင် တစ်ရာကို ပေးမယ်လို့၊ မှတ်နိုင်ပါ့မလား” လို့ မေးတယ်။ “အာ, မှတ်နိုင်တာပေါ့ ကိုယ်တော်။ မှတ်နိုင်တာပေါ့”တဲ့။ ကြည့်စမ်း ပေါင်စက္ကူကျတော့ပေါ့လေ၊ နံပါတ်တွေက ဆိုရင် နည်းတာ မဟုတ်ဘူး။ ဒါကျတော့ သူတို့က ပေါင်စက္ကူလိုချင်တော့လေ မှတ်မယ်တဲ့။ ပရိသတ်ကလည်း ထောက်ခံတာပေါ့လေ။

ဘုန်းကြီးက အဲဒီတော့ ပြောတယ်။ အံ့ဩစရာ ကောင်းတဲ့ လူတွေပဲလို့။ ခင်ဗျားတို့ ပေါင်စက္ကူကျတော့ နံပါတ်တွေက တစ်ရာ ဆိုတာ နည်းတာမဟုတ်ဘူး။ မှတ်ရမယ့်ဥစ္စာ များတယ် မပြောဘူး။ မှတ်မယ်လို့ ပြောတယ်။ လိုချင်တာကိုး။ ကိုယ့်အကြောင်းကို ကိုယ့်မှာ ဖြစ်တတ်တဲ့ စိတ်တွေရဲ့အကြောင်း ပြောမယ်ဆိုတော့ “အမယ်လေး များတယ်၊ များတယ်”နဲ့၊ “များလေ ကောင်းလေပေါ့” လို့၊ ဥပမာ ဆရာဝန်။ သူ့ဆေးပညာနဲ့ ပတ်သက်တဲ့ လူမမာနဲ့ ပတ်သက်လို့ ဗဟုသုတတွေ များလေလေ အကျိုးရှိလေလေ မဟုတ် လားလို့။ ကိုယ့်စရိုက်အကြောင်း များများသိလေလေ ကောင်းလေလေပေါ့၊ ဒါတွေကျတော့ များတယ်လို့ ဆိုတယ်။ ငွေစက္ကူ နံပါတ် တစ်ရာ ကျတော့ လူတိုင်းကပဲ အမယ်လေး မှတ်နိုင်ပါတယ်။ မှတ်နိုင်ပါတယ် ဆိုပြီးတော့ ယူကြတဲ့ ဥစ္စာ။ အဲဒါကြည့်စမ်းလို့။ တကယ်ရမှာကျတော့ အခ သုံးရမှာကျတော့ပေါ့လေ၊ လူတိုင်းက ပြုံးပြုံးရွှင်ရွှင်နဲ့ လက်ခံတယ်။

ခုတွင်က ကိုယ့်မှာ တစ်သက်လုံး အကျိုးများမယ့်ဥစ္စာကျတော့ ခင်ဗျားတို့က များတယ်လို့ ပြောတယ် လို့။ အာ,ကိုယ်တော့်ဟာက အသုံးချလို့မှ မရဘဲတဲ့။ ဟော လာသေးတယ်။ အဲဒီတော့ အခုလို အသုံးချအဘိဓမ္မာ၊ အသုံးချ အဘိဓမ္မာဆိုတာ မဆိုးပါဘူး ဟုတ်လား။ လူတွေက အသုံးချလို့ရအောင် လိုချင်တာကိုး။ အဲဒါတွေ တွေ့ရတယ်။

## ဝီထိကစပြီး ပြရတယ်

အဲဒီတော့ ဒီမှာ စိတ်ပိုင်းကစပြီး သင်ပြလို့ရပေမယ့် ဟိုမှာ တော့ ဝီထိပိုင်းကစပြီး ပြရပါတယ်။

ခက်မနေဘူးလားဆိုတော့ သူ့နည်းနဲ့သူ မခက်ပါဘူး။ ဘာမှ မသင်ဖူးသေးတဲ့ လူတောင်မှ မျက်စိမှာ ဘယ်လိုမြင်တယ်၊ မြင်သိစိတ်ကလေး ဘယ်လိုဖြစ်လာတယ်ဆိုတာ ပြောပြရင် နားလည်သွားတာပဲ။ နားလည်နိုင်တဲ့နည်းနဲ့ သင်ရမှာပဲ။

ပထမရှေးဦး ပြောပြရတာက စိတ်ဆိုတာ ဘာလဲ။ အင်္ဂလိပ်လို ဆိုရင်တော့ မိုင်း‌ဒ် mind ခေါ်တာပေါ့။ ဒီ mind ဆိုတဲ့ စကားကလည်း စိတ္တဗေဒစာအုပ်မှာလည်း mind ဆိုတဲ့ ဥစ္စာဟာ ဘယ်လိုရှိတယ်၊ တချို့ကလည်း ဖီလင် feeling တို့ ဘာတို့ပေါ့၊ သူတို့ သိသလို နားလည်သလို စိတ်ကိုလျှောက်ပြီး အဓိပ္ပာယ်ဖွင့်ကြ၊ ပြောကြတော့တာပဲ။ အဲဒီလို သူတို့နားလည်သလို အဓိပ္ပာယ်ဖွင့်ကြ၊ နားလည်ထား ကြတဲ့ ဒီလူမျိုးတွေကို နားလည်အောင်ပြောဖို့၊ လက်ခံအောင် ပြောဖို့ဆိုတာ လိုအပ်ပါတယ်။

သူတို့လက်ခံရုံမကဘူး၊ ဗုဒ္ဓဘာသာတရားတော်မှာရှိတဲ့ အတိုင်း မှန်မှန်ကန်ကန် ပြောပြီး အသုံးလည်းကျအောင် ပြောပြရပါတယ်။

## ဗုဒ္ဓဘာသာတရားအရ စိတ်ဆိုတာ

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ သဘောအရကတော့ စိတ်ဆိုတာ ဘာတုံးဆိုတော့ "ဝိဇာနာတီတိ အတ္တော" စိတ်ဆိုတာက စဉ်းစားစရာ အာရုံ၊ ကြံစည်စရာ အာရုံကို ကြံတတ်တဲ့ သဘော၊ ဆိုလိုရင်းကတော့ သိတာ လိုရင်းပါပဲဆိုပြီးတော့ ဋီကာကျော်က အဲဒီလို ဆုံးဖြတ်ထားတာကိုး။

ပြီးတော့ စိတ်ဆိုတာဘာလဲဆိုလို့ရှိရင်ဖြင့် စိတ်ဆိုတာ အမှန်က သိတတ်တဲ့သဘော။ ဘယ်လိုသိတာတုံး၊ (၁) မြင်တဲ့အခါ မြင်သိသိတဲ့ဥစ္စာ၊ အဲဒီသိတတ်တဲ့ သဘောလေးဟာ စိတ်ပဲ။ (၂) ကြားတဲ့အခါ ကြားသိသိတာ။ ကြားလိုက်တာနဲ့ သိတာ အတူတူပဲ မဟုတ်လား။ အဲဒီလို သိတဲ့သဘောဟာ စိတ်ပဲ။ (၃) နံတဲ့အခါ နံသိသိတာ၊ အနံ့နံလို့ရှိရင်ဖြင့် ဘာအနံ့ပဲဆိုတာ အနံ့ပဲလို့ သိတာ အဲဒါစိတ်ပဲ။ (၄) လျှာပေါ်အရသာ တင်လိုက်လို့ရှိရင်ဖြင့် ဒါ အရသာပဲလို့ သိတာ၊ ဒါစိတ်ပဲ။ (၅) ထိသိသိတာ၊ ထိမယ်ဆိုလို့ ရှိရင်ဖြင့် ဘယ်ထိထိ၊ ကိုယ်မှာ ထိထားလိုက် ထိတာ သိတဲ့သဘော။ အဲဒါ ငါးမျိုး။နောက် ဒိပြင်တစ်ခု ထည့်မယ်ဆိုရင်ဖြင့်ပေါ့၊ ကြံသိ၊ စိတ်ကူးသိ သိတဲ့ဥစ္စာ တွေးသိသိတဲ့ဥစ္စာ၊ ဒါက မနောဝိညာဏ်။ သဘောကတော့ စိတ်ဟာ သိတတ်တဲ့သဘော တစ်ခုပဲ။ အဲဒီလို ဒွါရငါးပါး၊ ဝတ္ထုငါးပါး။ ပြောမယ်ဆိုလို့ရှိရင်တော့ ငါးမျိုး ဖြစ်သွားတယ်။ အမှန်ကတော့ သိတာပဲ။

ဝတ္ထုက စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု ဝတ္ထုခြောက်မျိုး။ အဲဒီလို ခြောက်မျိုးနဲ့ ပြောမယ်ဆိုလို့ရှိရင်ဖြင့်ပေါ့လေ အသိဟာ ခြောက်မျိုးဖြစ်သွားတယ်။

ခုတင်က ပြောသလို မြင်သိကစပြီးတော့ ကြံသိ၊ စိတ်ကူးသိ သိတဲ့ ဥစ္စာ၊ ဒီခြောက်မျိုး။ သဘောကတော့ သိတာတစ်ခုပဲ။ အဲဒီသိတာ တစ်ခုဟာ စိတ်ရဲ့ အဓိကကိစ္စ၊ ဒါပေမယ့်လို့ ခုနက ဒွါရကိုလိုက် ပြီးတော့ ပသာဒဝတ္ထု လိုက်ပြီးတော့ သိတာတွေဟာ အမျိုးမျိုး ကွဲသွားတော့ ခြောက်မျိုးဖြစ်သွားတယ်၊ ဘာဖြစ်လို့ ခြောက်မျိုး ဖြစ်သွားတုံး၊ ခုတင်က ပြောသလို မှီရာဝတ္ထုက ခြောက်မျိုး ဖြစ်နေ တာကိုး။

ပြီးတော့ စိတ်အလုပ်လုပ်တဲ့ အခါကလည်းပဲ ခြောက်မျိုး ဖြစ်နေတော့ အဲဒီလို ခြောက်မျိုးကွဲပြားသွားတာပေါ့။ အမှန်က သိတဲ့သဘောဟာ စိတ်ပဲ။ အဲဒါကြောင့် စိတ်ဟာ ဘာလဲဆို သိတတ်တဲ့သဘောတစ်ခုပဲ။ ကောင်းတာလည်း မဟုတ်ဘူး၊ မကောင်း တာလည်း မဟုတ်ဘူး၊ ဘာဖြစ်လို့ ဒီစကားပြောတုံးဆိုတော့ ဘုရား ကိုယ်တိုင်ကလည်း ဟောတာမဟုတ်လား။ အင်္ဂုတ္တိုရ်မှာလေ။ လူတိုင်း ရနေ၊ သိနေတဲ့ ပါဠိလေးပါပဲ။

"ပဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ၊ အာဂန္တုကေဟိ ဥပက္ကိ လေသေဟိ သံကိလိဋ္ဌံ"တဲ့။ စိတ်သည် ပြိုးပြိုးပြက်ပြက် အရောင် ထွက်၏။ လာရောက်သည့် အကုသိုလ်တို့ကြောင့် ညစ်နွမ်းသည်။ ပကတိစိတ်ဟာတဲ့ ပကတိရေလိုပဲ။ ပကတိစိတ်ဟာ အလွန်ကြည် လင်တဲ့ ပြိုးပြိုးပြက်ပြက်အရောင်ကို ထွက်နေတာပဲ။ ပကတိရေလို ပဲ။ ဒါပေမယ့်လို့ အဲဒီပကတိရေ ကြည်လင်တဲ့ရေကို အမျိုးမျိုးနဲ့ ရောလိုက်တော့ အရောင်တွေ အမျိုးမျိုး ဖြစ်ကုန်တာပေါ့။ ဥပမာ ခုတင်က ကြည်လင်တဲ့ရေကို ရွှံ့နဲ့ရောလိုက်ရင် ရွှံ့ရေတွေဖြစ်သွား တယ်။ အနီနဲ့ရောလိုက်ရင် ရေအနီဖြစ်သွားပြီ။ ဒါ ဘာဖြစ်လို့လဲ။

ရောလို့,ရောလို့။ အနက်နဲ့ရောရင် ရေအနက်ဖြစ်သွားပြီ။

အဲဒီလိုပဲ ခုတင်က ပြောခဲ့သလို ကြည်လင်တဲ့စိတ်ပေါ့လေ၊ မကောင်းတဲ့စိတ်နဲ့ ပေါင်းလိုက်လို့ရှိရင်၊ မကောင်းတဲ့ဟာနဲ့ ရောလိုက်လို့ရှိရင် မကောင်းတာ ဖြစ်ရောပေါ့။ အဲဒီတော့ ဒီလိုရောနိုင်တာတွေဟာ ဘာတွေလဲ ဆိုလို့ရှိရင်ပေါ့ စေတသိက်တဲ့၊ စိတ်က သူ့ချည်းနေလို့ မရဘူး။ စေတသိက်နဲ့ တွဲမှ သူကလည်း ဖြစ်နိုင်တာကိုး။ အဲဒီတော့ စေတသိက်ဟာ စိတ်ကို ခြယ်လှယ်တော့တာ၊ ခုတင်က ရေမှာ အနီ၊ အနက်၊ အပြာ၊ အဝါ စသည်ဖြင့် ရောနိုင်သလို သူနဲ့အတူတွဲနေတဲ့ စိတ်ကို စေတသိက်ကလည်း ကောင်းသောစိတ် ဖြစ်အောင် လုပ်နိုင်တယ်၊ မကောင်းသောစိတ်ဖြစ်အောင် လုပ်နိုင်တယ်။ လောဘနဲ့ရောတော့ လောဘစိတ် ဖြစ်လာတယ်။ ဒေါသနဲ့ရောတော့ ဒေါသစိတ် ဖြစ်လာတယ် စသည်ဖြင့်ပေါ့လေ။ အမျိုးမျိုးကွဲပြားသွားတယ်။

ပကတိ မူလစိတ်ကတော့ အလွန်ကြည်လင်တဲ့စိတ်ပဲ။ ဘာဖြစ်လို့ ဒီလိုဖြစ်သွားရသလဲ ဆိုလို့ရှိရင်ပေါ့လေ၊ ဘုရားဟောတဲ့အထဲမှာပဲ ပကတိစိတ်ဟာ ကိလေသာ (၁၀) ပါး၊ လောဘ၊ ဒေါသ၊ မောဟ စသည်ပေါ့လေ၊ အဲဒါနဲ့ ရောလိုက်မယ်ဆိုရင် စိတ်ယုတ်ကြီးဖြစ်သွားရော။ အာဂန္တု၊ အာဂန္တုဧည့်သည်, မကောင်းတဲ့ဧည့်သည်တွေနဲ့ ရောတဲ့အတွက်ကြောင့် အိမ်ရှင် မကောင်း ဖြစ်သွားသလို အင်မတန်ကောင်းတဲ့ စိတ်ကလေးပေါ့လေ မကောင်းတဲ့ ကိလေသာတရားတွေနဲ့ ရောလိုက်တော့ မကောင်းတာ ဖြစ်သွားတယ်။ ကိလေသာဆိုတာ ညစ်ပတ်သောတရား၊ ပူလောင်တဲ့တရား၊ ဒုက္ခပေးတတ်တဲ့သဘောတရားတွေ။ အဲဒါတွေနဲ့ရောတော့ ကြည်လင်တဲ့

စိတ်ကလေးက မကောင်းတဲ့စိတ်တွေ၊ အန္တရာယ်များတဲ့စိတ်တွေ ဖြစ်လာကုန်တာပေါ့။ အဲဒီအကြောင်းကလည်း အနောက်နိုင်ငံသား တွေကို ဒါတွေပဲ ပြောရတယ်။ ဒါ မငြင်းနိုင်တဲ့ဥစ္စာ။

ပြီးတော့ သတ္တဝါတွေဟာ စိတ်စင်ကြယ်လို့ရှိရင် သတ္တဝါ တွေက စင်ကြယ်နေတာပဲ။ စိတ်နဲ့ရုပ်ကလည်း အပြန်အလှန်ပဲကိုး။ စိတ်စင်ကြယ်ရင် ရုပ်ကလည်း အေးနေတာပဲ။ အပြန်အလှန်အားဖြင့် ရုပ်အေးရင် ရုပ်ကျန်းမာလို့ရှိရင် စိတ်လည်းပဲ ချမ်းသာတာပဲ။ အပြန်အလှန်ဖြစ်နေတော့သတ္တဝါတွေ စိတ်စင်ကြယ်နေမယ်၊ စိတ် အေးနေမယ်ဆိုရင် တစ်ခါတည်း ရုပ်လည်း အေးနေတာပဲတဲ့။ ဘာ ကြောင့်အေးနေသလဲဆိုရင် အေးတဲ့သဘောတရားတွေနဲ့ ရောနေလို့ပဲ။

မစင်ကြယ်တဲ့ သဘောတွေနဲ့ ရောနေရင် စိတ်ညစ်ထေးမယ်။ စိတ်ညစ်ထေးရင် ရုပ်ကလည်း ညစ်နွမ်းပြီး ပူပန် ကြောင့်ကြနေရ မှာပဲ။ ဘာကြောင့်လဲဆိုရင် ပူတဲ့သဘောတရားတွေနဲ့ ရောနေလို့ပဲ။

စိတ္တသံကိလေသတ္တာ သတ္တာ သံကိ လိဿန္တိ၊

စိတ္တဝိသုဒ္ဓတ္တာ သတ္တာ ဝိသုဇ္ဈန္တိ ...တဲ့။

"စိတ်ညစ်နွမ်းသောကြောင့်သတ္တဝါတွေ ညစ်နွမ်းသည်။ စိတ် စင်ကြယ်သောကြောင့် သတ္တဝါတွေ စင်ကြယ်သည်"တဲ့။

မစင်ကြယ်တဲ့ ကိလေသာနဲ့ ရောမယ်ဆိုရင် သတ္တဝါတွေဟာ ညစ်ပတ်တဲ့ သတ္တဝါတွေ၊ သူယုတ်မာတွေ ဖြစ်ကုန်မယ်။ အေး, စင်ကြယ်တဲ့ သဘောတရားတွေနဲ့ ရောလိုက်မယ်ဆိုရင် သတ္တဝါတွေ ဟာ သူတော်ကောင်းတွေ ဖြစ်ကုန်လိမ့်မယ်။ ဒါဟာ မငြင်းနိုင်တဲ့ တရားသဘောတွေပဲ။

အဲဒီ သဘောတွေကို နိဒါန်းအနေနဲ့ ပြောပြရပါတယ်။

မိတ်ဆက်သဘောအနေနဲ့ 'စိတ်သဘောတရားတွေကို ပြောနိုင်သလောက် ပြောပြရပါတယ်။

## စိတ်ဘယ်မှာရှိတုံး

စိတ်အကြောင်း ပြောပြတော့ မေးစရာဖြစ်လာတာက "စိတ်ဘယ်မှာရှိတုံး" ဆိုတာပါပဲ။ အနောက်နိုင်ငံနည်းအရကတော့ စိတ်ဟာ ဘယ်မှာမှီသလဲဆိုရင် ဦးနှောက်မှာပဲ။ အဲဒီ အယူအဆဟာ ဘုန်းကြီးတို့မြန်မာပြည်ကို ကူးလာတယ်။

"ခေါင်းပူလိုက်တာကွာ"၊ "ငါ ဦးနှောက်ရှုပ်လိုက်တာကွာ" စသည်ဖြင့် ပြောတတ်ကြတဲ့ ဥစ္စာပါပဲ။ အဲဒီလိုကနေ အတော်ကြာလာတော့ စိတ်ဟာ ဦးနှောက်ထဲမှာ နေတယ်လို့ကို ဖြစ်လာတယ်၊ သူကလည်း သက်သေတော့ပြတယ်။ သွယ်ဝိုက်တဲ့နည်းအားဖြင့်ပြတာပါပဲ။

ဥပမာ အောက်ကျနေတဲ့ စာရွက်ကလေး တစ်ရွက်ကို ကောက်ယူချင်တယ်ဆိုရင် ဦးနှောက်က "ကောက်လို့" အမိန့်ပေးတာကိုး၊ တစ်ခါ စက္ကူက အပြင်ဘက် လွင့်သွားလို့ အပြင်ဘက်မှာ ထွက်ပြီး ကောက်ယူဖို့ ဆိုရင်လည်း ဦးနှောက်ကပဲ ခိုင်းတယ်ပေါ့။ ဦးနှောက်ခိုင်းတာ လုပ်တယ်ပေါ့။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ အဘိဓမ္မာ အယူကတော့ ဦးနှောက်မဟုတ်ဘူး။ ဦးနှောက်က အထောက်အပံ့လောက်ပဲ။ ဘယ်လိုအထောက်အပံ့တုံး ဆိုရင်ဖြင့် အာရုံကြောဆိုင်ရာတွေက အထက်ပိုင်းမှာချည်း စုနေတာကိုး။ အထက်ပိုင်းမှာချည်း ဆုံနေတာဆိုတော့ စက္ခု မျက်စိက မြင်တာလည်း ခေါင်းပိုင်းမှာပဲ။ သောတ နားက

ကြားတာလည်း ခေါင်းပိုင်းမှာပဲ။ လျှာက အရသာသိတာ၊ အနံ့ကို သိတာလည်း ခေါင်းပိုင်းမှာပဲ။ ဒီပြင်နေရာက မြင်တာ၊ ကြားတာ၊ နံ့တာ၊ လျက်တာတွေကို သိဖို့ မစွမ်းနိုင်ဘဲကိုး။ အေး,ထိသိတာ ကာယကျတော့ တစ်ကိုယ်လုံးပဲ။ ဒါကို မှတ်ထားရမယ်။

အဲဒီလို ဖြစ်နေတော့ တွေးစရာက အာရုံကြောချင်း ကပ်နေတဲ့အခါကျတော့ ဦးနှောက်မှာချည်းလို့ ထင်စရာပေါ့။ အဲဒီလို ဖြစ်နေတော့ တွေးစရာ ဖြစ်နေတယ်။ ဘုန်းကြီးတို့ အဘိဓမ္မာသဘော အရပေါ့လေ။

## ဟဒယဝတ္ထု ဘုရားဟောလား

ပြီးတော့ တချို့က မေးသေးတယ်၊ ဒီစိတ်ဟာ ဟဒယဝတ္ထုမှာ မှီတယ်ဆိုတာဟာ ဘုရားဟော ရှိသလားတဲ့၊ ရှိတယ်။ ဘုရားဟောတာကို တိုက်ရိုက်ရှိတယ်။ အကိုးအကားတွေလည်း ပြနိုင်ပါတယ်။ အဲဒီတော့ တချို့ကလည်း နောက်မှ နောက်မှ ပေါ်လာတဲ့ ထိုးဇာတ်ပဲလို့ ပြောကြတယ်။ မဟုတ်ပါဘူး။ ဒါအမျိုးမျိုး ငြင်းကြတာပေါ့။

## စိတ်ရဲ့နေရာ

အဲဒီတော့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ အဘိဓမ္မာ သဘောအရကတော့ စိတ်ဟာ ဦးနှောက်မှာလားဆိုရင် လုံးလုံးချည်းတော့ မမှားဘူး။ လုံးလုံးချည်းလည်း မမှန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဦးနှောက်မှာလည်း စိတ်ဟာ နေနိုင်တာပဲ။ ဆိုလိုရင်းကတော့ မျက်စိမှာ ဖြစ်တဲ့ စိတ်ဟာ ဦးနှောက်က အကြောနဲ့ သက်ဆိုင်လို့သာ၊ အကြောအားဖြင့် ရုပ်အားဖြင့်သာ အကူအညီပေးတဲ့ ဥစ္စာပဲ။ အကူအညီပေး

တော့ ဘာဖြစ်လဲ ရုပ်အားကောင်းတယ်။ စိတ်အားကလည်း ကောင်းတယ်ပေါ့။ အမှန်ကတော့ မျက်စိမှာ မြင်တဲ့စိတ်၊ စက္ခုဝိညာဉ်စိတ်ဟာ ဘယ်မှာ ဖြစ်သလဲဆိုတော့ မျက်စိမှာ ဖြစ်တာ။ ဘယ်မှာမှ ဖြစ်တာမဟုတ်ဘူး။ အဲဒီ စိတ်ကလေးဟာ ဘယ်တုံးက ဖြစ်တာတုံးဆိုလို့ရှိရင်ပေါ့လေ။ အာရုံမြင်တဲ့အခါ၊ မမြင်တဲ့အခါ မနေ့ကမြင်တယ်၊ တမြန်မနေ့ကမြင်တယ်၊ မမြင်လို့ကို မရဘူး။ ဒွါရငါးပါးရဲ့ ဝိညာဉ်ငါးပါးရဲ့ သိတဲ့ ဥစ္စာတွေကပေါ့လေ၊ ပစ္စုပ္ပန်စိတ်ချည်းပဲ။ စိတ်ဇ နက်ဖြန်ခါ သန်ဘက်ခါ မဖြစ်သေးတဲ့ဟာ တစ်ချက်တွေးလို့ရတယ်၊ မနေ့က တမြန်မနေ့က စသည်ဖြင့်ပေါ့လေ။ ဘယ်လောက်ဝေးဝေး စိတ်ကူးလို့ရတဲ့ဥစ္စာ ဒါက မနောဝိညာဉ်က မြင်တာကတော့ဖြင့် ပစ္စုပ္ပန်စိတ်တွေ၊ သူကမြင်တယ်ဆိုတာ ဘာဖြစ်တုံး။ ဘယ်လိုဖြစ်တာတဲ့တုံး၊ ဘယ်တုန်းက စပေါ်သလဲဆိုလို့ရှိရင် အာရုံကို မြင်တဲ့ခါ အခုမြင်ရင် အခုကို ဖြစ်တာပဲ။ ဘယ်မှာ ပျောက်တာတုံး၊ ပေါ်တာက ဒီမှာ စက္ခုပသာဒမှာ၊ ပသာဒလည်း အတွင်းခံဆိုလို့ရှိရင်လည်း ရပါတယ်။ စာမှာလည်းပဲ ဆိုပါတယ်၊ အကြည်ဓာတ်၊ အကြည်ဓာတ်နေရာမှာ ဖြစ်သည်ပေါ့လေ။ အနောက်နိုင်ငံတွေမှာ ရက်တီနာ (Retina)ဆိုတဲ့ ဥစ္စာ၊ မျက်နက်ဝန်း အလယ်မှာပေါ့လေ။ အဲဒီ ပသာဒမှာ။ အဲဒီတော့ မြင်တယ်ဆိုတဲ့ ဥစ္စာက ဘယ်မှာဖြစ်တာလဲဆိုတော့ မျက်စိမှာ။ ဒါကြောင့် စက္ခုဝိညာဉ်စိတ်ဟာ မျက်စိမှာ ဖြစ်တာ။ အဲဒီစိတ်ဟာ ဘယ်မှာမှီတုံး၊ စက္ခုဝတ္ထုမှာ အဲဒီမှာမှီတယ်တဲ့။ ဘာ ဦးနှောက်မှာမှ မှီတာမဟုတ်ဘူး။ အလွန်ထင်ရှားတာပဲ။ ဒီမယ် ဒီတစ်ခုဟာ ဘယ်လောက် ထင်ရှားသလဲဆိုလို့ရှိ ရင်ဒါကြောင့် မြင်သိတဲ့စိတ်ဟာ ဘယ်မှာဖြစ်သလဲဆိုရင် စက္ခုပသာဒ

မှာပဲ ဖြစ်တယ်။

ထိုနည်းအတူ ကြားတာကလည်းပဲ သောတပသာဒမှာ၊ ဒါကြောင့် မြင်တဲ့နေရာမှာ စက္ခုပသာဒ တန်ခိုးအကြီးဆုံး။ မြင်တဲ့နေရာမှာ ဘယ်သူမှ မတုနိုင်ဘူး၊ သေသေချာချာ မြင်တဲ့နေရာမှာ စက္ခုဝိညာဉ်ဟာ တန်ခိုးအကြီးဆုံး၊ ဘယ်ဦးနှောက်မှ တန်ခိုးမကြီးဘူး။ စက္ခုဝိညာဉ်စိတ်၊ စက္ခုပသာဒ ကောင်းလို့ရှိရင်တော့ အဲဒီမြင်တဲ့စိတ်ဟာ ဖြစ်ပြီးသားပဲ။ အဲဒီတော့ စိတ်ဟာ ဘယ်မှာနေတုံးဆိုလို့ရှိရင် မြင်တဲ့စိတ်ဟာ မျက်စိမှာပဲ။ ကြားတဲ့စိတ်ဟာ ဘယ်မှာလဲ၊ သောတပသာဒမှာ အလွန်ထင်ရှားတာပဲ။ နံတဲ့စိတ်ကျတော့ ဃာနပသာဒမှာ။ ပြီးတော့ ဇိဝှာပသာဒက လျှာမှာ။ ကာယပသာဒ ဘယ်လောက်ထင်ရှားတုံး၊ ကိုယ်မှာ ထိချင်တိုင်းထိ ဘယ်နေရာထိထိ ထိလို့သိတဲ့နေရာ။ အဲဒီစိတ်ဟာကျတော့ ဒီမှာထိတဲ့နေရာမှာပေါ်တာပဲ။ ဒီအပိုင်းလေးမှာ မှီတာပဲ။ ဘယ်လောက်ထင်ရှားသလဲဆိုလို့ရှိရင်။

အဲဒါကြောင့် အဲဒီ အပြင်တံခါး အပြင်ပသာဒ ငါးခု၊ အတွင်းက မနောဒွါရ၊ အဲဒီစိတ်ဟာ ဘယ်မှာမှီလဲဆိုလို့ရှိရင် ပေါ့လေ၊ ဘုန်းကြီးတို့ စာမှာတော့ စာမှာ အထင်အရှား ရှိတာကတော့ စိတ်အကြောင်း၊ ဒါလည်းပဲ စပ်မိတဲ့အခါကျတော့ သူတို့ကိုလည်း ပြောရပါတယ်။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာကလည်း အဲဒါ ဒီတစ်ခုနဲ့ပဲ ကျေနပ်ကြတယ်။ ဘုန်းကြီးတို့ ဓမ္မပဒမှာဆိုတာ ရှိတယ် မဟုတ်လား။ ဘုန်းကြီးတို့ ဒီပရိသတ်က အကုန်လုံး သိပြီးသားပါ။ ဒီတရားတော်ကို "ဒူရင်္ဂမံ ဧကစာရံ၊ အသရီရံ ဂုဟာသယံ" ဆိုလိုရင်းက စိတ်သည်တဲ့ ဒူရင်္ဂမံ–ဝေးချင်တိုင်းဝေး အဝေးမှာရှိ

တဲ့ အာရုံကို ယူတတ်တယ်တဲ့။ ဒုရက်မံ–ဘယ်လောက်ဝေးဝေး နတ်ပြည်၊ ဗြဟ္မာ့ပြည် ဖြစ်ပါစေ။ စိတ်ယူတာကို ပြောတာ။ နေရာပြောတာမဟုတ်ဘူး။ နတ်ပြည် လှမ်းအောက်မေ့တယ်။

ဥပသမာနုဿတိဆိုတာ နိဗ္ဗာန်ကို အာရုံပြုတာ၊ ပုထုဇဉ်က နိဗ္ဗာန်အာရုံကို ပြုနိုင်တာပဲ။ နိဗ္ဗာန်ရဲ့ အေးမြသော သဘော၊ ကမ္မဋ္ဌာန်းရှုတဲ့ဥစ္စာ၊ ဥပသမာနုဿတိ ဆိုတာ နိဗ္ဗာန်ကို အာရုံပြုတာ။ နိဗ္ဗာန်တောင်မှ လှမ်းအောက်မေ့နိုင်လို့ရှိရင် ဒိပြင်ဟာတွေ ပြောစရာ မရှိတော့ဘူး။

အဝေးကြီးက အာရုံကို ယူနိုင်တယ်။ ကေစာရံ–တစ်ကြိမ်မှာ အာရုံတစ်ခုပဲ ယူနိုင်တယ်။ နှစ်ကြိမ်ပူးယူလို့ မရဘူး။ ဒီတော့ အာရုံတစ်ခုပြီးမှတစ်ခု ယူလို့ရတယ်။ အသရီရံ–ခန္ဓာကိုယ်အလုံး ဒီဟာသဏ္ဌာန်မရှိ။ ဂုဟာသယံ–နှလုံးတည်းဟူသော လိုဏ်ဂူမှာ အမှီ ပြုတယ်တဲ့။ အဲဒီ ဂုဟာသယံကိုလည်း အမျိုးမျိုး အဓိပ္ပာယ်ပြန်ကြပါတယ်။ အများကတော့ အဲဒီ ဂုဟာသယံဆိုတဲ့ ဥစ္စာ နှလုံးတည်းဟူသော နှလုံးအိမ်ကို ပြောတာပဲတဲ့။ ဒီလိုရှိတာပေါ့။

## အာရုံနှစ်ခု တစ်ပြိုင်နက် ယူနိုင်တယ်ဟုငြင်းကြ

အနောက်နိုင်ငံသားတွေက ငြင်းတာ ဘယ်လိုငြင်းသလဲဆိုလို့ရှိရင် စိတ္တက္ခဏ,စိတ်ခဏလေး တစ်ခုမှာ အာရုံနှစ်ခု မယူနိုင်ဘူးဆိုတာ အဲဒါ မှားတယ်တဲ့။ ဘုန်းကြီးတို့ကို တရားဟောရင်းကိုပြောတာ။ "အာ, အရှင်ဘုရား မှားနေပြီ၊ မှားနေပြီ"တဲ့။ "ဘာမှားသလဲ ဆိုလို့ရှိရင်ဖြင့် အာရုံနှစ်ခုကို တစ်ပြိုင်နက် မယူနိုင်ဘူး ဆိုတာ မှားတာပေါ့တဲ့"။ ကဲ မှားတဲ့အကြောင်း သက်သေပြစမ်းပါ

ဆိုတော့ သူက ဘာတွေပြောသလဲ။ “ရုပ်ရှင်ကြည့်တဲ့ လူတစ်ယောက် အရုပ်ကားကြီးကို ကြည့်နေတယ်။ မင်းသားဖြစ်ဖြစ်၊ မင်းသမီးဖြစ်ဖြစ်ပေါ့ဗျာ၊ ကြည့်နေတယ်ဆိုလို့ရှိရင် ဟော,ရူပါရုံ မြင်နေရတယ်။ နားကလည်း သီချင်းဆိုတာကို ကြားနေရတယ်။ ကြည့်စမ်း– မြင်လည်း မြင်ရသေးရဲ့၊ ကြားလည်း ကြားရသေးရဲ့။ နှာခေါင်းကလည်း ကိုယ်နားကလူ မွှေးတယ်ဆိုရင် မွှေးတဲ့အနံ့လေး ခံလိုက်သေးတယ်။ နံတယ်ဆိုရင်လည်းပဲ နံတဲ့အနံ့လေး ခံလိုက်သေးတယ်။ မြင်လည်း မြင်သေးရဲ့၊ ကြားလည်း ကြားသေးရဲ့၊ နံလည်းနံသေးရဲ့၊ အမှယ် အရသာလေးလည်း စားပြီးတော့ပေါ့ဗျာ ... ဟုတ်လား။ ရုပ်ရှင်ရုံထဲမှာ ဘာတွေစားကြလဲ၊ အဲဒါတွေ စားကြပြီးတော့ ဟော အရသာကိုလည်း ခံလိုက်သေးရဲ့၊ ကိုယ်နားက ထိတယ်ဆိုတော့ လူတစ်ယောက်က ထိလာရင်လည်း စိတ်ကဒါကို အာရုံပြုလိုက်သေးရဲ့၊ အရှင်ဘုရားက ပြောတယ်။ ဘုရားက ဟောတဲ့ စိတ်ဟာ အာရုံတစ်ခုကို တစ်ကြိမ်ပဲ ယူနိုင်တယ်ဆိုတာ ဘယ်မှာ ဟုတ်လို့လဲ၊ ငါးခုကို ယူနိုင်တယ်။ ဒါတင်မကဘူး။ ခြောက်ခုကို ယူနိုင်တယ်။ အဲဒီမှာ စိတ်ကူးတာလည်း ပါလိုက်သေးတယ်” ဆိုတော့ လုံးလုံးကြီး ငြင်းပယ်တာပေါ့။ သူတို့ သက်သေက ဒါပဲ။

ကဲ, အဲဒါ ဘယ့်နှယ်လုပ် ဖြေမတုံး။ ဘုရားဟောတာကို လက်ကို မခံဘူး။ မခံချင်ဖြစ်တာ ဟုတ်ကို မဟုတ်ဘူးလို့ ပြောသေးတယ်။ သက်သေကခုတွင်က ပြောတဲ့အတိုင်း တစ်ခါတည်း အာရုံခြောက်ပါးကြီး တစ်ပြိုင်နက် ယူနိုင်တဲ့ဥစ္စာ၊ ကိုယ်တော်က တစ်ကြိမ်ကို တစ်ခါပဲ ယူလို့ရတယ်ဆိုတာ ဘယ်မှာ ဟုတ်လို့တုံး။ အဲဒါ သူတို့ငြင်းကွက်ပဲ။ အဲဒီတော့ အဖြေက ခင်ဗျားတို့ မဟုတ်ဘူး

ဆိုတာ ဟုတ်အောင်၊ ခင်ဗျားတို့ မှားတယ်ဆိုတာ မှန်အောင်၊ သက်သေပြရမှာပေါ့။ စဉ်းစားကြပါလို့ ပိတ်ကားကြီးပေါ်က မင်းသား ဆိုပါတော့ဗျာ၊ အဲဒီမင်းသားကို ကြည့်နေမယ်ဆိုလို့ရှိရင်ပေါ့။ ကိုယ်သိတဲ့ မင်းသားတစ်ယောက်ပေါ့။ အာ,ဒီလူဟာ မင်းသား ဘယ်သူ ဘယ်သူပေါ့လေ။ နာမည်ကြီးတဲ့ မင်းသား၊ အဲဒီလိုသာ အောက်မေ့နေလို့ရှိရင်၊ အဲဒီလိုသာ အာရုံစိုက်ပြီးတော့ အောက်မေ့နေလို့ရှိရင် ဒိုပြင် အသံတွေဟာ ကြားနေပေတဲ့ ဘာသံမှန်းကို မသိဘူး။ အသံတော့ နားကမလေးလို့ အသံတော့ ကြားရတယ်။ အာရုံပြုတာက မင်းသားရဲ့ရုပ်ကို၊ ဟိုလူကိုကြည့်နေတဲ့ အခါကျတော့ပေါ့လေ။ ဒိုပြင်ဟာတွေ အနားကလူတွေ မြင်ရပေမယ့် ကွဲကွဲပြားပြား မမြင်ရဘူး။ ပြားပြီးတော့နေတယ်။ အာရုံစိုက်တာက ဒီတစ်ခုကိုပဲ။ အဲဒီအာရုံစိုက်ကြည့်နေပြီးတော့ကာ သီချင်းဆိုသံကို ကြားလိုက်မယ် ဆိုရင်လည်း မင်းသမီးဖြစ်ဖြစ် မင်းသားဖြစ်ဖြစ်၊ ဟာ,ဒါ ဘယ်သူ့ အသံပဲ။ အသံအောက်မေ့တာနဲ့ ခုတင်က ဟိုဟာကြီးကပေါ့လေ၊ ခုတင်က ရုပ်ဟာ မရှင်းတော့ဘူး။ အသံကို အာရုံပြုလိုက်မယ်ဆိုလို့ ရှိရင် မျက်စိကမမွဲလို့သာ ရုပ်ကြီးကိုတော့ မြင်နေရတယ်။ ခုတင်က သူ့ကို အာရုံပြုတာ မရှိတော့တဲ့အတွက် ရုပ်ကြီးဟာ ပြားရုပ်ကြီး ဖြစ်နေတယ်။ အသံကို အာရုံပြုတဲ့အခါကျတော့လည်း ဟောဒါ ဘယ်သူ့အသံလေးပါ၊ ဟော, အသံကို အာရုံပြုလိုက်တာနဲ့ ဟိုရုပ်ကြီးဟာ ပြားပြားကြီး ဖြစ်သွားတာပဲ။ ပြီးတော့ ကိုယ့်အနားမှာ နံ့နေတဲ့ အနံ့တစ်ခုခုကို ကိုယ့်နားမှာ မွှေးတယ်ဆိုရင်၊ ဟောဒါ ဘာရေမွှေး၊ ဒီဟာ ဂျာမဏီက ဖြစ်တာလား၊ ပြင်သစ်က ဖြစ်တာ လား၊ အဲဒီအမွှေးဟာ ဘာနံ့ပါလိမ့်လို့ အာရုံပြုသည်နှင့် တစ်ပြိုင်နက်

သိချင်းက ဘာသိချင်းမှန်းကို မသိဘူး။ ဟိုရုပ်ကလည်း ဘယ်သူ့ရုပ်မှန်းတောင် မသိတော့ဘူး။ အာရုံပြုတာသာ ပြုနေတာ။ ဒါ့အတူပဲ အရသာလည်း အရသာ ကောင်းလိုက်တာလို့ ဖြစ်နေမယ်ဆိုရင် အသံလည်း ကောင်းကောင်း မကြားရတော့ဘူး။ ပြီးတော့ ထိတဲ့အခါ၊ ဟ,ဘယ်သူလာထိပါလိမ့်မတုံးလို့ စိတ်သာပြောင်းလိုက်၊ ဒီပြင် ဘာမှ မကြားတော့ဘူး။ အဲဒီထိတာပဲ သိနေတော့တယ်။ ဘယ်လောက် ထင်ရှားလဲဆိုရင်။

အဲဒါကြောင့် အာရုံဟာ တစ်ကြိမ်ကို တစ်ခါပဲ ရနိုင်တယ်။ တစ်ခုပြီးမှတစ်ခုဆိုတဲ့ ဥစ္စာ ဘယ်လောက်မှန်သလဲလို့၊ ကဲ ဘာများငြင်းနိုင်သေးသလဲဆိုတော့။ အင်း,ဒီလိုဆိုတော့လည်း အဟုတ်သားပဲတဲ့။ အဲဒီလိုပဲ။ ဘယ်နေရာမှာမဆို သက်သေပြပေးနိုင်လို့ရှိရင်တော့ လက်ခံကြတာပါပဲ။

အဲ,အခု ဘယ်နှယ်နာရီရှိသွားပြီလဲ၊ "၅ နာရီ ၁၅ ပါဘုရား"။ ကဲ, တော်ပြီ၊ ဘုန်းကြီးတို့ပြောလေ့ရှိတယ်။ ဘုန်းကြီးက ဥရောပမှာဆိုလို့ရှိရင် ဘယ်သွား ဟောရဟောရ ၄၅ မိနစ်ပဲ။ ဘယ်တက္ကသိုလ်ဖြစ်ဖြစ် ၄၅ မိနစ်ပဲ၊ ၄၅ မိနစ်ဆို ဟောလို့ပြီးတာပဲ။ စာပြနေရင်လည်း ဒီလောက်ပါပဲ။ တရားဟောတဲ့နေရာမှာဆိုလို့ရှိရင်ဖြင့် ဆရာဝန်တစ်ယောက် ပါရသေးတယ်။ "ပရိသတ်များထိန်းသိမ်းဖို့ဆိုပြီးတော့ပေါ့"။ ၄ နာရီခွဲတယ်ဆိုလို့ရှိရင် တရားဟောတဲ့ ပုဂ္ဂိုလ်က ဘယ်လောက် လေရှည်နေချင်လို့ မရဘူး။ တစ်ခါတည်း အချက်ပေးတော့တာပဲ။ အဲဒီလိုကိုး။ တရားဟောတဲ့ ပုဂ္ဂိုလ်ကလည်း မဟောရတော့ဘူး။ ဘုန်းကြီး ပထမတုန်းကတော့ အဲဒီလိုအချက်ပေးရဲ့သားနဲ့ ဟောတဲ့အခါကျတော့အရှေ့နိုင်ငံသားတွေဟာ

စည်းကမ်းမရှိ ဘာမရှိဆိုပြီးတော့ အပြောခံရဖူးသေးတယ်။ (၄၅) မိနစ်ပါဆိုတဲ့ဥစ္စာ၊ ဘယ့်နှယ်လွန်သွားရတုန်း ဆိုပြီးတော့ပေါ့လေ။ အဲဒါမို့ (၄၅) မိနစ်ရှိလို့ရှိရင်တော့ တော်ဦးမှာပဲ။

သာဓု…သာဓု…သာဓု။

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းတိုက်ခန်းမ၌

အရှင်သေဋ္ဌိလ

ဟောကြားတော်မူသော

# လက်တွေ့အသုံးချ အဘိဓမ္မာတရားတော်

ဒုတိယနေ့

(၁၉၈၄ ခု၊ ဒီဇင်ဘာလ ၂၃ ရက်)

- **လှိုင်းဥပမာ**
- **စာထဲမှာမထားကြနဲ့**
- **ဝီထိအကြောင်း**
- **အစဘယ်မှာလဲ**
- **စိတ်အစဉ်ကြီး**
- **ဗုဒ္ဓက အပြည့်အစုံဟောထားတယ်**
- **ပုံဝတ္ထုပြောပြဦးမယ်**

ဘုန်းကြီးတို့ လက်တွေ့အသုံးချ အဘိဓမ္မာတရားတော် ဒုတိယနေ့ တရားပွဲကို စကြရအောင်။ အနောက်နိုင်ငံမှာ ဟောပြော ခဲ့ရတဲ့ အဘိဓမ္မာတရားတော်အကြောင်းကို ပြောရဦးမယ်။ ကဲ,ကဲ၊ စကြဦးစို့။

## ဝီထိချနည်း

ရှေးအစဉ်အဆက်ကပဲ ရှေးလေ့ရှိကြတာကတော့ "ဥပါဒ်–ဋ္ဌီ–ဘင်၊ ဥပါဒ်–ဋ္ဌီ–ဘင်" ဆိုပြီးတော့ပေါ့လေ၊ သုညကလေးတွေ ရှေးလေ့ရှိပါတယ်။

ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ
ဥပါဒ် ဋ္ဌီ ဘင် ဥပါဒ် ဋ္ဌီ ဘင် ဥပါဒ် ဋ္ဌီ ဘင်

သုညလေးတွေ ရှေးကြတာလည်း အဓိပ္ပာယ်ရှိပါတယ်။ ဥပါဒ်–ဋ္ဌီ–ဘင် ဆိုတဲ့ ခဏငယ် (၃) ချက်ဟာ သဘော သဘာဝအားဖြင့် ဘာမျှရှိတာ မဟုတ်ဘူးဆိုတဲ့ အထိမ်းအမှတ် အနေနဲ့ပါပဲ။

ဥပါဒ်၊ ဖြစ်လိုက်တယ်။ ဋ္ဌီ က ကြားထဲမှာ ခဏကလေး။ ဘင် ရောက်ပြီး ချုပ်ကာ ပျောက်ကာ ပျက်သွားပါရော။

နိုင်ငံခြားမှာ အဲဒီ ဥပါဒ်–ဋ္ဌီ–ဘင် ဆိုတဲ့ စိတ်စေတသိက်တို့ ရဲ့ သက်တမ်းတစ်ခု, စိတ္တက္ခဏ (၁) ချက်ကို ပြတဲ့အခါ ဘာမှ မရှိဘူးဆိုတဲ့ အနေနဲ့ သုညသင်္ကေတကို မသုံးဘဲ၊ လှိုင်း Wave ရဲ့

သင်္ကေတကို အသုံးပြုပြီးပြပါတယ်။ လှိုင်းတစ်ခုမှာ ကာလ (၃) ခု တစ်နည်းပြောရရင် Three instants ခဏငယ် (၃) ချက် ရှိတာကိုး။

## လှိုင်းဥပမာ

ဥပါဒ် (ဥပ္ပါဒ) ဆိုတာက အင်္ဂလိပ်လိုတော့ အရိုက်ဇင်း (Arising) ဖြစ်ပေါ်တာကို ဆိုပါတယ်။ နောက် ဌီ (ဌီတိ) ပေါ့၊ တည်နေတာ၊ ရပ်တန့်နေတာ။ ပြီးတော့ ဘင် (ဘင်္ဂ)၊ အင်္ဂလိပ်လို ပတ်ဇင်းအဝေး (Passing away) ပျက်သွားတာ။ အဲဒီ ကြား ကာလလေး၊ ဘာမှမကြာတဲ့ ကာလကလေးကို ဌီ ခဏပေါ့၊ Standing သို့မဟုတ် developing ဆိုပြီး လှိုင်းကလေးတွေနဲ့ ရေးပြ ရတယ်။ အဲသလိုရေးတော့ ဘယ်လိုကျေးဇူးများသလဲဆိုရင် လှိုင်း ကလေးဟာ အပုံ့ပုံ့ တက်လာတယ်၊ ပြေတယ်၊ ကျတယ်ဆိုလို့ ရှိရင် ကျတာဟာ အကြောင်းပဲ။ ဥပမာ–ရာဘာဘောလုံးလေးဟာ ပစ်ချလိုက်ရင် ငြိမ်ပြီးတော့ မနေဘူး။ လေရှိတာဆိုတော့ ခုန်နေ တယ်။ တက်လိုက် ကျလိုက်ပေါ့။ တက်တာက ကျခြင်း၏ အကြောင်း၊ ကျတာက တက်ခြင်း၏ အကြောင်းဆိုပြီးတော့ တစ်ခါ တည်း အားရှိသမျှ တက်လိုက် ကျလိုက် ဖြစ်နေတယ်။ အဲဒါလိုပဲ လှိုင်းဟာလည်း ပထမတက်လာတယ်၊ ပြီးတော့ တည်တယ်၊ နောက်ပြီးတော့ ကျတယ်ဆိုရင် နောက်တစ်ခါ ပြန်တက်ဖို့အတွက် အားယူလိုက်တာပဲပေါ့။ ဒါကြောင့် လှိုင်းတက်တာ ကျတာကို ဥပမာယူပြီး ဥပါဒ်–ဌီ–ဘင်နဲ့ နှိုင်းပြရပါတယ်။

နောက်ပြီးတော့ လှိုင်းကို ဥပမာထားပြီး ပြောရတဲ့အကြောင်း တစ်ရပ်ကလည်း လှိုင်းဟာ တက်လိုက် ကျလိုက်နဲ့ အရှိန်ရှိပြီး သူ့

အလိုအလျောက် တာရှည်ဖြစ်နေတာကိုပဲ သိစေချင်တာလည်း တစ်ချက်ပါ,ပါတယ်။ ဒါဟာ ထွင်ပြောတာ၊ အဆန်းလုပ်ပြောတာ မဟုတ်ပါဘူး။ နားလည်အောင် အထူးသဖြင့် အနောက်နိုင်ငံသားတွေ နားလည်သဘောပေါက်အောင် ပြောရတာပါ။ သူတို့ သဘောပေါက်တဲ့ ဥပမာပေးတော့ ပိုပြီးတော့ ထင်လွယ် မြင်လွယ် ဖြစ်တာပေါ့။ ဒီမှာတော့ ဒါတွေက သိပြီးသားတွေပါ။

## စာထဲမှာမထားကြနဲ့

အခုပြောတာက အသုံးချလို့ရအောင်လို့ပါ။ လက်တွေ့လုပ်လို့ရအောင် စာထဲရှိတာကို တစ်ခါတည်း ကိုယ်တိုင်မြင်လာအောင် ပြောလိုက်တာပဲ။ အလိမ္မာ စာမှာရှိသည်ဆိုတဲ့ အသုံးလေးရှိတယ် မဟုတ်လား။ အဲဒီအလိမ္မာက စာထဲမှာဖြစ်နေပြီး၊ ကိုယ်ထဲမရောက်သေးရင် စာနဲ့ကိုယ်ထဲက အသိဟာ တော်တော်လေး ကွာနေတော့ သဘောပေါက်ဖို့ ခက်ခဲနေတာပေါ့။ စာကိုတော့ ဖတ်ထားပါရဲ့။ ဖတ်ပြီးတော့လည်း အဲဒီစာက စာထဲမှာပဲနေတော့တာပဲ။ ဗီရိုကြီးထဲမှာ စာအုပ်တွေတော့ ရှိပါရဲ့။ ရှိပေမယ့်လို့ ဖတ်ပြီး ဗီရိုကြီးထဲ ပြန်ထည့်ထားလိုက်ရော။ ဖတ်တဲ့အခါလေးမှာပဲ နည်းနည်းလေးပဲ စဉ်းစားဖြစ်လိုက်တယ်။ စာအုပ်လည်း ချလိုက်ရော၊ ဗီရိုထဲ သွင်းလိုက်ရော၊ တစ်ခါတည်း ဟိုထဲ ပြန်ရောက်သွားတယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ကိုယ်ထဲမှာ ကျန်မနေခဲ့လို့။

ဥပမာ လူတစ်ယောက် ဒေါသဖြစ်တယ် ဆိုပါတော့။ ဒါ ... ဥပမာနော်၊ ဒေါသပျောက်တဲ့ဆေးဟာ အများကြီး ရှိတယ် မဟုတ်လား။ ဒေါသနှိမ်နင်းနည်း၊ အဲဒီ နှိမ်နင်းနည်းတွေကို ကိုယ်ထဲမှာ

မရောက်တဲ့အခါကျတော့ ဒေါသဖြစ်လာတယ် ဆိုလို့ရှိရင် အဲဒီ ဒေါသကို မတားဆီးနိုင်ဘဲနဲ့ ကြာလေ ကြာလေ ဒေါသအရှိန်က တက်တက်၊ တက်တက်လာတာ တစ်ခါတည်း လှိုင်းကြီးလို အပေါ်ကို တလိပ်လိပ် တက်လာတဲ့ဥစ္စာ။ အဲဒီအခါ စာအုပ်တွေက မပြောတတ်လို့သာ။ ပြောတတ်မယ်ဆိုလို့ရှိရင်တော့။ "အမယ်လေး ဆရာကြီး၊ ဘုန်းကြီးဆိုလို့ရှိရင်လည်း အရှင်ဘုရား– တပည့်တော်တို့များ ငဲ့ပါဦးဘုရား၊ ညှာပါဦးဘုရား"လို့ အသက်ရှိမယ်ဆိုရင် ပြောကြမှာပေါ့။ အဲဒီလို မပြောတတ်ကြတော့ စာကတခြား၊ လူက တခြား ဖြစ်ဖြစ်နေတယ်။ အဲဒါ သုံးလို့မရဘူးပေါ့။ အဲဒီတော့ သုံးလို့ရအောင် အသုံးပြုလို့ရအောင် လုပ်ကြရမယ်။ ဘယ်မှာ အသုံးပြုရမလဲဆိုရင် နေ့စဉ် နေ့စဉ် ခဏတိုင်း ခဏတိုင်း အသုံးပြုဖို့လိုတာ၊ အဲဒါလိုတာပေါ့။

ဘုန်းကြီး မနေ့က ပြောတဲ့အတိုင်း အနောက်နိုင်ငံသားတွေကတော့ လက်တွေ့ကို သန္ဒိဋ္ဌိကကိုဖြစ်မှ ဒါမှ လက်ခံမှာ ဖြစ်တော့၊ အဲဒါတွေများများ ကိုယ်တိုင်လည်းအသုံးပြု၊ သူများလည်း နားလည်အောင် အမျိုးမျိုးဟောနေတာပါပဲ။

## ဝီထိအကြောင်း

ပဉ္စဒွါရဝီထိဖြစ်တဲ့ အတွက်ကြောင့် အားလုံး လှိုင်းပေါင်း (၁၇) ခုဖြစ်တယ်။ တစ်ခုတစ်ခုမှာ "တက်တယ်၊ တည်တယ်၊ ကျတယ်" ဆိုလို့ရှိရင်တော့ အဲဒီသုံးခုကို စိတ္တက္ခဏလို့ ခေါ်တယ်။ စိတ္တက္ခဏ–စိတ်ရဲ့ ခဏတစ်ခု ဖြစ်တယ်တဲ့။ အဲဒီ စိတ္တက္ခဏလေးဟာ ဘယ်လောက်ကြာလဲဆိုတာ စာထဲမှာပါပြီးသားပဲ။ စာထဲမှာ ကုဋေ

တစ်သိန်းဆိုတဲ့ဥစ္စာ။ ကုဋေတစ်သိန်း တိတိကျကျတော့ ဘယ်ဟုတ်မလဲ။ ဒါတွေ ဘယ်သူသိနိုင်သလဲဆိုရင် ဘယ်သူမှမသိဘူး။ ဘုရားမှတစ်ပါး မသိနိုင်ဘူး၊ မမြင်ဘူး။ ဒါပေတဲ့ များအားကြီးလို့ များတဲ့သဘောနဲ့ တစ်သိန်း တိတိကျကျကြီး မဟုတ်ဘူး။ နှစ်သိန်းလည်း တိတိကျကျကြီးလည်း မဟုတ်ဘူး။ အင်မတန် များအားကြီးတဲ့အတွက်ကြောင့်သင်္ချာနည်းနဲ့ပေါ့၊ အဲဒါ အမြဲအမြဲဖြစ်နေတဲ့ဥစ္စာ။

အဲဒါကို ဘုရားဟောတဲ့အထဲမှာတော့ အဘိဓမ္မာသဂြိုဟ်ထဲမှာလည်း သုံးပါတယ်။ **"ဒီပဇာလာဝိယ နဒီသောတောဝိယ"**။ ဒီပဇာလာဝိယ၊ မီးရောင်ကဲ့သို့။ နဒီသောတောဝိယ၊ မြစ်ရေအလျဉ်ကဲ့သို့ဆိုတဲ့ ဥပမာတွေနဲ့ပေါ့။ စိတ်ဟာ ဘယ်စိတ်လဲ ဆိုလို့ရှိရင် ဘဝင်စိတ်။ အဲဒါကြောင့် ဒီအစီအတန်းဟာ ဘာတွေလဲ ဆိုလို့ရှိရင် စိတ်အစဉ်။ အဲဒီစိတ်အစဉ် (၁၇) ခုဟာ ဘယ်ကလာတာလဲဆိုလို့ရှိရင် ဒါတွေဟာ အသက်တွေချည်းပေါ့။ လူမှာ အသက်ဆိုတဲ့ ဥစ္စာဟာ ဘာကို ခေါ်သလဲဆိုတော့ ဘဝင်စိတ်ပေါ့။ အသက်လို့ ခေါ်တာကိုး။ ဝိညာဉ်၊ ဝိညာဉ်–အဲဒီဝိညာဉ်က နိဗ္ဗာန် မရောက်မချင်း ခုတင်က မြစ်ရေအလျဉ်လို အားရှိရင် အားရှိသလောက် စီးဆင်းလိုက်တာ သမုဒ္ဒရာထဲကျမှ ဆုံးရမှာပဲ။ မြစ်ရေဟာ နောက်ပိတ်ဆုံး ကျတော့ သမုဒ္ဒရာထဲဝင်တဲ့ သဘောနဲ့ အလားတူပဲ၊ ရေစီးကို ဥပမာယူပြီး သောတအာပန္နပေါ့လေ။ သမုဒ္ဒရာထဲဝင်တဲ့ လမ်းမှန်ထဲရောက်ပြီလို့ နိဗ္ဗာန်ကို သုံးထားပါတယ်။ ခုတင်က ဒီပဇာလာဝိယ နဒီသောတောဝိယ က ဘာပြောသလဲဆိုရင် လူတစ်ယောက်မှာရှိတဲ့ သန္တာန်အစဉ်ဟာ ငြိမ်နေတာမဟုတ်ဘူး၊ လှိုင်းများလိုပဲ တက်လိုက် ကျလိုက်၊ တက်လိုက် ကျလိုက် ဖြစ်နေတယ်။ အဲဒါကိုပဲ ဝိညာဉ် ဒီလိုဆိုကြ

တာကိုး။ ဒီဝိညာဉ် ... ဒီအသက်ဆုံးသွားတဲ့အခါ သေတယ်လို့ ခေါ်ကြတာပဲ။

သူ သေသွားပြီ၊ သေသွားတော့ ပြီးပြီလားဆိုတော့ မပြီးပြန်ဘူး။ သေတာဟာ စုတိတဲ့၊ မရဏလည်းသုံးပါတယ်။ အဘိဓမ္မာနဲ့ ပတ်သက်လို့ရှိရင် ဝီထိပိုင်းမှာဆိုရင် စုတိဆိုတဲ့ စကားလုံးကို သုံးကြတယ်။ စုတိဆိုတာ ရွေ့လျောတာ၊ လျှောကျတာ၊ ပျက်ကျတာ၊ သစ်ရွက်တွေ ရင့်ကျက်ပြီးတော့ကို သစ်ပင်ပေါ်က ကြွေကျတာ၊ အသီးတွေမှည့်ပြီးတော့ ကြွေကျတာ၊ ပြီးတော့ ရေစီး ရေယဉ်လိုပဲ။

ဒီနေရာမှာ ဘဝင်နဲ့ ဝီထိ ဒီနှစ်ခုပဲရှိတယ်။ ဝီထိဆိုတာက လှုပ်ရှားနေတဲ့ ဥစ္စာပဲ။ အာရုံတစ်ခုကို တွေ့တဲ့အခါ လှုပ်ရှားသွားတာ၊ ဥပမာ ငြိမ်နေတဲ့ရေထဲကို ခဲနင့်ပစ်ချလိုက်တော့ ရေလှိုင်းကလေးတွေ လှုပ်ရှားသွားတာ၊ လှိုင်းထတာ ဒါ ဝီထိသဘော။ ဘဝင်ကတော့ ငြိမ်ငြိမ်ကလေး- သူက ရေစီးတဲ့၊ ငြိမ်ငြိမ်လေး သွားနေမယ်ဆိုရင် ဒါ ဘဝင်နဲ့တူတယ်။ ဟုတ်ပလား။ ခုန ငြိမ်ငြိမ်လေးစီးတဲ့ ရေနဲ့ တူတဲ့ ဘဝင်ရယ်၊ သွားထိလိုက်တဲ့အခါ မလှုပ်ရှားဘဲ နေလို့ မရတာက ဝီထိ။ ဒီလိုရှိကြတယ်။

အဲဒီ လှုပ်ရှားနေပုံကလည်းပဲ ရေအယဉ်ကဲ့သို့ စကားလိုပေါ့လေ၊ ရေအယဉ်ဆိုတော့ အဲဒါလည်း တော်တော်အရေးကြီးတဲ့ စကားပေါ့။ ဘုရားဟောထားတဲ့ သုံးထားတဲ့ "ဒီပဓာလာဝိယ နဒီသောတောဝိယ"။ မြစ်ရေအယဉ်ကဲ့သို့ ဆိုတော့ မြစ်ရေအယဉ်က ဘာဖြစ်နေတုံး၊ ဘယ်လိုတုံး။ စိတ်က မြစ်လို ရေလိုပဲဆိုတော့ မြစ်ရေစီးတယ်ဆိုတဲ့ ဥစ္စာက ဘာဖြစ်နေတာလဲ၊ မြစ်ရေစီးတယ်ဆိုတဲ့ ဥစ္စာဟာ ကြည့်လိုက်တဲ့အခါကျတော့ ရေပြင်က တစ်ပြင်တည်း

ဖြစ်နေကာကိုး။

ဟာ, ဧရာဝတီမြစ်ထဲ အမှတ်တမဲ့ အရပ်သားအနေနဲ့ ကြည့်မယ်ဆိုရင် မနေ့ကရေလည်း ဒါပဲ၊ တမြန်နေ့က၊ မနှစ်ကရေလည်း ဒါပဲလို့ ထင်တယ်။ ခုတင်က ရေလည်း ဒါပဲလို့ ထင်တယ်။ ဟုတ်ပြီလားဆို ဘယ်ဟုတ်မလဲ။ ခုတင်ကရေတွေ အခု ရှိသေးတယ်ဆိုရင်ဖြင့် စီးတဲ့သဘော ဘယ်သွားမှန်ပါ့မတုံး။ စီးတယ်ဆိုတာ အဟောင်းတွေကို တွန်းတွန်းပစ်နေတာ။ ကလေးတောင်မှ မြင်နိုင်လောက်အောင် ကြည့်မယ်ဆိုလို့ရှိရင် မြင်နိုင်တယ်။ ရေစီးတဲ့ မြစ်ထဲကို သစ်ခက်ကလေး ချကြည့်စမ်း။ တစ်ခုခုလေး ချကြည့်စမ်း။ ချကြည့်မယ်ဆိုရင် ရေစီးက သန်နေတယ်ဆိုရင် ချလိုက်သည်နှင့် တစ်ပြိုင်နက် ချလိုက်တဲ့ နေရာမှာ မရှိတော့ဘူး။ ဒီလိုမြင်သောအားဖြင့် ခုတင်က ရေဟာ ခုမဟုတ်တော့ဘူး။ အဝေးကြီးရောက်နေတယ်။

အဲဒါကို အကြီးအကျယ် လုပ်ပြီးတော့ ဆိုရိုးစကားကြီးအနေနဲ့ အနောက်နိုင်ငံ ဆိုင်ကော်လော်ဂျီ (စိတ္တဗေဒ)မှာ အလွန်သုံးတဲ့ စကားတစ်ရပ် ရှိပါတယ်။ ဂရိတ်ပညာရှိကြီး တစ်ယောက်က သုံးထားတယ်၊ ဘုန်းကြီးတို့ ဘုရားဟောထားတဲ့ စကားနဲ့ တစ်ထပ်တည်းကျနေတယ်။ သူက ဘယ့်နှယ်သုံးထားသလဲ ဆိုလို့ရှိရင်၊ ခုတင်က မြစ်ရေအယဉ် ဥပမာပေးထားတဲ့အတိုင်း သူဆိုတဲ့ အဓိပ္ပာယ်က ပထမတော့ ဂရိတ်ဘာသာနဲ့ပေါ့။ ဒါကို အင်္ဂလိပ်နဲ့ ပြန်ထားတယ်။ ဒီပညာရှင်ကြီးက ဘာပြောသလဲ ဆိုလို့ရှိရင် "ရေစီးနေတဲ့မြစ်ထဲမှာတဲ့ မင်း နှစ်ခါ မဆင်းနိုင်ဘူးတဲ့" ရေစီးနေတဲ့ မြစ်ထဲမှာတဲ့ မင်း နှစ်ခါ မဆင်းနိုင်ဘူးတဲ့ ဆိုလိုရင်းက ဘာပြောသလဲဆိုရင်

ရေစီးနေတဲ့ မြစ်ထဲကို လူတစ်ယောက်က ကမ်းနားကနေပြီးတော့ မြစ်ထဲဆင်းလိုက်၊ ဆင်းပြီး ခြေထောက်လည်း ရေစိုရော ချက်ချင်း ပြန်တက်ခဲ့၊ နောက်တစ်ခါ ဆင်းဆိုရင် ခုတင်က ရေဟာ တစ်စက်မှ မရှိတော့ဘူး။ ဘာဖြစ်လို့တုံး၊ ခုတင်ကရေက စီးသွားကုန်ပြီပဲ။ အဲဒါကို အဲဒီစကားနဲ့ သူက သုံးထားတဲ့ဥစ္စာ။ "တူတဲ့ရေ ရှိသော မြစ်ထဲကို သင် နှစ်ခါဆက်မဆင်းနိုင်ဘူး" တဲ့။

အခု ဆင်းတဲ့ရေဟာ ရေသစ်မြစ်သစ်၊ သင် ခုတင်တုန်းက ခဏလေး ဆင်းလိုက်တဲ့ ဥစ္စာဟာ ရေဟောင်း မြစ်ဟောင်း။ အဲဒီလို ဆိုလိုတာ။ ဘာတစ်ခုမှ အမြဲတည်နေတာ မရှိဘူးလို့ ဆိုတဲ့ အဓိပ္ပာယ်နဲ့ပေါ့လေ။ အဲဒါ ဘုရားသခင် ကိုယ်တော်က စိတ်ကို ရေဥပမာနဲ့ ထားပြီးတော့ သုံးထားတယ်။ အဲဒီ ဂရိတ်ပညာရှင်ကြီး ကလည်းပဲ၊ စိတ်, စိတ်မြန်တဲ့အကြောင်း သူကလည်း သုံးတာပါပဲ။ စာချင်း စာကြည့်တော့ သဘောချင်းကတော့ အတူတူဖြစ်တော့ ... ဘယ်သူက နည်းနည်းနောက်ကျသလဲ ဆိုလို့ရှိရင် ဗုဒ္ဓပွင့်တော်မူတာ နဲ့ ဆိုရင် သူက နည်းနည်းနောက်ကျတယ်။ အမှန်စင်စစ် ပြောမယ် ဆိုရင် ဒီစကားဟာ ဘယ်သူသုံးတာလဲ ဆိုလို့ရှိရင် ဗုဒ္ဓသုံးတဲ့ စကား။ ဗုဒ္ဓသုံးတဲ့ စကား သူကြားဖူးချင်လည်း ကြားဖူးမယ်။ မကြားဖူးချင်လည်း နေမှာပေါ့လေ။ နေပေဦးတော့ သူသုံးတဲ့စကား ဟာ ဗုဒ္ဓနဲ့ တစ်ထပ်တည်းကျတယ်။ အဲဒီရေ ဥပမာလေးဟာ အလွန်အရေးကြီးကြီးထားပြီးတော့ သူတို့ပြောလေ့ရှိကြတယ်။ မမြဲ တဲ့ အကြောင်းပေါ့လေ။ အဲခုတင်က ရေဟာလည်းပဲ အဲဒီလို ဖြစ်ပြီး စီးနေတော့ တစ်ခါတည်း ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်ဆိုတာက လူတစ်ယောက်မှာတော့ သန္တာန်ကြီးက အစီအစဉ်

ကြီးက ခံနေတော့ အစဉ်လိုက်ပြီး ဖြစ်နေတဲ့အခါကျတော့ မြစ်ကြီးစီးနေတဲ့အခါ ရေက တစ်ပြင်တည်း ဖြစ်နေတော့ လူရိုးရိုးမှာတော့ ရေဟာ အတူတူပဲ။ မနေ့ကလည်း အတူတူပဲ။ တမြန်နေ့က ရေလည်း အတူတူပဲ။ ဘာကြောင့်လဲဆိုတော့ တစ်စပ်တည်းဖြစ်နေလို့။ တစ်စပ်တည်း ဆိုရင် ရေပြင်ကြီး မပြောနဲ့၊ ရေခွက်ကလေး ထဲက နည်းနည်းလေးရှိတဲ့ ရေတောင်မှ ကြည့်လိုက်တော့ တစ်ပြင်တည်းလိုပါပဲ။ အဲဒီတစ်ပြင်တည်းက ရေပေါက်ကလေးတွေဟာ မရေတွက်နိုင်တဲ့ သန်းပေါင်းများစွာ ရှိတဲ့ ရေပေါက်ကလေးတွေ စပ်ပြီး ဖြစ်နေပါတယ်။

ဧရာဝတီမြစ်ထဲက မြစ်ရေဆိုရင်တော့ ကုဋေပေါင်းများစွာ ပြောနိုင်ပါတယ်။ ရေပေါက်ကလေးတွေ ပေါင်းနေတာမကဘူး၊ သဲပြင်ကြီးကို ကြည့်တော့လည်းပဲ တစ်ပြင်တည်းပဲ။ သူကလည်း သဲကလေးတွေ ပေါင်းနေတာပဲ။

ရုပ်ရော၊ စိတ်ရောဟာလည်း ကြည့်တော့ တစ်ပြင်တည်းလို ဖြစ်နေတော့ မနေ့ကစိတ်လည်း ဒါပဲ၊ တမြန်နေ့ကစိတ်လည်းပဲ ဒါပဲလို့ ကိုယ့်စိတ်ထဲမှတ်ပြီးတော့ တစ်စိတ်တည်း ထင်နေကြတာကိုး။ ခုတင်က ဧရာဝတီမြစ်ကြီးကို တစ်ပြင်တည်း ထင်နေသလိုပေါ့။ ဒါကြောင့် ဒါကြောင့် ဘုန်းကြီးတို့သင်္ဂြိုဟ်သမားတွေ အဘိဓမ္မာ သင်တန်းသမားတွေကို အသုံးအနှုန်း နားလည်အောင် ပြောဖို့နေရာမှာ အတော့်ကို လိုတာပေါ့။

## အစ ဘယ်မှာလဲ

အဘိဓမ္မာသင်တဲ့အခါ အဲသလို ရှင်းလင်းအောင် ပြောပြ

ရုံနဲ့ မရသေးဘူး။ မြင်လွယ်အောင်ဆိုပြီး ပုံကလေးတွေလည်း ရေးဆွဲပြရသေးတယ်။

တစ်ခါတုန်းက ရေးပြတာ။ ပထမဆုံး ပဋိသန္ဓေက စပြီး အစဉ်အတိုင်း ရေးပြတယ်။ ဒီအစဉ်ကြီးဟာ ဘယ်က စလာတာလဲ ဆိုတဲ့ဥစ္စာ...၊ ဒါကတော့ ပြဿနာပေါ့၊ အဲဒီအစီအစဉ်ကြီး စခဲ့တာ သံသရာအစပေါ့။ သံသရာအစဟာ သတ္တဝါအစပဲ။ ဘယ်တုန်းက စ,တာလဲလို့ မေးကြတာ။

ဗုဒ္ဓဘာသာကို လေ့လာကြတဲ့ အနောက်တိုင်းသားတွေက တော့ ဗုဒ္ဓဘာသာဟာ ကောင်းပါတယ်တဲ့။ ဗုဒ္ဓဟာလည်း ဉာဏ် ရှိတော်မူပါတယ်တဲ့။ ဒါပေမယ့် မပြည့်စုံသေးဘူးတဲ့။ ဘာဖြစ်လို့တုံး ဆိုတော့ အစမရှိဘူး။ အစမရှိဘူးလို့ ပြောကြတယ်။

ဘုရားရှင်က "အနမတဂ္ဂသံသာရ၊ သံသရာ အစမထင်ရှား ဘူး"တဲ့။ မထင်ရှားဘူးလို့ သုံးတာကို မကြိုက်ဘူးထင်တယ်။ ဒါ ကြောင့် ခရစ်ယာန်ထဲက ဗုဒ္ဓဘာသာအကြောင်းကို ဖတ်တဲ့သူက ဗုဒ္ဓဘာသာတရားတွေဟာ ကောင်းတာတွေ ပါပါတယ်တဲ့။ ဒါပေမယ့် မစုံဘူးတဲ့။ တို့ ခရစ်ယာန်လောက် မစုံဘူးတဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ တို့ခရစ်ယာန်က အစလည်းရှိတယ်၊ အလယ်လည်းရှိတယ်၊ အဆုံးလည်းရှိတယ်။ ဗုဒ္ဓဘာသာဟာ အလယ်တော့ရှိပါရဲ့တဲ့၊ အဆုံး လည်း နိဗ္ဗာန်ဆိုတာ ရှိပါရဲ့တဲ့၊ အစမရှိဘူးတဲ့။ ဒါကြောင့် မစုံဘူးတဲ့။ ဒါနဲ့ ဘုန်းကြီးတို့ တရားဟောတဲ့အခါကျတော့ သူတို့ က မေးလေ့ရှိကြတာကိုး။ အဲဒီအကြောင်းတွေ ပြောကြတော့ သူတို့ ခရစ်ယာန်ဘာသာမှာ အစရှိသလားလို့ မေးတော့ ရှိတယ်တဲ့။ ပြော စမ်းပါဦး၊ ဘယ်ကစတုံးဆိုတော့ ထာဝရဘုရားသခင် ဂေါ့ (God)

ကတဲ့။ ဂေါ့ကရော ဘယ်တုံးက စတုံးဆိုတော့ ပြီးပါရော။ ဂေါ့ ဘယ်တုံးက စလဲဆိုတော့ "ဂေါ့က အစမရှိဘူး" တဲ့။ ကြည့် စမ်း၊ ဘယ်အခါမဆို ဒီလိုပဲ အစရှိတယ်လည်း ဆိုသေးရဲ့ ဟုတ် လား၊ ဘယ်တုံးက စမှန်းလည်း မသိဘူး။ ဂေါ့ကြီးဟာ အင်မတန် တန်ခိုး ကြီးတာတဲ့။ အဲဒီတန်ခိုးကြီး ပုဂ္ဂိုလ်ကို ဘယ်သူက ဖန်ဆင်း ထားတာတုံး။ သူလည်း အစရှိရမှာပေါ့။ အဲဒီကျတော့မှ တန်ခိုးရှင် ကြီးမို့လို့ သူတော့ ဖြစ်ချင်သလို ဖြစ်ရတယ်။ ဟာ ... ဖြစ်ချင်သလို ဖြစ်ရမယ်လို့ ဘယ်သူက ပြောတုံး။ စာအုပ်က ပြောတယ်။ စာအုပ် က ပြောတာ ယုံနေကြတာပဲ။ ဘုန်းကြီးတို့ကလည်း ပြောမှာပဲ။ ဟော့ ငါဟာ ဒီကို စလာခဲ့တာပဲလို့ ပြောရင် ဘယ့်နှယ်လုပ်မတုံး။ သူကလည်း ဟို ငါက ပြောတယ်လို့ လုပ်ရင် ဘယ့်နှယ်လုပ်မတုံး။

အစဆိုတဲ့ ဥစ္စာဟာ မပြောနိုင်တာတွေ ရှိတယ်။ တကယ်ရှိ ရင် ပြောနိုင်ရမှာပေါ့။ သူတို့ ထာဝရဘုရားက ပြောမှမပြောနိုင်ဘဲ။ ထာဝရဘုရားတို့ သတ္တဝါအစတို့က ထားလိုက်ပါဦးတော့။ ၂ ခုနဲ့ ၂ ခု ပေါင်းလို့ရှိရင်။ အဲဒါ ဘယ်တုံးက စလဲ။ ပြောစမ်း၊ ဘယ်သူ ကစလဲ။ ဘယ်အခါမဆို ၂ ခုနဲ့ ၂ ခု ပေါင်းရင် ၅ တော့ မဖြစ် ဘူး။ ၆ လည်း မဖြစ်ဘူး။ ၈ လည်း မဖြစ်ဘူး၊ ၄ ပဲ ဖြစ်မှာပဲ။ အဲဒါဘယ်တုန်းကစလဲ၊ ဒါလေးတောင်မှ အစ ဘယ်သူသိသလဲ။ တချို့နိုင်ငံမှာ ဥပမာအားဖြင့် ဩစတြေးလျမှာပေါ့၊ တိုင်းရင်းသား အဘောရီဂျင်းနီး (aborigines) ဆိုတာရှိတယ်။ အာဖရိကမှာဆိုရင် နီဂရိုးဆိုတာ ရှိတယ်။ အဲဒီလူတွေဟာ သူတို့ ဩစတြေးလျက အဘောရီဂျင်းနီးဆိုတဲ့ စာအုပ်တွေ ရေးထားတယ်။ အဲဒီလူတွေက ပေါ့လေ ရှေးသိပ်ကျတယ်၊ (very primitive) အင်မတန်ကို သူက

သတ္တဝါအစဆိုရလောက်အောင်ပေါ့။ ဒါ ဘာလဲဆိုတော့ ရှေးက ဖြစ်ခဲ့တာတွေကို မှတ်ကိုမမှတ်မိဘူး။ ပြီးတော့ တစ်ဘဝ တစ်ဘဝ မှတ်မိဖို့ နေနေသာသာ၊ မနေ့က မမှတ်မိဘူး။ သူတို့ရဲ့ အဲဒီ "အဘောရိဂျင်းနီး" ဆိုတာကို ဘုန်းကြီးတို့ ဥပမာအဖြစ်ကို သုံးလေ့ရှိတယ်။ လူတွေဟာ မမှတ်မိလို့ အတိတ် မရှိဘူးဆိုလို့ မဆိုနိုင်ဘူး။

"အဘောရိဂျင်းနီး" နဲ့ တူတယ်လို့ ဟုတ်လား။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် အဲဒီ အဘောရိဂျင်းနီးက လူ ဘယ်တုန်းက ဖြစ်လာတာလဲ။ ဒီနေ့ ဖြစ်လာတယ်၊ ဒီနေ့မနက် မိုးလင်းက ဖြစ်လာတယ်၊ ဟာ မနေ့က ဖြစ်လာတယ်၊ ဘယ် မနေ့က ရှိရမတုံး၊ မနက်ဖြန် ဘယ်ရှိပါ့မလဲဆိုတဲ့ ဥစ္စာ၊ ဒီတစ်နေ့လေးပဲ။ ပစ္စုပ္ပန်လေးပဲ။ အဲဒီတော့ မညီမမျှတဲ့ လူတွေကို ကြည့်ပေါ့။ တချို့လူတွေဟာ တိုးတက်တယ်၊ တချို့လူတွေကျတော့ မတိုးတက်ဘဲ ဖြစ်နေတာတွေက တစ်နေ့တည်းနဲ့ ဖြစ်ရမယ်ဆိုတော့ ဘယ့်နှယ်လုပ် ဖြစ်နိုင်ပါ့မလဲ။ ဒါကြောင့်မို့ နောက်ဘဝမရှိပါဘူး၊ ရှေးဘဝမရှိပါဘူး ဆိုတာ ဘာဖြစ်လို့လဲဆိုတော့ မမှတ်မိလို့ပေါ့။ ကိုယ်မမှတ်မိလို့သာ မရှိဘူးဆိုရင် မခက်ဘူးလား။ မနှစ်က စကားထိုင်ပြောခဲ့တာ မှတ်မိလား၊ မမှတ်မိဘူး၊ မမှတ်မိတာနဲ့ မဟုတ်နိုင်ဘူးဆိုတာ ဟုတ်မလား။ မမှတ်မိတာနဲ့ ဘာမှမဆိုင်ဘူး။ ဖြစ်တာက ဖြစ်တာပဲ။

## စိတ်အစဉ်ကြီး

အဲဒီတော့ စိတ်ဖြစ်ပုံ အစဉ်ကို ပြောပြဦးမယ်။

စိတ်ဖြစ်ပုံ အစဉ်ရဲ့ အစဟာ မျက်စိက အရာဝတ္ထုကို မြင်

တယ် ဆိုပါတော့။ မျက်စိက မြင်တယ်ဆိုတဲ့ နေရာမှာ မြင်စရာ အာရုံက မျက်စိထဲဝင်တာဟာ သုံးသာသုံးနေတာ၊ အမှန်ကတော့ မျက်စိထဲဝင်တာမဟုတ်ဘူး။ အာရုံဓာတ်အားဖြင့် ထိခိုက်တယ်လို့ ခေါ်တာပဲပေါ့။ ဥပမာ ထပ်ပြောရရင် ဘုရားကြီးတစ်ဆူကို မြင်ရတယ်ဆိုလို့ရှိရင်၊ ဘုရားကြီးက ဒီမျက်စိထဲ လာဝင်တာ ဘယ်ဟုတ်မလဲ။ အဲဒီ အာရုံဟုတ်လား၊ အမှန်ကတော့ အရောင်၊ အရောင်၊ အဆင်း၊ တစ်ခါတည်း အဲဒီအရောင်က အရောင်ဟပ်တဲ့ အခါကျတော့ ဒီမျက်စိပသာဒကို လာပြီးတော့ မြင်တယ်ဆိုတဲ့စိတ်၊ အဲဒီဟာ သွားပြီးတော့ ထိခိုက်တဲ့ ဥစ္စာ။ ထိခိုက်တယ်ဆိုတဲ့ ဥစ္စာကလည်းပဲ၊ ခုတွင်က သဘောချင်း ထိခိုက်တာ ပြောတာ။ ဘုရားကြီးက လာပြီးတော့ မျက်လုံးကြီးနဲ့ သွားထိလို့ ဘုရားကြီးကို မြင်ရတာ မဟုတ်ဘူး။ ဟုတ်ရဲ့လား။ ဘုရားကြီးရဲ့ အာရုံအဆင်း၊ မျက်စိထဲကို ဒီအဆင်းကြီးကကော မျက်စိထဲ ဝင်သလားဆိုတော့လည်း မျက်စိထဲ ဝင်တယ်လို့ ဘယ်ဟုတ်မလဲ။ မျက်စိထဲဝင်တာ မဟုတ်ဘူး။ အလောတော် လာပြီးတော့ တိုက်ဆိုင်တာပါပဲ။ အဲဒီလို ထိခိုက်တာကို ဖဿ လို့ ခေါ်တာပေါ့။ ဥပမာ ထင်ရှားအောင် ထပ်ပြောပြရမယ်ဆိုလို့ရှိရင်ဖြင့် ဒီမျက်စိက ရုပ်မြင်တယ်ဆိုတာ။ ဥပမာ တိုက်ကြီးတစ်တိုက်ကို မြင်ရတယ်ဆိုပါတော့၊ တဖြည်းဖြည်း တဖြည်းဖြည်း ရှေ့ကိုတိုးပြီး သွားကြည့်စမ်း။ မျက်စိနဲ့ တိုက်နံရံကြီးနဲ့ ထိလို့ရှိရင် မြင်ကို မမြင်ရတော့ဘူး။ အလောတော်နေမှ မြင်ရမှာကိုး။ အဲဒီအဆင်းကို မြင်ရတယ်ဆိုတဲ့ဟာ အရာဝတ္ထုရဲ့ ရောင်ပြန်ဟပ်ပြီးတော့ ဒီကလည်းပဲ မျက်စိအတွင်းက အကြည်ဓာတ်၊ အဲဒီ အကြည်ဓာတ်ထဲမှာ အရုပ်ထင်သွားပြီလို့ရှိရင်၊ အရုပ်ထင်ဆို

တာ အရုပ်ထင်လောက်မှသာ မြင်ရတယ်။ အရုပ်မထင်တော့ ဘယ်မြင်တော့မလဲ။ တောင်ကြီးတွေ၊ အဝေးကြီးတွေ မြင်နေရတယ်ဆိုတာ အဲဒီအရုပ်တွေ ထင်မှ မြင်ရတာ။ မှောင်ကြီးထဲကျတော့ အရိပ်မမြင်ဘူး။ အရိပ်မမြင်ရတော့ မထင်တော့ဘူး။ အဲဒီအရိပ် ထင်လောက်အောင်နီးမှ အဲဒီလို နီးလာတာ၊ တိုက်ဆိုင်တာကို ဖဿစေတ် ထိတယ်။ စေတ်ချင်းထိတယ်လို့ ခေါ်တာပေါ့။

အသံကြီးတစ်ခု ဖြစ်လာတယ်ဆိုပါတော့၊ ဥပမာ နားပိတ်လိုက်မယ်ဆိုရင် ဘယ်ကြားရတော့မလဲ။ နှာခေါင်းနဲ့ကျတော့ အနံ့ကိုထိကို ထိနေရမယ်။ လျှာကျတော့ အရသာကို ထိကို ထိရမယ်။ ဒါသမ္ဘဿ၊ ဒါတွေကတော့ စာအုပ်အတိုင်းပါပဲ။ အဲဒါကြောင့် မြင်တယ်ဆိုတဲ့ ဥစ္စာဟာ ဘာဖြစ်သလဲ ဆိုလို့ရှိရင် ခုတင်က ပြောခဲ့သလိုမြင်စရာ အာရုံနဲ့ နီးကပ်လာပြီ ဆိုလို့ရှိရင် မြင်တဲ့သဘော ဖြစ်လာတာပေါ့။

အဲဒီတော့ ဖြစ်ပုံက အဘိဓမ္မာ သဘောအရကတော့ ရိုးရိုးမဖြစ်ဘူး။ သူက ဘာတွေ ဖြစ်လာသလဲ ဆိုရင်ဖြင့် ဒီအတိုင်းကြီးအာရုံတွေက ဝင်သလားဆိုတော့ မဟုတ်ဘူး။ ဒီတိုင်းဝင်လို့ကို မရဘူး။ ဘာဖြစ်လို့လဲဆိုရင် ခုတင်က ဘဝင်စိတ်က သူကလည်းပဲ "ဥပါဒ် ဋ္ဌီ ဘင် ဥပါဒ် ဋ္ဌီ ဘင်"၊ စောစောက ပြောခဲ့တဲ့ ရေလှိုင်းလေးတွေ ရေလှိုင်းတွေ၊ တစ်ခါတည်း "ဥပါဒ် ဋ္ဌီ ဘင် ဥပါဒ် ဋ္ဌီဘင်" ဆိုပြီးတော့ သူကလည်း အဆက်မပြတ် ဖြစ်နေတာဆိုတော့အဲဒီထဲမှာ အာရုံက ခုနပြောတဲ့ တိုက်ဆိုင်လိုက်တဲ့အခါမှာ၊ ဆိုကြပါစို့ မြင်စရာအာရုံ အကြောင်းဆုံလာတဲ့အခါကျတော့ သဘာဝချင်းထိခိုက်လိုက်တဲ့အခါကျတော့ ဘဝင်စိတ်က သူ့အတိုင်း မနေနိုင်

တော့ဘူး။ ဓာတ်ချင်း ထိလိုက်တဲ့အခါကျတော့ သူ မနေနိုင်တော့ဘူး။ မနေနိုင်တော့ ဘာဖြစ်လာသလဲဆိုတော့ တစ်ခါတည်း ရေထဲ ခဲပစ်သလိုပဲတဲ့ လှိုင်းတွေ ထလာသလို ဘဝင်စိတ်ကလည်း တစ်ခါတည်း လှိုင်းကြီးတွေ ထလာတော့တာပဲ။ ဘယ်တုန်းက ဘယ်က စပြီး ထလာသလဲဆိုလို့ရှိရင်၊ ပထမဆုံး ဘဝင်စိတ် မြင်စရာ အာရုံကို ကြည့်လိုက်လို့ မြင်တော့မယ် ဆိုလို့ရှိရင်ပေါ့လေ။ မြင်စရာ အာရုံကို မရောက်ခင် ဘဝင်ထဲကို ဘဝင်နဲ့ သွားထိတဲ့ အခါကျတော့ တစ်ခါတည်း မြင်အားကြီးလွန်းလို့ မြင်စရာ အာရုံကလည်းပဲ သူမှ အစဖြစ်နေတဲ့အတွက်ကြောင့် တစ်ခါတည်း "ဥပါဒ် ဌီ ဘင်" ဆိုတဲ့ ခဏလေး တစ်ခဏလွန်သွားတဲ့ဥစ္စာက အတီတ ဘဝင်တဲ့။ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ဆိုတာတွေပေါ့။

## အတီတဘဝင် စသည်

အတီတဘဝင် ဆိုတဲ့ ဥစ္စာဟာ အာရုံမထင်ခင်၊ မမြင်ခင်၊ အာရုံနဲ့ဘဝင် တိုက်တဲ့အခါကျတော့ တစ်ခါတည်း မထိခင်၊ မထင်ရှားခင်၊ ခဏလေး တစ်ခဏ လွန်သွားတဲ့ဥစ္စာ။ ဘုန်းကြီးတို့ သုံးလေ့ရှိတဲ့ ဥပမာတွေက အမျိုးမျိုးရှိပါတယ်။ ဓာတ်စက်ဖွင့်တဲ့ ဥပမာလည်း ရှိတယ်။ ရှေးတုန်းကတော့ အပ်ကလေးတွေနဲ့ ဓာတ်ပြားလေးတွေ၊ ဓာတ်ပြားခဲလည်း ရှိတာပေါ့။ အပ်သွားနဲ့ ဓာတ်ပြားဟာ ထိလိုက်မယ်ဆိုရင် ထိထိချင်း အ့သံမထင်ရှားဘူး။ ထိပြီးတော့ တစ်ခဏ တစ်ခဏလွန်မှ အသံက ပေါ်လာတယ်။ စဖွင့်လိုက်တဲ့ အခါကျလို့ရှိရင် ဖွင့်ဖွင့်ချင်း အထင်အရှားကြီး မပေါ်သေးဘူး။ ဘာဖြစ်လို့တုံး အားနည်းသေးလို့။ အဲဒီ ခဏလေးကို အတီတဘဝင်

လို့ ခေါ်တာကိုး။ အဲ ပြီးတော့ ခုတင်က မြင်စရာကို မြင်ပြီလားဆို မမြင်ရသေးဘူး။ အခြေပြတ်ရုံပဲ ရှိသေးတာ။

ပြီးတော့လည်း လှုပ်ရှားသွားတဲ့ ဥစ္စာလေးကို ဘဝင်္ဂစလန လို့ခေါ်တယ်။ ဘဝင်္ဂစလန ပြီးတော့မှ တစ်ခါမြင်ဖို့ရာ အာရုံ၊ မမြင်ရသေးဘဲနဲ့ပေါ့ အချိန်ကာလ သုံးခဏ လွန်သွားတယ်။ အတီတ လွန်တဲ့ ခဏရယ်၊ လှုပ်ရှားတဲ့ ခဏရယ်၊ ပြီးတော့ ပြတ်တဲ့ ခဏရယ်။ ဘဝင်္ဂဆိုတာ ဘဝင်္ဂုပစ္ဆေဒ ဆိုပြီးတော့ ဘဝင်အဖြစ်က ရပ်စဲသွားပြီးတော့ ဘာဖြစ်သွားသလဲ ဆိုလို့ရှိရင် ခုတင်က ငြိမ်နေတဲ့ ငြိမ်ငြိမ်လေး လှုပ်နေတဲ့ သူက တစ်ခါတည်း အကြီးအကျယ် လှုပ်တော့မယ်ဆိုလို့ရှိဖြင့် ငြိမ်ငြိမ်လေးက ပြတ်သွားတဲ့ ဥစ္စာဟာပေါ့လေ။ သုံးခဏ ကြာသွားတယ်။ အဲ သုံးခဏရောက်တော့ ပြတ်သွားရော။ မြင်စရာအာရုံလည်း မြင်တော့မယ်နော်။ မြင်ချင်တဲ့ဟာကနေ ပြီးတော့ တန်းတန်းကြီး ထတော့မှာကိုး။ ငြိမ်ငြိမ်လေး ပြတ်သွားတာကို ဘဝင်္ဂုပစ္ဆေဒ။

ပြီးတော့ ဘာဖြစ်သလဲဆိုတော့ အာဝဇ္ဇနဆိုတော့မှ အပိုင်းသုံးခု ပြီးသွားပြီ။ စတုတ္ထလိုင်းက အာဝဇ္ဇန။ အာဝဇ္ဇနဆိုတဲ့ ဥစ္စာ ဆင်ခြင်တယ်လို့ ဘာသာပြန်တယ်။ တစ်နည်း အာဝဇ္ဇန၊ အာဝဇ္ဇန အဲဒါလည်း မမှားဘူး။ အာဝဇ္ဇနဆိုတဲ့ ဥစ္စာဟာ၊ ဘဝင်အဖြစ်မှ ဝီထိအဖြစ်သို့ သေချာ ပြောင်းတဲ့ ဥစ္စာဟာပေါ့လေ။ အဲဒီဟာမှာ ပြောင်းတာ အာဝဇ္ဇန။ ဆင်ခြင်တယ်၊ မြင်တဲ့အခါကျလို့ရှိရင်ဖြင့် ဘာပါလိမ့်မလဲ၊ ဘာပါလိမ့် စသည်ဖြင့်ပေါ့လေ၊ ဘာမှမသိသေးခင်။ "ဟ, ဘာပါလိမ့်"။ အသံကြားလို့ ... ဟ,ဒါ ဘာပါလိမ့်လို့ ဆိုတာမျိုး လိုပဲ။ ပညာရှင်များက သရက်သီး ဥပမာလေးနဲ့ ပြပါတယ်။ ဒါက

ကြားဖူးနေမှလည်း ထင်ရှားပါတယ်။ အဲဒီ ဥပမာကလည်းပဲ ထည့်ပြောဖို့ ကောင်းပါတယ်။ ဥပမာ လူတစ်ယောက်ဟာ အိပ်နေတယ်တဲ့။ ဒါ ဘဝင်စိတ်ကို ဘဝင်နဲ့ ဝီထိကို သူ ဥပမာပေးတဲ့ဥစ္စာ။ လူတစ်ယောက်ဟာ တစ်ခါတည်း သရက်ပင်ရင်းမှာ ခေါင်းမြီးခြုံပြီးတော့ အိပ်နေတယ်။ အိပ်တော့ သရက်သီးက ကြွေကျတယ်။ သူကလည်း အိပ်မောကျနေတုန်းပဲ။ သရက်သီးက ကြွေကျတော့ "ဟ,ဘာပါလိမ့်"။ အဲဒီအခါလေးဟာ ဘာနဲ့တူသလဲဆိုရင် အာဝဇ္ဇန်းနဲ့တူတယ်တဲ့။ သူက ငြိမ်ပြီးတော့ အိပ်နေတဲ့အချိန်၊ ဘဝင်ကျနေတဲ့အချိန်ကြားတဲ့ ဖုတ်ခနဲဆို အသံကြားလိုက်တော့ လန့်နိုးသွားတယ်။ ဟာ, ဘာပါလိမ့် သူက အာဝဇ္ဇနပဲ။

အာဝဇ္ဇနပြီးရင် ဘာတုံး၊ စက္ခုဝိညာဉ်။ အာဝဇ္ဇနပြီးတော့ စက္ခု။ မြင်ပြီတဲ့။ ခုတင်က ခေါင်းမြီးခြုံတဲ့ ဥပမာလည်း ဆက်သုံးလို့ ရတယ်။ "ဘာပါလိမ့်မတုံး" ဆိုတော့ မျက်စိဖွင့်ကြည့်တဲ့အခါ "မြင်ပြီ"၊ ဘာမြင်တုံးဆိုတော့ သရက်သီးပါပဲ။ အဲဒါ စက္ခုဝိညာဉ်က မြင်တာ။ ဒါတွေကတော့ ရိုးသွားပြီ။

ပြီးတော့ ဘာဆက်ဖြစ်သလဲဆိုရင် အဲဒါလေးကို ကောက်ယူပြီးတော့၊ အဲဒီလို ကောက်ယူစုံစမ်းတာကို သမ္ပဋိစ္ဆန၊ အာရုံကို မြင်တဲ့အခါ ကျပြီးလို့ရှိရင် ပထမဆုံး ဘာပါလိမ့် စုံစမ်းလိုက်တယ်။ ကြည့်ပြီ မြင်ပြီ။ အဲ, မြင်ပေတဲ့ အဲဒီ မြင်တာလေးကို မလွှတ်သေးဘူး။ ဘာပါလိမ့်၊ ကိုင်ထားတယ်။ လက်မလွှတ်သေးဘူး။ ဘာမှ မသိသေးဘဲကိုး။ အဲဒါ ဘာနဲ့ တူသလဲဆို ခုတင်က အိပ်တဲ့အနားမှာ သွားကျတယ်၊ သရက်သီးလေးဆိုပြီးတော့ ကောက်ယူတာနဲ့ တူတယ်တဲ့။

ဆက်ပြောဦးမယ်၊ သမ္ပဋိစ္ဆနပြီးရင် သန္တီရဏ "ဟ,ဒီဥစ္စာဟာ မှည့်ပြီလား၊ မမှည့်ဘူးလား" စုံစမ်းတာ သန္တီရဏ။ မြင်တဲ့အခါ မှာလည်းပဲ "ငါ မြင်တဲ့ဥစ္စာဟာ ဘာလေးပါလိမ့်မလဲ" စုံစမ်းတဲ့ သန္တီရဏ ဖြစ်တယ်။

ပြီးတော့ ဝုဋ္ဌောပန။ ဝုဋ္ဌောပနဆိုတာ ဝုဋ္ဌောပဲ။ ဆုံးဖြတ်တာ။ သရက်သီး ဥပမာမှာပဲ သန္တီရဏဆိုတာ စုံစမ်းဟာ။ ဝုဋ္ဌောကျတော့ ဒါ မှည့်တာပဲ။ မမှည့်ဘူးလား စသည်အားဖြင့် စုံစမ်းလိုက်တော့ ဒါ မှည့်ပြီလို့ ဝုဋ္ဌောက ဆုံးဖြတ်လိုက်တယ်။ ဥပမာပေါ့၊ မှည့်ပြီဆိုရင် ဘာလုပ်မလဲ၊ ဟာ,မှည့်ပြီဆိုရင် စားရမှာပေါ့။ စားလိုက်တဲ့ ဥစ္စာက ဇောနဲ့ တူတယ်တဲ့။ ကောင်းတယ်ဆိုရင် တစ်ခါတည်း တစ်လုံးလုံး ကိုက်စားလို့ရတာမှ မဟုတ်ဘဲ၊ သရက်တစ်လုံးဆိုတော့ နည်းနည်း ချင်း သူက အရသာ ခံပြီးတော့ စားတယ်။ အဲဒါ ဇောနဲ့ တူတယ် တဲ့။ စားပြီးတော့ အားရအောင် စားပြီးတော့ပေါ့။ တစ်ခါတည်း ပြန်ပြီးတော့ အိပ်သွားပြန်ရော။ ခေါင်းမြီးခြုံပြီးတော့ တစ်ခါ ပြန် အိပ်ပြန်ရောတဲ့။

စောင်ပြန်ခြုံတာ ဘာနဲ့ တူသလဲဆိုရင် ပြန်အိပ်တာတော့ ဘဝင်ပဲ။ ခုတင်က သရက်သီး ဥပမာနဲ့ လှုပ်ရှားတာ အားလုံးဟာ စိတ္တက္ခဏပေါင်း၊ တစ်နည်း လှိုင်းပေါင်း (၁၇) ခု ကြာတယ်။ စိတ္တက္ခဏပေါင်း စိတ်ခဏပေါင်း (၁၇) ချက်ပေါ့။ ခုတင်က ပြော ခဲ့တဲ့အတိုင်း ရေအယဉ်လိုပဲ။

ရုပ်အကြောင်း ပြောပြဦးမယ်။ ရုပ်လည်း လှုပ်ရှားနေတာပဲ။ စိတ်လိုပဲ လှုပ်ရှားနေတယ်။ ဒါပေတဲ့ စိတ်လောက် မမြန်ဘူး။ စိတ် လှုပ်ရှားပုံက "ရုပ်ကြီး ထပေါ့" ရုပ်ကြီးက ထပြီးတော့ လုပ်ချင်

တိုင်း လုပ်လို့မရဘူး။ စိတ်ကတော့ ထဆို ထပြီးပြီ။ သွားဆို ပြေး တောင်ပြေးပြီးပြီ။ သူက မြန်တာကိုး။ အဲ ရုပ်ကျတော့ ခုတင်က စိတ်ပေါင်း (၁၇) ချက်နဲ့ သွားပြီးတော့ ညီမျှပြီး "ဥပါဒ် ဋ္ဌီ ဘင်" ပဲ။ "ဥပါဒ် ဋ္ဌီ ဘင်" ပြီးတော့ တစ်ခါတည်း ဋ္ဌီခဏနဲ့ ပွားလာတဲ့ အတွက်ကြောင့် နောက်ပိတ်ဆုံး ဘင် ဆိုတဲ့ အချိန်ဖြစ်၊ ဒီ ရုပ်ခဏ ကတော့ တစ်ခါတည်း ပျက်သွားတာပဲ။ ဒါ, စိတ်ခဏပေါင်း (၁၇) ခုနဲ့ ရုပ်ခဏတစ်ခုနဲ့ ညီမျှတယ်ဆိုတဲ့ ဥစ္စာ။ အဲဒီကျတော့ ဘာဖြစ် သွားတုံး ခုတင်က မြင်တဲ့ရုပ်ဟာ အခုရုပ် မဟုတ်တော့ဘူး။ နောက်တစ်ခါ မြင်ရင်လည်း နောက်ထပ် ရုပ်အသစ်ပဲ။ တစ်ခါ မြင်တဲ့ ရုပ်ကတော့ဖြင့် စိတ်ခဏပေါင်း (၁၇) ချက် ကြာမယ်။ အဲဒါက အဋ္ဌကထာမှာ ပြထားတဲ့ အတိုင်းပါပဲ။

## ဗုဒ္ဓက အပြည့်အစုံ ဟောထားတယ်

ဗုဒ္ဓက စိတ်အကြောင်း၊ စေတသိက်အကြောင်း၊ ရုပ်အကြောင်း ဆိုပြီး အပြည့်အစုံ ဟောတော်မူခဲ့ပါတယ်။ စိတ်ကို လေ့လာသော အားဖြင့် တန်ခိုးထွားအောင် ဘယ်လိုလုပ်၊ ဒီလိုလည်း ဟောတော် မူတယ်။ စိတ်တန်ခိုးဟာ အလွန်ကြီးကျယ်တယ်။ သူ့ကို အရင်းခံ ပြီးတော့ လုပ်ချင်တာလုပ်၊ မြေလှိုးမိုးပျံအောင်လုပ်၊ ရတာပါပဲ။ ဗုဒ္ဓက မင်းတို့စိတ်ဟာ အလွန်တန်ခိုးရှိတာ၊ ဘယ်လိုသုံးရမယ် ဆိုတဲ့ ဥစ္စာ ... အဲဒါ ဗုဒ္ဓရဲ့ တရားတော်ပဲ။ အပြည့်အစုံ ပြထားတဲ့ တရားတော်တွေပဲ။

သုတ္တန် တရားတွေက ပြတယ်ဆိုပေမယ့် တစ်ပိုင်းတစ်စပဲ။ လူနားလည်ရုံလောက်ပဲ။ အဘိဓမ္မာ တရားမှာလို အပြည့်အစုံ

မဟုတ်ဘူး။ အဘိဓမ္မာက ပြတဲ့နေရာမှာ ရုပ်ဆိုရင် ရုပ် (၂၈) ပါး၊ ဒီလိုပြတယ်။ သုတ္တန်ကျတော့ ရုပ် (၂၈) ပါး ခုလို ဘယ်သုတ္တန်မှာမှ မရှိဘူး။ ဓာတ် (၁၈) ပါးလည်း ဓာတ် (၁၈) ပါးလုံးပြတဲ့ သုတ္တန်က အလွန်ရှားတယ်။ ရုပ် (၂၈)၊ စိတ်အကျဉ်း (၈၉)၊ အကျယ် (၁၂၁) ပါးတို့ဆိုတာ အဘိဓမ္မာမှာမှ အစုံအလင် ပြတာကိုး။

သရက်သီးစားတဲ့ ဥပမာကို ပြန်ကြည့်ရင် သိပါတယ်။ "မြင်တယ်" ဆိုတာ မြင်တဲ့ "အာရုံယူ"၊ ပြီးတော့ "စုံစမ်း"၊ စုံစမ်းပြီးတော့ "ဆုံးဖြတ်" တယ်။ ဆုံးဖြတ်တာဟာ အလွန်အရေးကြီးတာပေါ့။ အဲဒီဟာ ဘာလဲဆိုရင် မနောဒွါရာဝဇ္ဇန်းစိတ်။ ပဉ္စဒွါရနေရာမှာလာပြီး ဝုဋ္ဌောကိစ္စနဲ့ဖြစ်လို့ သူက အလွန်အရေးကြီးတဲ့ စိတ်ပေါ့။ သူက ဆုံးဖြတ်တာ။ အာရုံမြင်တဲ့အခါမှာ သရက်သီးလိုပဲ "မမှည့်ဘူးလား"၊ "ကောင်းသလား, မကောင်းဘူးလား" ဆိုတာလို လူတစ်ယောက်ကို မြင်လိုက်တယ်ဆိုလို့ရှိရင်လည်း သရက်သီး ဥပမာလိုပါပဲ။ အဲဒီ မြင်လိုက်တဲ့ ဥစ္စာဟာပေါ့လေ။ ပထမတော့ လူကို ရိုးရိုးမြင်လိုက်တာပဲ။ မြင်တာနဲ့ တစ်ခါတည်း ခုတင်က သဘောနည်းအတိုင်းပဲ ပထမ စက္ခုဝိညာဉ်က မြင်ရုံသာ မြင်လိုက်တာပဲ။ မြင်ပြီးတော့ သူသိအောင်လို့ မြင်တာကို လွှတ်မပစ်သေးဘူး။ လက်ခံပြီးတော့ပေါ့လေ။ စုံစမ်းတယ်။ "ဒီလူဟာ ဘယ်သူပါလိမ့်"။ ပြီးတော့မှ "အာ, ဒါ ဘယ်သူပဲ" ဆိုပြီးတော့ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ခုတင်ကတုန်းက ဝေါဋ္ဌဗ္ဗန (ဝုဋ္ဌော) ဆိုတဲ့ မနောဒွါရာဝဇ္ဇန်းကျတော့ တစ်ခါတည်း ဆုံးဖြတ်လိုက်တော့တာပဲ။ ဆုံးဖြတ်တာမှန်ရင် ကောင်းတဲ့ဘက် အကုန် ဖြစ်ကုန်တာပေါ့။ အဲဒီ ဆုံးဖြတ်ချက်ဟာ အလွန်အရေးကြီးတာပေါ့။ ဝေါဋ္ဌဗ္ဗန အလွန်

အရေးကြီးတာပေါ့။ အဲဒါ "ယောနိသော မနသိကာရ" ဆိုတာ ဒါပဲ။ ကုသိုလ်ဖြစ်တယ် အကုသိုလ်ဖြစ်တယ် ဆိုတာလည်း အဲဒီ နေရာမှာ ဆုံးဖြတ်တဲ့ဥစ္စာပဲ။ ဆုံးဖြတ်တာ မှားသွားရင် "အယောနိ သော မနသိကာရ" (နှလုံးသွင်းမကောင်းတာ) အဲဒီထိ ဖြစ်သွားမယ်။ ဥပမာ–ဒေါသလည်း ဖြစ်နိုင်တယ်။ လောဘလည်း ဖြစ်နိုင်တာပဲ။ မောဟတော့ အမြဲပေါ့။ အဲဒီတော့ မနသိကာရ မှန်ဖို့ အလွန်အရေး ကြီးတာပေါ့။ မှန်သွားလို့ရှိရင်တော့ အကောင်းတွေချည်းပေါ့။ မမှန် လို့ရှိရင် မကောင်းတာ တစ်သီတစ်တန်းကြီး ဆက်ဖြစ်ပြီပေါ့။ လောဘဖြစ်စရာဆိုလည်း သူပဲ။

ဥပမာတစ်ခုပေးချင်တယ်။ တချို့က ဘုန်းကြီးဟာ ခေတ် ဆန်တယ်လို့ ထင်ချင်ထင်မှာပဲ။ ခေတ်ဆန်တာမဟုတ်ဘူး။ ဘုရား ဟောတဲ့ ဥပမာပဲပြမယ်။ အခုခေတ်က အကိုးအကား ရွတ်မဟောရ ဘူးတဲ့။ အဘိဓမ္မာကို ဟောဟော၊ သုတ္တန်ဟောဟော၊ ကိုယ်တော် တို့ ပြောတဲ့စကားက ဘယ်ကျမ်းထဲမှာ ဘယ်နိကာယ်ထဲမှာ၊ ဘယ် ပိဋကတ်ထဲမှာလို့ ထောက်ကို ပြနိုင်ရမယ်။ အလွတ် မဟောရဘူး တဲ့။ အခု ဘုန်းကြီး ဥပမာပေးချင်တာကလည်း အလွတ် မဟုတ် ဘူး။ စာထဲမှာ သိချင်လို့ရှိရင် အင်္ဂုတ္တိုရ်မှာ ပထမဆုံး ဥပမာကို ဖတ်ကြည့်စမ်း။ အာရုံ၊ အာရုံကို မြင်နေရာမှာဖြစ်ဖြစ်–အင်မတန် အထက်သန်ဆုံး အာရုံဟာ ဘယ်သူလဲ ဆိုလို့ရှိရင်ပေါ့လေ။ ဘာလဲ ဆိုရင် ဘယ်လိုထင်ကြလဲ။ အင်္ဂုတ္တိုရ် ဖတ်ဖူးတဲ့လူကတော့ သိမှာ ပါပဲ။ အထက်သန်ဆုံး လူတစ်ယောက်ရဲ့ အထိခိုက်ဆုံး အာရုံဟာ ဘာအာရုံတုံးဆိုတာပါ။ ဘုရားရှင်က ဥပမာပေးတာနော်။ ဘာပြော တုံးဆိုတော့ "မင်းကွာတဲ့၊ ကြည့်စရာတွေ ရူပါရုံဘက်က, ဆိုပါတော့

စိမ့်ကြီး မြိုင်ကြီးတွေကို ကြည့်ရလို့ရှိရင် စိတ်ထဲမှာ အေးလို့တဲ့။ တချို့ကလည်း ဥယျာဉ်ကြီးထဲများ ထိုင်နေရမယ်ဆိုရင် ပန်းပင်တွေနဲ့၊ ရေပန်းကလေးများနဲ့။ ဆိပ်ကမ်းကလေးများ သွားနေရမယ်ဆိုလို့ရှိရင် အေးလို့တဲ့။ တချို့ကလည်း ပေလီလေးများ သွားနေရရင်ပေါ့လေ။ အခုကာလဆိုရင်ဖြင့် ဘယ်ဥယျာဉ်ကြီးတွေ၊ ဆိပ်ကမ်းကြီးတွေ၊ ပန်းတောကြီးတွေထဲ ထိုင်ရတဲ့ဟာ။ နောက်ပြီး ကုန်တိုက်ကြီးတွေထဲ သွားပြီးရင်လည်းပဲ မြင်စရာတွေ ကြည့်စရာတွေ ဟိုကြည့်လည်း လှ၊ ဒီကြည့်လည်း လှ။ ဒါတွေဟာ အရေးမကြီးလား၊ အရေးမကြီးသေးဘူးတဲ့။ ဘာအရေးကြီးဆုံးလဲ ဆိုလို့ရှိရင်ပေါ့လေ အဲဒါပြောချင်လို့ အဲဒါပြောချင်လို့။ ယောကျ်ားအတွက် အရေးအကြီးဆုံးဟာ မိန်းမအာရုံက အရေးအကြီးဆုံးပဲတဲ့။ ယုံရဲ့လား။ မိန်းမအတွက်ကော ဘာအရေးကြီးဆုံးလဲ၊ ဘယ်လောက်ပဲ တောကြီးတောင်ကြီးတွေ လှတယ်ဆိုဆို ယောကျ်ားအရုပ်လောက် လှပါ့မလား။ မဟုတ်ရင် ဘုရားကို ငြင်းတာပဲ။ ဘုန်းကြီးကို ငြင်းတာ မဟုတ်ဘူးနော်။ အဲဒါ ဒကာအတွက်မှာ ရှိလို့ရှိရင်တဲ့ ဒကာမက အလှဆုံး၊ ကိုယ်သဘောကျတဲ့ ဒကာမအရုပ်ဟာ အလှဆုံး။ ဒီထက်လှတာ ဘယ် တောကြီး မြိုင်ကြီး စိမ့်ကြီး ဘာကြီးလှစရာဖြစ်ဖြစ်၊ ဘာတောင်တန်းကြီးဖြစ်ဖြစ်၊ ဘာကြီးဖြစ်ဖြစ်ပေါ့လေ၊ ရှုမျှော်ခင်းကြီး ဘယ်လောက် ကောင်းကောင်းတဲ့၊ အမျိုးသမီး ရုပ်ထက်ကို လှတာ မရှိပါဘူးတဲ့"

အဲ, ခုတင်ကတုန်းက ဥပမာအတိုင်း ဒကာတစ်ယောက်အဲ, ဒကာလို့ဆိုတော့ ဘုန်းကြီးသံ ပါနေတယ်။ ယောကျ်ား တစ်ယောက်ကပေါ့။ အမျိုးသမီးကို မြင်လိုက်တယ်ဆိုရင် ပထမတော့

သူမသိဘူး။ ပထမ မသိဘူး၊ မြင်လိုက်တယ်။ ဒါ မြင်ရုံမြင်လိုက်တာ နော်။ မြင်လိုက်တာနဲ့ နောက်က သညာက တစ်ခါတည်း ပါလာတယ်။ ဒါက မိန်းမပဲ။ မိန်းမပဲ။ အဲဒီ မြင်ရတာလေးကို သူက စုံစမ်းပြန်တယ်။ ဘယ်သူပါလိမ့်မတုံးလို့ ဆိုပြီးတော့ ချောသလား, လှသလားပေါ့ဗျာ။ သူ့စိတ်ထဲမှာပေါ့၊ သန္တီရဏကိစ္စ။ ဝေါဋ္ဌဗ္ဗန (ဝုဋ္ဌော) က ဒါလေးချောလိုက်တာ ဆိုလို့ရှိရင်၊ ချောလိုက်တာဆိုရင် ပြီးပြီလား, မပြီးသေးဘူး။ ချောလိုက်တာဆိုလို့ရှိရင် "ငါလိုချင်လိုက်တာ"၊ ဟော,ကြည့်စမ်း တဇော့ရောက်လာပြီ။ အဲဒါ ဘယ်သူက ဆုံးဖြတ်လဲဆို၊ ဝေါဋ္ဌဗ္ဗနက ဆုံးဖြတ်တာ။ ယောနိသော မနသိကာရ။ ကမ္ဘာပေါင်းများစွာကတည်းက ဝါသနာကြီးက ပါလာတော့ ဒါ မြင်လိုက်တယ်ဆိုရင် သူမနေနိုင်တော့ဘူး။ တက္ကသိုလ်ကျောင်းထွက်ကြီး၊ ဘယ်တက္ကသိုလ်လဲ၊.ကမ္ဘာ့ကာမ တက္ကသိုလ်ကြီးက ထွက်လာတဲ့ ပုဂ္ဂိုလ်ကြီးပဲ။ ဒါ မြင်လိုက်တယ်ဆိုရင် သူက ပါမောက္ခကြီးကိုး၊ တဇော့ဘက်က တဇော့ဘက်က။ အဲ, ဒါ မြင်လိုက်တယ်ဆိုလို့ရှိရင်၊ အမယ်လေး မနေနိုင်တော့ဘူးပေါ့ သူ့မှာ။ ဘာတွေ ဖြစ်လာသလဲ ဆိုလို့ရှိရင် တဇော့တွေ ဖြစ်လာကုန်တာပေါ့။ အဲဒီအခါမှာ "ယောနိသော မနသိကာရ"က ကောင်းလိုက်မယ်ဆိုရင်၊ ဒါကတော့ ပါရမီနဲ့ ဝါသနာထူးသေးတယ်၊ ဒါ အမှန်အတိုင်း ပြောလိုက်တာ။ ပါရမီက ကောင်းတဲ့ဘက်ကို သုံးပြီး၊ မကောင်းတဲ့ဘက်က ဝါသနာဆိုတာကိုး။ ဝါသနာဆိုတာက အလေ့အကျင့်ပဲ။ အလေ့အကျင့်က အကောင်းဘက်မှာ များခဲ့လို့ရှိရင် ပါရမီဖြစ်ပြီး ဘယ်အခါမဆို ကောင်းတာတွေ ဖြစ်နေရော။ မကောင်းဘက်မှာ အလေ့အကျင့်တွေက များနေရင် မကောင်းဘက်

ကို မျောသွားပါရော။ တဏှာထဲ မျောနေရော။

ပြောစရာရှိတာက ကောင်းတာကျတော့ ကောင်းတဲ့ဘက်က ပါရမီ ဖြစ်လာတဲ့ အခါကျတော့ ဒါက အခုမှ ချက်ချင်းလုပ်လို့ မရဘူး။ အရင်က ပါရမီခံလည်းပါမှ ဆိုတာ ဟုတ်တာပေါ့။ ပါရမီ ရှိတဲ့ လူတွေကျတော့ အမျိုးသမီးအာရုံပဲ မြင်လိုက်တယ်။ သူ့မှာ တော့ မတူဘူး၊ အမျိုးသမီးဆိုတော့ ချောလိုက်တာ၊ လှလိုက်တာ ဒီလို မဟုတ်တော့ဘူး။ အမျိုးသမီးဆိုတာ အမှန်ကတော့ ရုပ်ပဲ။ ရုပ်နဲ့နာမ်နဲ့ပဲ။ နှစ်သက်စရာဆိုလို့ ငါထင်လိုက်တာပဲ၊ ငါ အထင်ပါ ပဲလား။ ကြည့်စမ်း၊ ရုပ်နဲ့နာမ် ဘာနှစ်သက်စရာရှိတုံးလို့။ အနိစ္စ သဘောကြီးပဲ။ တော်ကြာနေ ပျက်သွားမှာပဲ၊ ဘယ်လောက် မိတ် ကပ်တွေနဲ့ အလှပြင်ထားပါစေ တော်နေကြာ ပျက်သွားမှာပဲ ဆိုပြီး တော့ ဆင်ခြင်လိုက်မယ်ဆိုရင်၊ တစ်ခါတည်း ကောင်းတဲ့ဘက်က တသီတတန်းကြီးဖြစ်သွားတော့တာပေါ့။ အမြင်မှန်ရပြီးတော့ တဏှာ မပေါ်တော့ဘူး။ ကြည့်စမ်း, ဝဏ္ဏော၊ ဝဏ္ဏောက ဒါ ဘယ်လောက် ကျေးဇူးများသလဲဆိုလို့ရှိရင်။ ပြီးတော့ ဓာတွေကလည်း ဒါပဲ။ ဒီ ဒုက္ခကြီးလွတ်ဖို့၊ ဒီ အနိစ္စကြီးက၊ ဒုက္ခကြီးက လွတ်ဖို့ဆိုပြီးတော့ ကောင်းတာတွေကြီးပဲ တသီတတန်းကြီး တက်သွားတိုင်း တက် သွားတိုင်း၊ လိုက်တဲ့ဥစ္စာ ကုသိုလ်ဓာတွေချည်းပဲ ဖြစ်သွားတယ်။ မနသိကာရနဲ့ဝဏ္ဏောကောင်းတဲ့ အတွက်ကြောင့်ပဲ။ အဲဒီလိုချည်း ထပ်ကာထပ်ကာ ဖြစ်ပြီးတော့ ဒါ ပဋ္ဌဒွါရ မြင်တာနဲ့ ပတ်သက်ပြီး တော့ ပြောတာနော်။

အဲ, မြင်တာနဲ့ ပတ်သက်ပြီးတော့ မြင်ပြီးတာနဲ့ စိတ်က ထပ်ပြီးတော့ စိတ်ကူးပြန်တယ်။ ခုတင်က အမျိုးသမီး မြင်လိုက်တယ်

ဆိုရင် မြင်တာက ပြီးသွားပြီပဲ။ အကြောင်းဆုံလို့သာ မြင်ရတာကိုး။ သူလည်း သူ့ကိစ္စနဲ့၊ ကိုယ်လည်း ကိုယ့်ကိစ္စနဲ့ သွားကြတဲ့အခါကျတော့ အဆက်မပြတ်ဘဲ ဘာလေး ကျန်နေလဲဆိုရင် စိတ်ထဲမှာ စွဲပြီးမြင်လိုက်ရတဲ့ အချောလေး အလှလေးက မပျောက်တော့ဘူး။ အဲဒီလို ဖြစ်နေတာ၊ အဲဒါ စိတ်က ထပ်ကာထပ်ကာ ဇောပြန်ပြီ။ ဇောတော့ ဘာတွေဇောလဲ၊ လောဘဇောတွေ။ စိတ်ကူးကလည်း လောဘဇောပဲ။ အဲဒီလို ဖြစ်ပြီးရင် အဲဒါမရမချင်းဟာ ဒုက္ခကြီးကို ရောက်သွားတော့မှာပဲ။

ကဲ, ရပါပြီတဲ့ဗျာ။ ရပြန်တော့ကော အေးလား။ အာ, ဒုက္ခ။ ဒါတော့ သိကြတဲ့အတိုင်းပေါ့လေ။ ဒုက္ခဘက်က။

အဲ, ကောင်းတဲ့ဘက်ကို ပြောကြဦးစို့။ ခုတင်က ဝေါဋ္ဌဗ္ဗနက ကောင်းကောင်း ဆုံးဖြတ်လိုက်မယ်ဆိုရင် ကောင်းတဲ့ဘက်က တသီတတန်းကြီး ဖြစ်သွားပြီ၊ အမျိုးသမီး စတာတွေဟာ မမြဲတဲ့တရား၊ မမြဲတာမှန်သမျှ ဘယ်တော့မှ သုခ မဟုတ်ဘူး။ ဒုက္ခတွေချည်းပဲ ဆိုပြီးတော့ ဒုက္ခမှန်းသိတယ် ဆိုလို့ရှိရင်ပဲ လွတ်လပ်ခွင့်နဲ့ နီးလာပြီ။ အဲဒီလို ကျေးဇူးတွေ များလာကုန်တာပေါ့။

အဲ, ခုတင်က စက္ခုဝိညာဉ်စိတ် ဖြစ်သွားပြီ။ ဖြစ်သွားပြီးတော့ ဇော (၇) ကြိမ်၊ အင်မတန် ကြီးကျယ်တဲ့ အာရုံမြင်တယ်ဆိုလို့ရှိရင်၊ ရူပါရုံ မြင်တယ်ဆိုလို့ရှိရင် အင်မတန် ကြီးကျယ်တယ်၊ ထင်ရှားတယ် ဆိုလို့ရှိရင် ကြီးကျယ်တယ်လို့ သုံးတဲ့ အတိမဟန္တာရုံ (၇) ကြိမ် ဇောဆိုတဲ့ ဥစ္စာ (၇) တန်၊ ဆက်သန့်တဲ့စိတ်တွေ ဖြစ်တဲ့ဥစ္စာ၊ အဲဒီအခါ ဆုံးဖြတ်တာပေါ့။ အဲဒီအတွင်း ဘာတွေဖြစ်လာသလဲဆိုတော့ လောဘဇောတွေ ဖြစ်နေတယ်။ နောက် မနောဒွါရ

စိတ်ကူးတွေ ထပ်ထပ်ပြီးဖြစ်၊ မနော့ဒွါရကလည်း သူက အကုသိုလ်ဇောတွေ ဖြစ်ပြီးတော့ တသီတတန်းကြီး သွားရော။ ပဉ္စဝိညာဉ်၊ ဝီထိမှာတော့ ဇော (၇) ကြိမ်ပြီး တဒါရုံ။ တဒါရုံဆိုတာ ဇောက အင်မတန် ထက်သန်တာ၊ ထက်သန်တဲ့အခါ (၇) ကြိမ်ဆိုတော့ (၇) ကြိမ်အပြင်ကလည်း ပိုပြီးတော့ မဖြစ်နိုင်ဘူး။ သဘာဝအားဖြင့် မဖြစ်နိုင်တော့ သူက ပြောင်းရတော့မယ်။ ဘယ်ကို ပြောင်းမှာလဲဆိုတော့ "ဘဝင်"။ ထက်သန်တဲ့စိတ် ပြီးတယ်ဆို "ဘဝင်" လာရတော့မှာကိုး၊ ဘဝင်ကလည်း ဖြုန်းခနဲ လုပ်လို့မရဘူး။ ဇောက အလွန်ထက်သန်နေတော့ ဥပမာ အလွန်အားရှိသမျှ ပြေးလာတဲ့လူက ချက်ချင်း ရပ်မယ်ဆိုရင် မရသလိုပဲ။ ဇောက အလွန်ထက်သန်နေတော့ ရပ်လိုက်မယ်ဆိုရင် ဘဝင် ဖြုန်းခနဲဆို မရဘူး။ ဘာဖြစ်လို့လဲဆို အလွန်ဂုဏ်ကြီးတဲ့အတွက်ကြောင့် ကြားမှာ အခံလိုနေတယ်။ အဲဒီအခံလေးကို တဒါရမ္မဏ,တဒါရုံတဲ့။ ဆရာတော်များကလည်းပဲ ဒီအခံလေးတင် မကသေးဘူး၊ တဒါရမ္မဏဆိုတာ အဲဒီကိစ္စလေးက ဘာကျေးဇူးများသလဲဆိုရင် အင်မတန်ကြီးတဲ့ အတိမဟန္တာရုံကျတော့ ကာမအာရုံဖြစ်ပြီး တဒါရုံကျနိုင်တယ်။ တဒါရမ္မဏဆိုတဲ့အတိုင်း ကြားက ညှပ်ကလေးတင်မကဘူး၊ မှတ်မိတယ်၊ မှတ်မိတယ်ဆိုတာ အဲဒီတဒါရုံက မှတ်မိတဲ့ဥစ္စာ။ အဲဒီတော့ အနောက်နိုင်ငံက တချို့လူတွေကပေါ့လေ သူတို့ရေးတဲ့ သဂြိုဟ်တွေမှာ Registering Consciousness လို့ ရေးတာကိုး။ သူတို့ကတော့ သိပ်ခေတ်ဆန်လွန်းအားကြီးတယ်။ နောက်ပိတ်ဆုံး Registered လုပ်လိုက်ပြီဆိုမှ ဒါ အတည်ဖြစ်သွားမှာကိုး။ တဒါရုံကတဲ့ ဘာနဲ့တူသလဲဆိုတော့ ရီဂျစ္စတာလုပ်တာနဲ့ တူတယ်တဲ့။ မြင်တဲ့အာရုံတွေကို နောက်ကို မှတ်မိနေ

အောင် ဆိုပြီးတော့ မှတ်ပုံတင်လိုက်တာပေါ့လေ။ အာရုံဝတ္ထု ကြီး လေလေ၊ တဒါရုံက မှတ်မိလေလေ။ မနေ့က ဘုန်းကြီး ပြောတဲ့ အတိုင်း မကောင်းတာတွေကျတော့ဗျာ လက်ငင်း အကျိုးပေးတယ်။ ကောင်းတာတွေကျတော့ လက်ငင်းအကျိုးမပေးဘူး ဆိုတာ ဘယ် တော့ အကျိုးပေးမှာလဲ ခုတင်က ဇော၊ ဇောမှာ အကျိုးပေးတဲ့ ဥစ္စာ။ လက်ငင်းအကျိုးပေးတယ် ဆိုတဲ့ဥစ္စာ ဇောထက်သန်ရင် အကျိုးပေးတာပဲ၊ ဇော မထက်သန်ရင် အကျိုးပေးနှေးတာပဲ။

ဘုန်းကြီးတို့ ကလေးတွေပြောနေတဲ့ ပုံဝတ္ထုပါ။

## ပုံဝတ္ထု ပြောပြဦးမယ်

ဘုန်းကြီးတို့က အနောက်နိုင်ငံမှာ အဘိဓမ္မာတွေ သင်ပြတဲ့ အခါ ပုံဝတ္ထုတွေကိုလည်း ဆိုင်သလို ညှပ်ပြီး ပြောဟောရပါသေး တယ်။ ဘုန်းကြီးတို့ အနောက်နိုင်ငံ နိုင်ငံခြားတွေမှာ တရားဟော တဲ့အခါ လူကြီးတွေချည်း ဟောရတာ မဟုတ်ဘူး။ ကလေးတွေ လည်း ဟောရပါတယ်။ ကျောင်းတွေဆိုရင် အောက်တန်းလေးတွေ၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ ကောလိပ်၊ ယူနီဗာ စီတီ ပေါင်းစုံ။ များများဟောရတာက ကျောင်းတွေမှာ ဟောရတာ။ ကျောင်းတွေမှာ ဘာတွေ ဟောရသလဲဆိုတော့ စိတ်ဖြစ်ပွားပုံလေး တွေပဲ။ သူတို့နဲ့တော်တဲ့ဥစ္စာလေးတွေ။ ဥပမာလေးတွေနဲ့ လက်ငင်း အကျိုးပေးတဲ့ အကြောင်းလေးတွေ ဟောရပါတယ်။ ဥပမာလေးတွေ ချည်းပဲ ဟောနေရင်လည်း သူတို့ ဘယ်မှတ်မိမလဲ။ ပုံဝတ္ထုကျတော့ မှတ်မိနေတယ်။ ပုံဝတ္ထုက တရားပုံဝတ္ထု။ အဲဒါကို သူတို့က တရား ရယ်လို့ မထင်ဘူး။ ပုံဝတ္ထုပဲလို့ ထင်နေတာပေါ့။ အဲဒီ တရားဝတ္ထု

ကို ပုံဝတ္ထုတွေ ထင်နေပါစေ ပြောရတော့မယ်။ ကလေးတွေဟာ ဗုဒ္ဓဘာသာ မဟုတ်တဲ့ ကလေးတွေ မဟုတ်လား။ ဒီလို ကလေးတွေကို ဗုဒ္ဓဘာသာတရားထဲက စိတ်ဖြစ်ပုံတို့၊ ကုသိုလ်ဖြစ်ပုံတို့၊ အကုသိုလ်ဖြစ်ပုံတို့ကို ဟောနေရတဲ့အခါ ထင်သာ မြင်သာအောင် ဥပမာလေး ထည့်ထည့်ပြော၊ ဥပမာလေး သဘောကျတော့၊ တစ်ခါဟောပြီးတယ်ဆိုရင် နောက်တစ်ခါ ဟောပါဦးလို့ သူတို့က သူတို့ဆရာမကြီးတွေကို တစ်ဆင့်ပူဆာတယ်။ "အရှေ့နိုင်ငံက ဘုန်းကြီး၊ ပုံဝတ္ထုတွေပြောတာ စိတ်ဝင်စားစရာ ကောင်းလိုက်တာ" ဒီဘုန်းကြီး ထပ်ပင့်ပါဦး၊ ထပ်ပင့်ပါဦးလို့ ဆိုပြီးတော့ ကလေးတွေက ပူဆာလို့၊ လူကြီးတွေက ဒီလောက် အရေးထားတာ မဟုတ်ပေမယ့် ကလေးတွေပူဆာတဲ့ ကျောင်းတွေမှာ ထပ်ကာ ထပ်ကာ ဟောရတယ်။ အဲဒီတော့ ပုံဝတ္ထုလေးတွေက စ,ရတယ်။

ပုံကတော့ ရိုးရိုးပါပဲ။ ရှေးရှေးတုန်းကပဲ ဒီထဲမှာ ကြားဖူးတဲ့ လူတွေကလည်း အများကြီးရှိမှာပဲ။ မကြားဖူးသေးတဲ့ လူလည်းရှိဦးမှာပေါ့။ လက်ငင်းအကျိုးပေးပုံ။ ခုတွင်က ယောနိသော မနသိကာရနဲ့ အယောနိသော မနသိကာရ အတွက်ပေါ့လေ။ ဆုံးဖြတ်မှားတဲ့အတွက်ကြောင့် ခံရတဲ့ ပုံဝတ္ထုကတော့ ဝက်ဝံမကြီးတစ်ကောင် ပုံဝတ္ထုပါပဲ။

## ဝက်ဝံမကြီးပုံဝတ္ထု

တောကြီးတစ်တောထဲမှာ ဝက်ဝံမကြီးတစ်ကောင်နဲ့ ဝက်ဝံကလေး (၂) ကောင် နေကြသတဲ့။ ဝက်ဝံဆိုတော့ သိကြတဲ့အတိုင်းပဲ ပျားရည်ကြိုက်တာကိုး။ ပျားရည်အနံ့ဆိုရင် သူက လူတွေထက်

ပိုအသိမြန်တယ်။ အနံ့ရရုံနဲ့ ပျားအုံအနီးအဝေးကိုလည်း သူက သိသေးတယ်။ အခု ဝက်ဝံမကြီးနဲ့ သူ့ကလေး (၂) ကောင်ဟာ တောထဲ အစာရှာထွက်ခဲ့ကြသတဲ့။ ဘာရှာသလဲဆိုလို့ရှိရင် အထူးသဖြင့်တော့ ပျားရည်ပေါ့။ ဒိပြင် အသီးအရွက်တွေလည်း သူတို့ စားတာပေါ့။ ပျားရည်က ဘယ်တော့မဆို သစ်ပင်တိုင်း ရှိတတ်တာပေါ့။ တောထဲရောက်တော့ ဝက်ဝံမကြီးက ကလေးလေး နှစ်ကောင်နဲ့ ပျားရည်လိုက်ရှာနေလိုက်တာ တဖြည်းဖြည်း ပျားနံ့ကတော့ အနံ့ရတယ်။ နီးပြီဟေ့ ဆိုပြီးတော့ အမေကြီးက လောဘနဲ့ ခပ်သွက်သွက်ပြေးတာပေါ့လေ။ ကလေးလေး နှစ်ကောင်ကလည်း ပြေးလိုက်တာပေါ့။ ပြီးတော့ တွေ့ရောတဲ့။ ပျားအုံက သစ်ခေါင်းကြီးထဲမှာ သွားတွေ့တယ်။ သစ်ပင်ကြီး တစ်ပင်ရဲ့ သစ်ခေါင်းကြီးထဲမှာ တွေ့တာပေါ့။ အဲဒီသစ်ပင်ကြီးအောက်မှာ သစ်တုံးကြီးတစ်ခု ရှိပြီး အဲဒီ သစ်တုံးကြီးကလည်း အခေါင်းပါတယ်။ အဲဒီအခေါင်းက ဝင်နိုင် ထွက်နိုင်တဲ့ အပေါက်တစ်ခုပါတယ်။ အဲဒီ သစ်တုံးကြီးဟာ သစ်ပင်မှာ မှီပေမယ့်လို့ပေါ့လေ သစ်တုံးကြီးက မလွတ်တလွတ်၊ အပေါ်က သစ်ကိုင်းခြောက် တစ်ခုကလည်း ပဲနွယ်တွေနဲ့ သစ်ပင်ကြီးအကိုင်းက ကျလာတဲ့ နွယ်တွေနဲ့ ငြိပြီးတော့နေတယ်။ ဝက်ဝံသုံးကောင်က ပျားနံ့အတိုင်း လိုက်လာတာ ပျားအုံသွားတွေ့တယ်။ ဟိုကြည့် ဒီကြည့် ကြည့်လိုက်တဲ့အခါကျတော့ ပျားအုံကို တွေ့သွားတယ်။ ဝက်ဝံမကြီးက၊ ဟာ,ဟန်ကျပြီ ဆိုပြီးတော့ စားမယ်လို့ လုပ်လိုက်တဲ့အခါကျတော့၊ အပေါ်က သစ်ကိုင်းကြီးနဲ့ မလွတ်ဘဲ ဖြစ်နေတယ်။ သစ်ကိုင်းကြီးက မလွတ်တာ သူ မသိဘူး။ သစ်ကိုင်းကြီးက မလွတ်တဲ့အခါကျတော့ သူ့ မောဟက ဘယ်လောက်ကြီး

နေသလဲဆိုရင် စားမယ်လို့ သစ်ခေါင်းထဲ ဝင်လိုက်မယ်လုပ်ရင်း သစ်ကိုင်းခြောက်ကြီးက ခေါင်းကို တိုက်မိရင်းပေါ့။ နှစ်ခါ သုံးခါ လုပ်တဲ့အခါကျတော့ ဒီလိုပဲ ခံနေရတော့ ပျားရည်ကို စားလို့ မရတဲ့အခါ သူ့မောဟက ဘယ်လိုဝင်လာသလဲဆိုရင်၊ သစ်ကိုင်း ခြောက်ကြီးကို ရန်သူလို့ ထင်လာတယ်။ သူက တိရစ္ဆာန်ကိုး။ တိရစ္ဆာန်ဆိုတော့ မောဟတုံးကြီးပေါ့။ အဲဒီ မောဟအတွက်ကြောင့် သစ်တုံးကြီးမှန်း ရန်သူမှန်း မသိဘူး။ နောက်ပြီး သူကလည်း ပျား အုံမြင်ကတည်းကိုက အင်မတန် လောဘဇောကြီး ဖြစ်နေတာကိုး။ ပျားအုံကြီးကို နှိုက်မယ်ဆိုတာက လောဘဇော၊ အဲဒီတော့ချည်းပဲ ဖြစ်ပြီးတော့ နေတဲ့အထဲမှာ စားမယ်လုပ်လိုက်ရင်း အဲဒါကြီးက ခံ ရင်းဆိုတော့ ဟော,သူလိုချင်တဲ့လောဘ လိုချင်တဲ့အတိုင်း မပြည့်စုံ တော့ ဒေါသပေါ်လာတယ်။ ကြည့်စမ်း လောဘနဲ့ ဒေါသဟာ ဘယ်အခါမှ ဒေါသအရင်မဖြစ်ဘူး။

နေရာတိုင်း နေရာတိုင်းကြည့် ဒေါသ ဘာဖြစ်လို့ ဖြစ်လာ တာလဲဆိုလို့ရှိရင် အလိုဆန္ဒတစ်ခု မပြည့်လို့ရှိရင် ဒေါသ ပေါ်လာ တာပေါ့။ ကိုယ်လိုချင်တဲ့ တစ်ခုကို မပြည့်လို့ရှိရင်ဖြင့် ဘယ်သူ့ ကြောင့် ဘယ်ဝါကြောင့် ဆိုပြီး ဒေါသတွေကို ဖြစ်ကုန်တာပဲ။ အဲဒါ ဒေါသဟာ မူလတရား (၂) ပါးထဲမှာ မပါဘူး။ မောဟနဲ့ လောဘ တဏှာဆိုတဲ့ မူလတရား (၂) ပါးမှာ ဒေါသမပါဘူး။ မူ (၃) ခု ထဲမှာတော့ ပါတာပေါ့။ လောဘ၊ ဒေါသ၊ မောဟ။ ဒေါသဟာ လောဘမှဖြစ်ရတာကိုး။ ဟုတ်လား လိုချင်တဲ့ဆန္ဒမပြည့်ရင် ဒေါသ ဟာ တစ်ခါတည်းပေါ်လာတော့တာပဲ။ ဒါ,ဥပမာပေးတာပါ။ ငွေငါး ရာ လိုနေတယ် ဆိုပါတော့။ ခုနေခါ ပြေးဆွဲလို့ရှိရင်တော့၊ ဟ, ငါ့

သူငယ်ချင်း ဒီကောင်၊ ငါ့ကျေးဇူးရှိတဲ့ကောင်ပဲ။ ပြီးတော့ သူက မျှော်လင့်ထားတယ်။ ဒါနဲ့ သွားရော ဆိုပါတော့။ ဟိုလူငယ်ကလည်း အဆင်မပြေတဲ့ အခါကျတော့ "ဟာ, သူငယ်ချင်းရေ၊ ငါးရာတော့ မပေးနိုင်ဘူးကွာ၊ ငါးဆယ်ပဲ ယူပါတော့ကွာ"။ ဒီတော့ လွှင့်ပစ် လိုက်တယ်။ "မင်း ငါးဆယ် ဘာလုပ်ဖို့တုံး"။ သူလိုချင်တဲ့ လောဘကြီးက ငါးရာတန်ကြီးကိုး။ ငါးဆယ်က ဒီပြင် သူ မလို ချင်တဲ့ လောဘ။ ငါးရာဆိုတဲ့ လောဘကြီး မရှိရင်တော့ ငါးကျပ် တောင်မှ အင်မတန် တန်ဖိုးရှိတယ် မဟုတ်လား။ ဘာလုပ်ဖို့တုံး ဆိုပြီးတော့ လွှင့်ပစ်တယ် ကြည့်စမ်း။ အဲဒါ လိုချင်တဲ့ အလိုဆန္ဒက မပြည့်တဲ့အတွက်ကြောင့် ဒေါသ ဖြစ်လာတာပဲ။

ဝက်ဝံမကြီးကလည်း ဒီလိုပဲ။ သူ လိုချင်တဲ့ ပျားရည်စားချင် တဲ့ လောဘမပြည့်တဲ့ အခါကျတော့၊ မောဟက ဟိုဟာကြီးကို ရန်သူလို့ ထင်ပစ်ခဲ့လို့ ရန်သူပဲဆိုပြီး ဒီကောင်ကြီးကို သတ်မယ်ဆို တဲ့ ဒေါသတွေ တစ်ခါတည်း ဖြစ်လာတော့တာပဲ။ သတ်တော့ ဘယ့်နှယ် သတ်ရမလဲဆို၊ တစ်ခါတည်း အပေါ်က ကိုင်းခြောက် ကြီးကို အစွမ်းရှိသမျှ အစွယ်ကြီးနဲ့လည်း ကိုက်တယ်၊ လက်သည်း ကြီးနဲ့လည်း ခြစ်တာပေါ့။ ကုတ်တာပေါ့။ သူက သိမှမသိဘဲ။ ရန် သူလို့ ထင်နေတာကိုး။ ကိုင်း သေရောဟယ် ဆိုပြီးတော့ တစ်ခါ တည်း တွန်းပြီးတော့ လွှတ်ပစ်တာကိုး။ သွားရောလား၊ ဟိုက ပဲနွယ်ပင်တွေနဲ့ပဲ။ ပုခက်တွန်းပစ်တဲ့ အခါကျတော့ ပုခက်ကြီး ဟိုဘက်သွားပြီး ဘယ်ကိုပြန်လာသလဲ၊ ကိုယ့်ဆီလာမှာပေါ့။ အားရှိ သလောက် တွန်းပစ်တဲ့အခါကျတော့ အားရှိသလောက် တစ်ခါတည်း ပြန်လာတာပေါ့။ ကြည့်စမ်း ကံများ ပြန်တယ်ဆိုတာ ဒါပေါ့။ ဒါ,

လက်ငင်း ပြန်ရိုက်တာ။ အဲဒီ သစ်ကိုင်းကြီး ပြန်လာတာကို ဝက်ဝံမကြီးက မရှောင်ဘူး။ ရန်သူလို့ မှတ်နေတော့၊ လာခဲ့ဆိုပြီး မဖယ်ဘဲနေတာကိုး။ မဖယ်ဘဲနေတော့ ဘာဖြစ်သလဲဆိုတော့ ကိုင်းကြီးက သူ့ထက် အားကောင်းနေတဲ့အခါကျတော့၊ တစ်ခါတည်း သူ့ခေါင်းကို ချတာပေါ့။

အဲဒါ သူက ကိုင်းကြီးက ချတယ်ဆိုပြီးတော့ "ကြည့်စမ်း၊ ငါ့ကို ချတယ်" ဆိုပြီး မူးသွားတာပေါ့။ ဒေါသ အကြီးအကျယ် ပိုထွက်လာတယ်။ ဒီကောင်တော့ ဒီတစ်ခါ ငါ အသေသတ်မယ် ဆိုပြီးတော့ ကုတ်ပြန် ဖဲ့ပြန် ကိုက်ပြန်ရော။ ဒုတိယတစ်ကြိမ် ဒေါသပိုကြီးလာပြီး သစ်ကိုင်းကြီးကို ကိုက်တော့လည်း အရင်ကထက် ပိုကိုက်၊ လက်သည်းတွေနဲ့ကုတ်၊ သေရောဟယ် ဆိုပြီးတော့ ပစ်လိုက်တဲ့ဥစ္စာ အရင်ကထက် ပိုအားကောင်းကောင်းနဲ့ ပစ်လိုက်တဲ့ အခါကျတော့ သစ်ကိုင်းကြီးက အရှိန်မြန်မြန်ကြီး သွားပြီးတော့ အရှိန်မြန်မြန်ကြီး ပြန်လာတာပေါ့။ ဒီအခါ သူက ရှောင်လိုက်တယ်။ ကလေးလေး နှစ်ကောင်မှာ ခုတင်က ကလေးလေးကလည်း စားမယ်လို့ ချောင်းနေတဲ့ဥစ္စာ။ ဝက်ဝံမကြီးက ရှောင်တော့ ပထမ ကလေးကို တစ်ခါတည်း သစ်တုံးကြီးနဲ့ ရိုက်မိပြီး ဝက်ဝံကလေး သေရှာရော။ အဲဒါလည်းပဲ ရန်သူက သတ်တယ်လို့ ထင်နေတာ။ စဉ်းစားကြည့်စမ်း။ ပထမ ခေါင်းရိုက်ခံရသေးရဲ့၊ ဒုတိယ ကလေး လည်း အသတ်ခံရသေးရဲ့။ ဒေါသ ဒေါသ စဉ်းစားကြည့်စမ်းပါ။ တတိယအကြိမ်ကျတော့ ဒီကောင် အသေသတ်မယ်။ ဒေါသက ပို ပြီးတော့ မောဟကလည်း ပိုပြီးတော့ ကြီးလာပြန်တယ်။ လောဘ ကလည်း မရတော့ပေါ့လေ။ စိတ်တိုပြီးတော့ ဘယ်တော့မှ နလန်

မထူနိုင်အောင် ကုတ်နိုင်သမျှကုတ်၊ ဖွဲ့နိုင်သမျှဖွဲ့ပြီးတော့ တစ်ခါတည်း ပေါ့၊ အစွမ်းကုန် ပစ်လိုက်မယ်ဆိုပြီးတော့ ပစ်လိုက်ပြန်တာ။ ရှိနိုင်သမျှအား၊ ထုတ်ပစ်လိုက်တဲ့အခါကျတော့ ခုတင်က ပြောတဲ့ ရှိသမျှအားထက် ပိုပြီးတော့ မြန်မြန်ကြီး ပြန်ရိုက်လာရော။ ဒီတစ်ခါကျတော့ မရှောင်တော့ဘူး။ ဝက်ဝံမကြီး ခေါင်းကို ချမိလို့ ဝက်ဝံမကြီး သေရှာရော။ ဝက်ဝံမကြီး သေရှာတယ်။

အဲဒီမှာ စိတ်ဝင်တစား နားထောင်နေကြတဲ့ ကလေးတွေကို ဘုန်းကြီးက မေးကြည့်တယ်။ "ဟေ့၊ ဝက်ဝံမကြီးကို ဘယ်သူသတ်သလဲဟေ့၊ ဖြေကြစမ်းကွာ" ဆိုတော့၊ ကလေးတွေက၊ ဘာအော် သလဲဆိုရင် "သစ်တုံးကြီးကသတ်တာ"။ "သစ်တုံးကြီးက သတ်တာ ဟုတ်ရဲ့လား"။ ကဲ,ဒါ ဘယ်သူက သတ်သလဲဆိုလို့ရှိရင်ဖြင့် ကံက သတ်တယ်ဆိုရင် မှန်တယ်၊ ကံဆိုတာ အလုပ်ပဲ။ သူတို့က တော့ မဟုတ်ဘူး။ သစ်တုံးကြီးက သတ်တယ်။ ကဲ, သစ်တုံးကြီးက သတ်တယ်ဆိုရင် မင်းတို့ တစ်ခါတလေ ကျောင်းကျတော့ ဆရာမကြီးက ရိုက်ပါပြီတဲ့၊ အိမ်ကျတော့ အမေ ကျွန်တော်တော့ အရိုက်ခံရတယ်။ မင်း ဘယ်သူက ရိုက်သလဲ ဆိုလို့ရှိရင်ဖြင့်ပေါ့လေ၊ ဟုတ်လား,ဆရာမကြီးကရိုက်တယ်။ ဟ, ဒီကျတော့ ဆရာမကြီးက ရိုက်တယ်၊ ဟိုကျတော့ သစ်တုံးကြီးက သတ်တယ်။ မင်း ပြောဖို့ ကောင်းတာက ကြိမ်လုံးကြီးက ရိုက်တယ်လို့ ပြောဖို့မကောင်းဘူး လား။ ကြိမ်ကြီးက ဘာရိုက်တတ်လို့လဲကွာ လို့၊ သစ်တုံးကြီးကလည်း ရိုက်တတ်တာမဟုတ်ဘူး။ ကြိမ်ကလည်း ရိုက်တာမဟုတ်ဘူး။ လူက ရိုက်တာ။ ဘာဖြစ်လို့ ရိုက်တုံး ရိုက်စရာရှိလို့ ရိုက်တာ။ သူလုပ်တဲ့ကံက မကောင်းလို့။ အလုပ်က မကောင်းလို့။ သူလုပ်တဲ့ကံက၊ အလုပ်က

မကောင်းတဲ့အတွက်ကြောင့် သူ့ကံက သတ်တဲ့ဥစ္စာ။ အဲဒါ အခြား ဘာသာဝင်ကတော့ ပြောမယ်လို့။ သူတို့ဘုရားက အပြစ်ပေးတာ။ သူတို့ဘုရားက ပြောမှာ။ ဗုဒ္ဓဘာသာမှာ အခြားဘယ်ဘုရားမှ လာပြီးတော့ ဒီလောက်ကလေးနဲ့ လာပြီးတော့ အပြစ်ပေးစရာမလိုဘူး။ ကိုယ့်ဟာကိုယ်။ ဒီလိုထင်ရှားတာပေါ့။ အဲဒါကို ကံ,ကံ၏အကျိုး၊ ဇော အကျိုးပေးတယ်ဆိုတာ ချက်ချင်း အကျိုးပေးတယ်ဆိုတာ အလွန်ထင်ရှားတာပေါ့။

အဲဒီပုံလေးတွေနဲ့ ပြောတဲ့အခါကျတော့ ဒါ လောဘကြောင့်၊ အဲဒီ လောဘဟာ ဝက်ဝံမှာသာ ဖြစ်တာ မဟုတ်ဘူး။ မင်းတို့လည်း ဖြစ်တာပဲ။ တို့လည်း ဖြစ်တာပေါ့။ မင်းတို့ကော အမေ့ဆီက ပိုက်ဆံတောင်းလို့ မရရင်၊ အခြားတစ်ယောက်ယောက်ဆီက တောင်းလို့ မရရင် မင်းတို့ကော လောဘ မဖြစ်ဘူးလား။ ကိုင်း လိုချင်တာကို တောင်းလို့ မပေးဘူးဆိုရင် ဘယ့်နှယ်လုပ်ပါ့မလဲ စသည်ဖြင့် ပေါ့လေ။ ပုံတိုပါဌ်စ ပြောပြီးတော့ ဟောလိုက်မယ်ဆိုရင် လွယ်လွယ် လေးနဲ့ပေါ့။ တစ်သက်လုံး မှတ်မိသွားတာချည်းပဲ။ တချို့များ "ဟို ဘုန်းကြီးလာမယ်ဟေ့၊ ဟိုပုံဝတ္ထုလေး ပြောသွားတဲ့ ဘုန်းကြီး လာမယ်ဟေ့"။ "နောက်ပုံ ပြောပါဦး" ဆိုပြီးတော့ ပုံလေးတွေချည်း ပြောခဲ့ရတယ်။ ဒါ တရားပုံလေးတွေပေါ့၊ အပျော်ပုံ မဟုတ်ဘူး။ အဲဒါကြောင့် ဒါလေးတွေ ဘုန်းကြီးက ပြောရတာပါ။ ကိုင်း– ဒီနေ့ တော့ ဒီလောက်နဲ့ပဲ နိဂုံးချုပ်ရအောင်။

သာဓု . . . သာဓု . . . သာဓု။

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းတိုက်ခန်းမ၌

အရှင်သေဋ္ဌိလ

ဟောကြားတော်မူသော

# လက်တွေ့အသုံးချ အဘိဓမ္မာတရားတော်

တတိယနေ့

(၁၉၈၄ ခု၊ ဒီဇင်ဘာလ ၂၅ ရက်)

- အဌကထာထဲကဗျိုင်း
- အနောက်တိုင်းသားတွေ ကြောက်တဲ့တရား
- ရုပ်ပိုင်းတိုးတက်နေတဲ့ တိုင်းပြည်များ
- ဘာရည်ရွယ်ချက်နဲ့ သင်ကြမလဲ
- အမေရိကမှာ
- လောဘတရား
- စေတနာထက်သန်မှု
- သမာဓိနယ်
- ဒါနစွမ်းရည်
- နိဗ္ဗာန်ရောက်ဖို့ လှေကားထစ်ကြီးတွေ

ဘုန်းကြီးတို့တရားပွဲ တတိယနေ့ကို စ,ကြရအောင်။ ကနေ့ဘာဟောမလဲဆိုရင် အဋ္ဌကထာမှာလာတဲ့ ပုံပြင်တစ်ပုဒ်ကို ပြောပြမယ်။ ပြီးတော့မှ အနောက်နိုင်ငံသားဟာ ဘယ်တရားမျိုးကို ဟောရင် မကြိုက်တတ်ဘူးဆိုတာ ဟောပြပါမယ်။ ဘယ်တရားဟောရင် အနောက်နိုင်ငံသားတွေ သဘောကျတယ်ဆိုတာကို ဗဟုသုတအဖြစ် သိထားပြီးရင် သူတို့မကြိုက်တဲ့ တရားတွေကိုလည်း သိထားကြရမှာပဲ။ ကဲ,ပုံပြင်လေး စကြစို့။

## အဋ္ဌကထာထဲက ဇာတ်ကြောင်း

ရှေးတုန်းက ဟိမဝန္တာတောမှာ ရွှေဟင်္သာတစ်ကောင်ရှိတယ်။ ဟိမဝန္တာတောဆိုတာ အလွန်သာယာတဲ့တော။ စာထဲရေးထားကြတာ ဖတ်ရတာဖြင့် အင်မတန် လွမ်းစရာကောင်းတာပဲ။ အဲဒီတောမှာ ရာသီဥတုကလည်းကောင်း၊ အပင်တွေကလည်း အင်မတန်ထွားကျိုင်း၊ အသီးကြီးတွေကလည်းထွား၊ အရသာကလည်းရှိ၊ ပန်းဆိုရင်လည်း အခိုင်အခိုင် အဆုပ်အဆုပ်နဲ့ လှလည်း အလွန်လှ၊ အင်မတန်လည်းမွှေးပေါ့။ အဲဒါတွေ ခံစားပြီးနေတဲ့အတွက် ဟင်္သာကြီးဟာ ဝဝလှလှနေတာပေါ့။ အဲဒီ ဟင်္သာကြီးက တစ်နေ့ကျတော့ အကောင်းတွေချည်း တွေ့နေရတော့ နည်းနည်း ငြီးငွေ့လာတာပေါ့။ ဟင်းကောင်းတွေချည်း စားနေရတဲ့ သူက အတို့လေး ဘာလေးနဲ့

စားချင်လာသလိုပေါ့။ သူနေတဲ့ တောမြိုင်ကနေပြီးတော့ ငါ ကြည့်ချင်လိုက်တာဆိုပြီးတော့ အပြင်ထွက်ကြည့်ချင်တဲ့စိတ် ပေါ်လာသတဲ့။ တစ်ခါတည်း ပျံပါရောတဲ့။ အပြင်လောကကို သူက ထွက်ကြည့်မှာကိုး။

ဟိမဝန္တာတောက လွန်ပြီး၊ မြေပြင် မြေပြန့် တစ်နေရာကို ရောက်တဲ့အခါ ရွံ့ဗွက်ထဲမှာ ဗျိုင်းတစ်ကောင်က ငါးရှာနေတာကို သွားတွေ့သတဲ့။ ဟသ်ာကြီးနေတဲ့ ဟိမဝန္တာတောက ထွက်တာနဲ့ အပြင်လောကဟာ တဖြည်းဖြည်း၊ တဖြည်းဖြည်းနဲ့ သစ်တွေကလည်း စိုစိုပြည်ပြည်ကို မရှိဘူး၊ နည်းနည်း ခြောက်လာတယ်၊ မြေကလည်း နည်းနည်းနိမ့်လာတယ်။ ရေတွေကလည်း နည်းနည်း နောက်လာတယ်။ ဌာနချင်းက သိပ်ကွာ၊ အခြေအနေချင်းက သိပ်ကွာတာကိုး။ အဲဒီမှာ သတ္တဝါချင်းကလည်း ကွာ။ ရွံ့အိုင်တစ်အိုင်ထဲမှာ ဗျိုင်းတစ် ကောင် ငါးရှာနေတာကို မြင်တဲ့အခါ ဟသ်ာကြီးက "အာ,ဒီကောင်ဟာ တို့အုပ်စုပဲ၊ သူလည်း ခြေထောက်နဲ့၊ တောင်ပံနဲ့၊ နှုတ်သီးနဲ့ ဒါ ငှက်မျိုးပဲ။ ငါလည်း ငှက်မျိုးပဲ။ တို့အမျိုးချင်း ကြည့်စမ်း၊ သူကတော့ ပိန်ချုံးလို့၊ အစာကျတော့လည်း ကြည့်စမ်း၊ ငါ . . .သူ့ကို ဘယ်လိုများ ကူညီရပါ့မလဲ။ သနားလို့၊ သနားလို့၊ တဖြည်းဖြည်းချင်း ဆင်းပြီး အနားကို သွားတော့ အနားရောက်တော့ ဗျိုင်းက အလုပ်များနေတာပေါ့လေ။ တစ်ခါတည်း ဟိုပြေးလိုက်၊ ဟိုခုန်လိုက်၊ ငါးရှာနေတာကိုး။ ဒါနဲ့ ဟသ်ာကြီးက အသံပေးလိုက်တာပေါ့။ "ငါ့ညီ၊ မင်း ဘာလုပ်နေတုံး၊ မင်းကြည့်ရတာကွာ သနားစရာကောင်းလိုက်တာ၊ ပိန်ပိန် ရှည်ရှည်နဲ့၊ ပြီးတော့ နေတော့လည်း ရွံ့အိုင်ကြီးထဲမှာ၊ အလုပ်များနေလိုက်တာ၊ မင်း ဘာလုပ်နေတုံး"

ဆိုတော့၊ ဖျိုင်းက မော့ကြည့်လိုက်တယ်။ အင်မတန်လှပတဲ့ ဟင်္သာကြီး မြင်ရရော။ သူက ပြန်မေးတယ်။ သူလည်း ငှက်ပဲ၊ ငါလည်း ငှက်ပဲ၊ ငှက်ဖြစ်ရဲ့သားနဲ့ သိဖို့ကောင်းတယ်။ ဘာဖြစ်လို့ ငါ့ကို လာပြီး မေးရပါလိမ့်။ မင်း ဘာလုပ်နေလဲ၊ ဘာမေးဖို့ လိုသလဲပေါ့။ ဟင်္သာကြီးမေးတာကို ဖျိုင်းက လက်မခံချင်တော့ဘူး။ မင်း ဘာလုပ်နေတာလဲကွာ၊ မင်း ကြည့်ရတာ ကိစ္စများပုံရလိုက်တာ၊ မင်း ကြည့်ရတာ စိတ်ဆင်းရဲလိုက်တာ ဆိုတော့ ဖျိုင်းက မခံချင်တော့။ "ခင်ဗျားမတွေ့ဘူးလား၊ ဘာလုပ်နေလဲဆိုတာ ခင်ဗျား မသိဘူးလား"၊ "မဟုတ်ပါဘူး၊ ကောင်းကောင်း မသိလို့ပါ၊ မင်း ဘာလုပ်နေတယ်ဆိုတာ"၊ "ရွှံ့အိုင်ထဲ ငါးရှာနေတာပေါ့၊ ငါးရှာနေတာပေါ့" ဖျိုင်းက ပြန်ပြောတယ်။

ဟင်္သာကြီးက ရွှံ့ဗွက်လည်း တစ်ခါမှ မမြင်ဖူးဘူး၊ ပြီးတော့ ငါးလည်း တစ်ခါမှ မမြင်ဖူးဘူး။ ဟိမဝန္တာတောမှာ အင်မတန်ကြီးတဲ့ ရေအိုင်ထဲမှာ ငါးကလည်း မရှိဘူး။ အဲဒါနဲ့ သူက မသိလို့ပေါ့လေ၊ "ဟာ, ငါးရှာတာ ဘယ်နှယ့် ရွှံ့ဗွက်ကြီးထဲမှာလား၊ မင်းက ငါးကို ဘာလုပ်ဖို့လဲ" လို့ မေးပြန်တဲ့အခါ သာပြီးတော့ ဟိုက စိတ်ဆိုးတာပေါ့။ ဖျိုင်းက တော်တော် ဗဟုသုတနည်းတဲ့ အကောင်တဲ့။ ဟုတ်လား၊ ဘာမှ ပညာမတတ်တဲ့ အကောင်ကြီးပဲ ဆိုပြီးတော့ ပြောပါရော။ ငါးရှာတဲ့ အဓိပ္ပာယ်တောင် မသိဘူးဆိုပြီးတော့ပေါ့လေ။ တစ်ခါတည်း သူက ခပ်မာမာပေါ့ "စားဖို့ ရှာတာပေါ့" လို့ ပြောတဲ့အခါကျတော့ ဟင်္သာကြီးက အံ့အားသင့်တာပေါ့။ အမယ်လေး ငါးများ သူစားသတဲ့၊ ကြည့်စမ်းပါဦး၊ ငါးကို သူစားသတဲ့။ ရှာတော့လည်း ရွှံ့ဗွက်ကြီးထဲမှာ၊ ငါးဖမ်းစားတယ်။ ဟိုကလည်း

မခံဘူးလေ "စားတော့ ဘာဖြစ်သလဲ"၊ "ဟ, ငါးအနံ့များ အလွန် ညှီတယ်" သူက တစ်ခါမှ မတွေ့ဖူးတော့ ငါးနံ့ကလည်း ညှီတယ် မဟုတ်လား။ မခံနိုင်လို့ရှိရင် အလွန်နံတဲ့ အနံ့ပေါ့။ ဟသ်ာကြီးက ပြောတယ် "သူ့အနံ့ကလည်းကွာ၊ ငါတော့ မခံနိုင်ပါဘူး"တဲ့၊ "စားဖို့ဆိုတာတော့ မပြောနဲ့တော့၊ ဒါတင်မကသေးဘူးတဲ့၊ သူ့ အသက် မင်းသတ်တယ်၊ ပြီးတော့ ဒီအသက်ကလည်း အင်မတန် နံတဲ့ ဥစ္စာကြီး၊ ကျန်းမာရေးလည်း ဘယ်ကောင်းမလဲ"၊ သူကတော့ သူ့နည်းနဲ့သူပေါ့လေ။ "ပြီးတော့ သူများအသက် သတ်ကတည်းကို က မင်းတော့ အလွန်ငရဲကြီးတော့မှာပဲ ဆိုပြီးတော့ ပြောပါရော" တဲ့။ ဖျိုင်းက ဘာမှနားမလည်ဘဲကိုး။ "ဘာ ငရဲကြီးရမှာလဲ"၊ ဘာတွေပြောနေလဲ့ ဆိုပြီးတော့ ဟသ်ာကြီးပြောတဲ့စကား ကောင်း ကောင်းကို နားမထောင်ဘူး။ ဖျိုင်းကလည်း ဘာမှနားမလည်တဲ့ အကောင်ကြီးက ငါ့လာ ပြောနေတယ်ဆိုပြီးတော့ပေါ့လေ၊ သူ ငါး ရှာမြဲ ရှာနေတော့တာပဲ။

ဒါနဲ့ ဟသ်ာကြီးကငါးရှာနေတဲ့ ဖျိုင်းကိုကြည့်ပြီး သနားတာ နဲ့ပေါ့လေ။ "ဟဲ့, ဖျိုင်း၊ မင်းကို ငါ သနားတယ်ကွာ၊ မင်းကို ငါ ကူညီချင်တယ်"။ ဖျိုင်းက "ဘာ ကူညီမှာလဲ"။ "လိုက်ခဲ့ကွာ၊ မင်း ကို အကူအညီပေးချင်တယ်၊ တစ်သက်လုံး မင်း ချမ်းသာမယ်ဟော့၊ လိုက်ခဲ့ လိုက်ခဲ့"၊ "နေစမ်းပါဦး, ခင်ဗျားက ဘယ်မှာနေသလဲ"၊ ဖျိုင်းက ပြန်မေးတယ်။ "ဟိမဝန္တာတောမှာ"၊ "ဟာ, ဟိမဝန္တာဆိုတာ ဘယ်မှာလဲ"။ "အာ, အဝေးကြီးပေါ့၊ ငါ မင်းကို တွဲခေါ်မှာပေါ့"။ "ပြောစမ်းပါဦး၊ ဟိမဝန္တာမှာ ဘာတွေရှိသလဲဆိုတော့"၊ "ဟိမဝန္တာ တောမှာ အသီးတွေက မင်းတို့ မြေပြန့်မှာလို မတူဘူး၊ အသီးမှာ

လည်း အလွန်ထွား၊ အရသာလည်းရှိ၊ အရည်ကလည်း ရွှမ်းရွှမ်းစို၊ ဘာမှမတူဘူး၊ ရေကလည်း ကြည်လို့"။ တစ်ခါတည်း ဟိမဝန္တာ တရားကြီး ဟောတော့တာပေါ့။ ဖျိုင်းကတော့ အသာလေး စောင့် နေတယ်၊ သူကလည်း သူ့အကြိုက် ကောင်းတာလေးများ ပါဦးမလား လို့။ တစ်ခုမှ သူ့အတွက် သူကြိုက်တာမပါဘူး။ ရေကြည်လေးလည်း သူမကြိုက်ဘူး။ အသီးအရွက်တွေလည်း သူက စားတဲ့ကောင်မှ မဟုတ်တော့ မကြိုက်ဘူး။ ဟသ်ာကတော့ မြိန်ရည် ရှက်ရည်နဲ့ ဟောလိုက်တာ။ ဟိမဝန္တာတရားကြီး ဟောတယ်။ ဖျိုင်းက တရားကြီး ရှည်လို့ပေါ့လေ။ နားငြီးလာရော။ အလစ်စောင့်နေတာကိုး။ ဘယ် တော့များ ဒီတရားကြော ပြတ်မလဲလို့။ တော်တော်လေး ကြာတော့ "ကိုင်း နေစမ်းပါဦး၊ ခင်ဗျား ဟိမဝန္တာတရားကြီးက ရှည်လိုက်တာ၊ ကျွန်တော် မေးစမ်းပါရစေဦး"။ "ဘာ မေးမလဲ"။ "နေစမ်းပါဦး၊ ခင်ဗျားပြောတဲ့ ဟိမဝန္တာတောမှာ ရေအိုင်ဆိုရင်လည်း ရေတွေက တော့ ပြည့်လို့ပေါ့၊ ကျုပ်က ရွံ့ရေမြေ ရွံ့အိုင်"။ "ဟာ,ရွံ့အိုင် ဘယ်ရှိမလဲ"။ "အဲဒီ ခင်ဗျားပြောတဲ့ ရေထဲမှာ ငါးကော ရှိသလား"။ "အာ, ငါး ဘယ်ရှိမလဲ"။ "ဟာ, ရွံ့အိုင်လည်း မရှိဘူး၊ ငါးလည်း မရှိဘူး၊ ကျုပ်နဲ့ ဘာမှ မဆိုင်ဘူး၊ ခင်ဗျားဟာခင်ဗျား ကောင်း ချင်ကောင်းမယ်၊ ကျုပ်နဲ့တော့ တစ်ခုမှ သဘောတွေ့တာ မပါဘူး" ဆိုပြီးတော့ "ကိုင်း, ခင်ဗျား တရားကြီးလည်း မနာချင်တော့ဘူး၊ ခင်ဗျားလေရှည်ပြီး လာပြောနေတဲ့ ဥစ္စာ ကျုပ် အလုပ်ပျက်တယ် ဗျာ၊ သွားပေတော့၊ သွားပေတော့"လို့ နှင်လိုက်တာပဲ။

အဲဒါ ဘာကွာနေတုံး။ အမြင်ချင်း ကွာနေတာပေါ့။ ပုထုဇဉ် တွေဟာ ဖျိုင်းနဲ့တူတယ်၊ ရွံ့အိုင်ကြီးထဲမှာ သူတို့ပျော်နေတာကိုး။

ငါး ကြိုက်တယ်၊ ကာမဂုဏ် အပုပ်အနံ့တွေနဲ့ သာယာနေ ကြတယ်။ ဟသ်ာကြီးကတော့ တရားရှိတဲ့ အရိယာ ပုဂ္ဂိုလ်များနဲ့ တူတယ်တဲ့။ အရိယာ ပုဂ္ဂိုလ်တွေကျတော့၊ ကာမအာရုံတွေကို အလွန် စက်ဆုပ်၊ ဒီအာရုံတွေဟာ ဒုက္ခ၏ အကြောင်းအရင်းအမြစ်လည်း ဖြစ်တယ် ဆိုတော့ နည်းနည်းလေးမှ အလိုမရှိကြဘူးတဲ့။

## အနောက်တိုင်းသားတွေ ကြောက်တဲ့တရား

အနောက်နိုင်ငံသားများ ကျတော့ပေါ့လေ၊ ရုပ်ပျက်တာ နာမ်ပျက်တာ အလွန်ကြောက်ကိုး။ ဒီဘဝ တန်ဖိုးလျော့မှာ အလွန် ကြောက်။ ဒါပေတဲ့လို့ သူတို့စိတ်မချမ်းသာဘူး၊ စိတ္တသုခ လိုနေတယ်။ အဲဒါကြောင့် သူတို့လည်း ချမ်းသာပြီလို့ ထင်နေတဲ့ ဥစ္စာဟာ တော် ကြာတော့ သေကွဲ ကွဲရတာနဲ့၊ ရှင်ကွဲ ကွဲရတာနဲ့။ ပြီးတော့ လူတွေ ဆင်းရဲတာ ဘာဖြစ်လို့ ဆင်းရဲကြသတုံး ဆိုပြီး ဗုဒ္ဓဘာသာ တရား တွေ ကြားရတော့၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဖြစ်တယ်ဆိုတဲ့ ဥစ္စာ နောင်ဘဝမှာရော အခုဘဝမှာပါ နေနည်း ထိုင်နည်း မှန်မယ်ဆိုလို့ ရှိရင်၊ စိတ်ဟာ ကိလေသာကြီး လုံးလုံးမကင်းတောင်မှပေါ့လေ ကင်းသလောက် ကင်းမယ်ဆိုရင်၊ များများကင်းရင် များများ ချမ်း သာတာပဲ။ အလတ်စားကင်းရင် အလတ်စား ချမ်းသာတာပဲ။ အခု ဘဝမှာကိုပဲ ချမ်းချမ်းသာသာ နေနည်း၊ ထိုင်နည်း၊ ကျန်းမာနည်း၊ စိတ်ဓာတ်တွေ ရင့်လာပြီး အဘိဓမ္မာတရားကို နာတတ်လာကြပါ တယ်။

ပထမ ဘုန်းကြီးတို့ အဘိဓမ္မာ စ,ဟောတုန်းက ဗဟုသုတ ရှိအောင်၊ နားထောင်လို့ ကောင်းအောင်ဆိုပြီး သင်နေတော့၊ လူတွေ

က "တပည့်တော်တို့ အဘိဓမ္မာ သင်ရတာဟာ ပြောလို့ကောင်း အောင်၊ ဟောလို့ကောင်းအောင်၊ နောက်ပြီးတော့ နောင်ရေးအတွက် မလိုချင်ပါဘူး ဘုရား။ ယခုလက်ငင်းဘဝမှာ လက်တွေ့ပေးနိုင်မှ ဖြစ်မှာ ဘုရား"တဲ့။ အဲဒီတော့ လက်တွေ့ကျင့်လို့ရအောင်လို့ အသုံးချအဘိဓမ္မာ ဟောရတာပေါ့။ သင်သမျှ သိသမျှကလေးကို ကျင့်သွားမယ်ဆိုရင် ဖြစ်နိုင်တာပဲ။ ဥပမာ,လောဘရှိမယ်ဆိုရင် လောဘကြောင့် ချက်ချင်းကို ဒုက္ခရောက်မှာပဲ။ ဒေါသ ဖြစ်လာရင် လည်း ချက်ချင်းကို ဒုက္ခရောက်မှာပဲ။ နောက်ကျမှ ခံရမယ်ဆိုတာ မဟုတ်ဘူး။ အဲဒီလို လက်တွေ့သင်ကြားပြသသွားတဲ့ အခါကျတော့ "ဟာ, တို့ ရှာနေတာက တို့က ထင်နေတဲ့ ဥစ္စာက ပစ္စည်းဥစ္စာ ပေါကြွယ်ဝမှ ထင်နေတာ၊ ရုပ်ချမ်းသာရင် စိတ်ချမ်းသာမယ်လို့ ထင်နေတာ၊ အခုတော့ မဟုတ်ပါလား။ စိတ်ချမ်းသာဖို့က အင်မတန် အရေးကြီးတာပဲ။ ပစ္စည်း ဘယ်လောက် ချမ်းသာ ချမ်းသာ၊ စိတ် မချမ်းသာရင် အမှန် ချမ်းသာတာ မဟုတ်ဘူး။ ပြီးတော့ ကိုယ်လည်း ချမ်းသာ၊ စိတ်လည်း ချမ်းသာမှ ဖြစ်မယ်။ တို့ အနောက်နိုင်ငံက သိပ္ပံနည်းတွေက ရုပ်ချမ်းသာအောင်သာ လုပ်နေတာပဲ၊ စိတ်ချမ်း သာနည်း ရှိကိုမရှိဘူး။ ဒီတော့ တို့လုပ်နေတဲ့ဟာက ရုပ်ချမ်းသာ ဖို့၊ စိတ်ချမ်းသာဖို့ကတော့ အဘိဓမ္မာမှာ ပါတယ်" ဆိုပြီးတော့ အဘိဓမ္မာ သင်မှပဲလို့ ဖြစ်လာကြတာ။

အဲဒီလို သဘောပေါက်လာတော့ အဘိဓမ္မာ သင်ချင်တဲ့ လူ တွေက အလွန်များ၊ ဟောမယ့်ပုဂ္ဂိုလ်က မရှိသလောက် ဖြစ်နေတယ်။ ဘုန်းကြီးကို ပင့်နေတာ အဲဒီကိစ္စပဲ။ ဘုန်းကြီးက အပြစ်ပြောတာ မဟုတ်ဘူး။ အင်္ဂလန်မှာ ဘုန်းကြီးတို့ (၁၆) နှစ်ကြာအောင်

သာသနာပြုခဲ့တာ အတော် အောင်မြင်ပါတယ်။ ဘာဖြစ်လို့ ဆက်ပြီး မနေသလဲဆိုတော့ ရန်ကုန်တက္ကသိုလ်မှာ ကထိက လိုတယ်ဆိုပြီး၊ အဘိဓမ္မာကို အင်္ဂလိပ်ဘာသာနဲ့ပြဖို့ လာပင့်လို့ ဒီမှာတင်ပဲ အဆက် ပြတ်ခဲ့ရတယ်။ ဘိလပ်က လူတွေက တသသနဲ့ဖြစ်ပြီး နေကြပါ တယ်။ အဲဒီလို ဖြစ်နေပေမယ့် နှစ်ပေါင်း (၂၀)၊ နှစ်စဉ် နှစ်စဉ် ပင့်ရက်သားနဲ့ မသွားဖြစ်ခဲ့ဘူး။ အဲ, မသွားဖြစ်တော့ ဘုန်းကြီးတို့ ရှိတုန်းက ဖွဲ့ထားတဲ့ အသင်းပေါင်း (၃၂) ဖွဲ့ရှိတယ်။ ပြီးတော့ သူတို့ဟာသူတို့ စာရင်းကောက်ကြတဲ့ဥစ္စာ အသင်းသားပေါင်း သုံး သောင်းကျော်တယ်။ ဒီအဖွဲ့သားတွေကလည်း လူခပ်ကြီးကြီးတွေကိုး၊ လူငယ်တွေကတော့ ဘယ်ဝါသနာပါမတုံး။ နှစ် (၂၀) အတွင်းမှာ လူကြီးတွေဟာ အကုန်လုံးနီးပါး (၆၀) ကျော်တို့၊ (၇၀) ကျော်တို့ ဖြစ်လာတော့၊ နှစ်ပေါင်း (၂၀) ကျော်ဆိုတော့ (၉၀)၊ (၁၀၀) ဆို တော့ သေကုန်တာပေါ့။ အခုတစ်ခါ သွားခွင့်ရလို့ တမြန်နှစ်ကမှ သွားခွင့်ရတော့ ပင့်ကြတာပေါ့။ ပင့်ပြန်တော့လည်း ဘုန်းကြီးတို့ က အသက်ကြီးလာပြန်၊ ပြီးတော့ သီတင်းကျွတ်ကာလ ရာသီဥတု ကလည်း အဆင်မပြေတဲ့ အခါကျတော့ မသွားနိုင် ဖြစ်နေတာပေါ့။ အဲဒါကြောင့် မျှော်လင့်စရာတစ်ခုက အများကြီးရှိတယ်။ ဟောဒီ အဘိဓမ္မာသင်တန်းသူ သင်တန်းသားတွေထဲကပေါ့လေ, အဘိဓမ္မာ ကို သဘောပေါက်အောင်၊ နေ့စဉ်သုံးလို့ရတဲ့ အသုံးချအဘိဓမ္မာကို အဲဒီလို သဘောပေါက်အောင် ဟုတ်တိပတ္တိ ပြောနိုင် ပြနိုင်လို့ရှိရင် ဖြင့် ဘုန်းကြီးဖြစ်ဖြစ်၊ လူဖြစ်ဖြစ်၊ အမျိုးသားဖြစ်ဖြစ်၊ အမျိုးသမီး ဖြစ်ဖြစ် ဘယ်သူမဆို ကြိုဆိုပါ၏တဲ့။ ဘုန်းကြီးကို ပင့်တာကြည့်၊ အသက်လည်း ကြီးပါပြီ ဆိုရဲ့သားနဲ့။ အခုရှိတဲ့ လက်ကျန် ဗုဒ္ဓ

ဘာသာကို တမြန်နှစ်က သွားရတော့မှ တစ်ခါ ပြန်စုရတယ်။ အရင်အဖွဲ့တွေက အကုန်လုံး ပျက်နေတာ။ ခုတော့ အဘိုးကြီးတွေ၊ အဘွားကြီးတွေက အကုန်သေကုန်၊ ကျန်တဲ့လူတွေက ဟိုတကွဲ ဒီတကွဲ ဖြစ်နေတော့ အဖွဲ့ရယ်လို့ မရှိတော့ဘူး။ အဲဒီလောက်တောင် ဖြစ်နေတာကိုး။ ပြီးတော့ သူတို့လိုချင်တာက အဘိဓမ္မာ အလွန်သင် ချင်တာပဲ။ "တပည့်တော်တို့ အနောက်နိုင်ငံမှာ သိပ္ပံပညာ၊ ရုပ်ပိုင်း ပညာက ပြည့်စုံပါတယ်၊ တပည့်တော်တို့ လိုနေတာက စိတ်ဘက်က။ တပည့်တော်တို့မှာ စိတ်ဖြေနည်း၊ စိတ်ချမ်းသာအောင် နေနည်း မရှိ ဘူးဘုရား။ အဲဒါ တပည့်တော်တို့ အခု သိရသလောက်ထဲက အဘိဓမ္မာကတော့ တပည့်တော်တို့ လိုလားချက်တွေကို အင်မတန် ပေးပါတယ် ဘုရား" တဲ့။ အဲဒါကြောင့် ဒကာတို့၊ ဒကာမတို့ ငယ်ငယ်ရွယ်ရွယ်လည်း ဖြစ်ပြန်တယ်။ ပြီးတော့ အင်္ဂလန်တို့၊ အမေရိကတို့၊ ကနေဒါတို့၊ ဩစတြေးယားဆိုတော့ အင်္ဂလိပ်စာကို လည်လည်ပယ်ပယ် ဟောတတ်မယ် ဆိုလို့ရှိရင်၊ ဒီပြင်ဘာသာတွေ ပါ တတ်လို့ရှိရင် အကောင်းဆုံးပေါ့။ ဂျာမဏီပြည်သွားလို့ရှိရင်ဖြင့် ဂျာမဏီစကားနဲ့ပြော၊ ပြင်သစ်ရောက်ရင် ပြင်သစ်ပြော၊ အကောင်း ဆုံးပေါ့။ အဲဒီလို သွားကြပြီး သာသနာပြုနိုင်ရင် အကောင်းဆုံးပေါ့။

## ရုပ်ပိုင်းတိုးတက်နေတဲ့ တိုင်းပြည်များ

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာများကတော့ သံသရာဆိုတာ ဘယ် လို ရှည်တယ်လို့ သိနေတော့ လူတွေက သည်းခံနိုင်တယ်။ လက် ငင်း မရရှိကြပေမယ့် စိတ်ထဲမှာ သဘောပေါက်လို့ရှိရင်တော့၊ တဖြည်းဖြည်းတော့ ရမှာပဲလို့ အယူအဆရှိကြတယ်၊ သဘောထား

ကြတယ်။ ဗုဒ္ဓဘာသာ မဟုတ်တဲ့ သူများကျတော့ အထူးသဖြင့် ဗုဒ္ဓဘာသာလည်း မဟုတ်၊ လောကီဘက်ကလည်းပဲ အင်မတန် ရှေ့တန်းရောက်နေတဲ့ လူတွေကျတော့၊ သိပ္ပံပညာနဲ့က အင်မတန် ကြီးစိုးလွှမ်းမိုးနေတော့ သိပ္ပံပညာနဲ့ တိုင်းထွာပြီး၊ ရုပ်တရားဖြစ်ဖြစ်၊ နာမ်တရားဖြစ်ဖြစ် သိပ္ပံပညာနဲ့ မကိုက်လို့ရှိရင် တယ် မလေးစားတတ်ကြဘူး။ အမှန်ကတော့ အခုခေတ် ရှိနေတဲ့ သိပ္ပံပညာဟာ ရုပ်ပိုင်းချည်းပဲ။ စိတ်ပိုင်းဘက်က ရှိတဲ့ဥစ္စာကတော့ ဆိုင်ကော်လော်ဂျီ (စိတ္တဗေဒ)တို့၊ ဖီလိုဆိုဖီ (ဒဿနိကဗေဒ)တို့၊ အက်သစ် (ကိုယ်ကျင့်တရား)တို့။ ဒါတွေက စိတ်ပိုင်းဆိုင်ရာတွေ။ အဲဒီ စိတ်ပိုင်းဆိုင်ရာမှာလည်းပဲ သူတို့သဘောကျလောက်အောင် မပြတော့၊ မြင်နိုင်ခဲတော့၊ မျက်စိနဲ့ မမြင်ရတော့ မကျေနပ်ကြဘူးပေါ့။ သိပ္ပံပညာကတော့ ရုပ်ဖြစ်နေလို့ ပြဖို့လွယ်တယ်။ လူတွေကလည်း မြင်ရတော့ ကျေနပ်တယ်။ စိတ်ကတော့ မြင်ရတာ မဟုတ်တော့၊ မြင်နိုင်အောင်ဆိုပြီး မနည်း လုပ်ပြီးတော့ ပြရတယ်။ ဒါကြောင့် ခုကာလ ပညာသင်နေတဲ့ ကျောင်းတွေမှာလည်း မြင်နိုင်အောင် ပြဖို့ဆိုပြီးတော့ သင်ပုန်းကြီးတွေ ထားရတယ်။ အချို့ကျတော့ ရုပ်ပုံတွေ ရေးပြရတယ်။ တချို့ကျတော့ ဟန်ပန်နဲ့ ပြရတာရှိသေးတယ်။

အဲဒါကြောင့် ဘုန်းကြီးတို့ အဘိဓမ္မာ သင်ရာမှာ ပထမ ဝီထိပိုင်းကို အရင်ပြရတယ်။ ဝီထိပိုင်းမှာ စိတ်ဖြစ်ပုံ ပါတာကိုး။ စိတ်ဖြစ်ပုံ အကြမ်းဖျင်း သိပြီးတော့မှ စိတ်ပိုင်းကို ပြန်စရတယ်။ စိတ်ဖြစ်ပုံလေးကို မသင်သေးဘဲနဲ့၊ စိတ်ပိုင်းကို သွားပြရင် သိပ်နားလည်မှာ မဟုတ်ဘူး။ အဲသလို ပြရာမှာ စိတ်သန္တာန်၊ ဝိညာဉ်သန္တာန်၊ သန္တာန်အစဉ်ကြီး ပြတ်မသွားအောင်၊ ဒီအစဉ်ကြီး တစ်ခါတည်း

ဘယ်တော့မှ မပြတ်ဘူး။ သူ့ ဖြတ်နည်းနဲ့မှ မဖြတ်ရင် ဘယ်တော့မှ မပြတ်ဘူး။ အင်မတန် ခိုင်လွန်းအားကြီးနေလို့ ဖြတ်ဖို့တောင် ခက်နေသေးတယ်။ ဒီစိတ်သန္တာန်ကြီးရဲ့ ဖြစ်စဉ်ဟာ ဘယ်လို ဆက်သွယ်နေတယ်၊ ဆက်သွယ်မှုတွေဟာလည်း ဘယ်လောက် ခိုင်သလဲဆိုတာ သိကြရအောင် ပုံဆွဲပြီးတော့ ပြရပါတယ်။

ဒီ စိတ်သန္တာန်ဖြစ်စဉ်မှာ ဘဝင်စိတ်အကြောင်းကို ရှင်းပြရတယ်။ လူ့ဘဝမှာ၊ လူ့ဘုံ ကာမဘုံမှာ ဖြစ်တာ မှန်သမျှ အပျက်ချည်း ဖြစ်နေတော့ အဖြစ်အပျက်ပေါ့။ ရူပဘုံမှာလည်း ဖြစ်နေ၊ ပျက်နေမှာပဲ။ အရူပဘုံမှာလည်း ဒါ အတူတူပဲပေါ့။ နိဗ္ဗာန်ကျတော့မှ ဒီအစဉ်ဟာ ပြတ်သွားတယ်။ အစဉ်ပြတ်တော့ ရုပ်လည်း မရှိနိုင်ဘူး။ နာမ်လည်း မရှိနိုင်ဘူး။ ဘာမှ မရှိတော့ဘူး။ ဒီလို ဘာမှမရှိတော့ဘူးလို့ ဟောလိုက်ရင် အနောက်နိုင်ငံသားတွေက လန့်သွားတယ်။

ဟာ,ဘာမှမရှိရင် ဘယ့်နှယ့်လုပ် ကောင်းပါ့မလဲ။ ဒါက တစ်ဆင့်ပေါ့။ အဲဒီ မရှိတာရဲ့ အဓိပ္ပာယ်လည်း သိဖို့လိုတာပေါ့။ ဘာမရှိတာလဲ ဆိုတော့ ဥပမာပြောရရင်, မီးကြီးလောင်တယ် ဆိုပါတော့။ မီးငြိမ်းသွားရောတဲ့။ မီးငြိမ်းသွားတော့ ဝမ်းနည်းနေမယ် ဆိုရင် ဘယ့်နှယ်နေပါ့မလဲ။ အဲဒီလူဟာ လူကောင်း ခေါ်မလား။ ဘယ်လိုလဲဆိုတော့ သိကြတဲ့အတိုင်းပဲ၊ အင်မတန် ကြီးကျယ်တဲ့ မီးကြီး ဖြစ်လိုက်၊ ပျက်လိုက်၊ သေလိုက်၊ ပူလိုက်၊ ဆွေးလိုက်၊ ဒုက္ခကြီးတွေ၊ မီးကြီး အကြီးအကျယ် လောင်နေလိုက်ကြတာ။ ဟာ, ဟိုအိမ်လောင်၊ ဒီအိမ်လောင်နဲ့ ပူဆွေးနေကြတဲ့ ဥစ္စာကြီး၊ ကြောက်လန့်နေနေကြတဲ့ ဥစ္စာကြီး၊ ငြိမ်းသွားတယ်ဆိုလို့ရှိရင် အေးသွားပြီ

ပေါ့။ အေးသွားတော့ ဘာရှိသလဲဆိုတော့ မီးငြိမ်းသွားတာ ရှိတာပေါ့။ အဲဒီ ငြိမ်းတာကြီး ကြည့်ချင်ပါတယ် ဆိုလို့ရှိရင်တော့ ဘာမှ ပေါ့ မြင်ရမှာ မဟုတ်ဘူး။

ဘဝဆိုတာ ဖြစ်ရင် ပျက်ရမှာပဲ။ ဘယ်တော့မှ ဒုက္ခက အေးတာ မဟုတ်ဘူး။ ဖြစ်ပျက်ဆိုကတည်းက ဖြစ်လာရင် ပျက်ကို ပျက်ရတော့မယ်။ ပျက်နေတယ်ဆိုတော့ ဒုက္ခနဲ့ ;မကင်းနိုင်တော့ဘူး။ အဲဒီတော့ ဗုဒ္ဓဘာသာတရားတော်က "မင်းတို့ ဒီလို အစဉ်အတန်းကြီး၊ အဆုံးအစမရှိ ပင်လယ်ကြီးထဲ မျောနေရတဲ့ ဝဲသြဃကြီး၊ အဲဒီလို အဆုံးမမြင်နိုင်တဲ့ ဝဲသြဃကြီးထဲ ရောက်နေတာ ဘယ်ချမ်းသာတယ်လို့ ရှိမလဲ။ ငါ ဘယ်တော့ သေမလဲပဲ၊ ငါ ဘယ်တော့များ ဘာဖြစ်ဦးမလဲဆိုပြီးတော့ အမြဲ ပူပင်နေကြရတယ်။

ဒီတော့ကာ အဲဒီအပူဒုက္ခ ဝဲသြဃကြီးထဲက လွတ်အောင်ဆိုပြီး ဗုဒ္ဓကိုယ်တော်မြတ်ဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရှာဖွေတော်မူတော့ သိမြင်တော်မူခဲ့ပါပြီ။ သေတာရှိရင် မသေတာရှိရမယ်။ ပူတာရှိရင် အေးတာရှိရမယ်။ အဲသလို ဒုက္ခအဝဝက လွတ်ကင်းပြီး အချမ်းသာကြီး ချမ်းသာအောင် နည်းလမ်းကောင်းတွေကို ရှာဖွေတွေ့ရှိတော်မူတာပဲ။ ဒီနည်းလမ်းတွေကို အခု ဟောပြောနေ၊ သင်နေကြတာပေါ့။ ဟုတ်ပြီလား။ အခု ပြောနေ ဟောနေတဲ့ အဘိဓမ္မာတရားဆိုတာ ဒီ မအို,မနာ,မသေ ပူဆွေးဒုက္ခကင်းတဲ့ ချမ်းသာအစစ်အမှန်ကို လမ်းညွှန်နည်းပေးနေတဲ့ တရားတော်တွေပဲ"။ ဒီတရားတော်တွေကို အဆက်ဆက် သင်လာခဲ့ကြတာ ယနေ့အထိပဲပေါ့။

## ဘာရည်ရွယ်ချက်နဲ့ သင်ကြမလဲ

အဘိဓမ္မာသင်တဲ့ ရည်ရွယ်ချက် အကြောင်းကို ပြောရဦးမယ်။ အဘိဓမ္မာ ပြန့်ပွားရေးအသင်းက ရာသက်ပန် အသင်းသားတစ်ဦး၊ ဘုန်းကြီးတပည့် ဒကာရင်းပါပဲ။ အသက်လည်းကြီးပါပြီ။ သူက အဘိဓမ္မာသင်နေတယ်။ တစ်နေ့တော့ သူက လာလျှောက်တယ်။ "အရှင်ဘုရား၊ တပည့်တော် သင်လိုက်တာ သရုပ်ဆို မှတ်ရမယ်ဆိုလို့လည်း မှတ်လိုက်တာ ဘုရားတဲ့။ သင်္ဂြိုဟ်ကိုးပိုင်းလည်း တပည့်တော် အတော့်ကို တက်လိုက်ပါတယ် ဘုရား။ သရုပ်တွေလည်း အတော်ခွဲနိုင်သွားပါတယ် ဘုရား။ နောက်ပြီး စာအုပ်တွေ ဖတ်ရမယ်ဆိုလို့ အဘိဓမ္မမတ္ထ သရူပဘောဒနီတို့ သရူပဒီပနီ၊ သရုပ်ခွဲကျမ်းတွေ၊ သင်္ဂြိုဟ်အကောက်ကျမ်းတွေကိုလည်း ဖတ်တာပါပဲ ဘုရား"။ ဩ,ဒီလို အများကြီး ဖတ်မှတ်၊ သရုပ်တွေတော့ ကွဲပါရဲ့၊ ဒါပေမယ့် ပူပန်နေမှုတွေကတော့ မပျောက်ဘူးတဲ့။ ဒီစာတွေကို ချမ်းမြေ့တဲ့ ဘဝတစ်ခုတည်ဆောက်ဖို့ ဘယ်လို အသုံးချရမလဲတဲ့။ အဲဒီတော့ ပြောချင်တာက အသုံးချတဲ့ သင်နည်း လိုနေတာပေါ့။

သင်ကတည်းကိုက အသုံးကျအောင် မသင်ခဲ့ကြရလို့ပဲ။ အသုံးကျအောင် သင်ပေးနိုင်လို့ရှိရင် သင်နေကတည်းကိုက တွေ့လာမယ်။ "သြော်, ဒါတွေက ဟုတ်တာပဲ၊ ငါ မလုပ်နိုင်လို့သာ၊ မလုပ်နိုင်သေးလို့ပဲ" အဲဒီလောက်ကလေး သဘောပေါက်လာရင် တော်လှပြီ။

အဲဒီ ဒကာက ပြောသေးတယ်။ "သရုပ်တွေချည်း သင်လိုက်ရတာ ဘုရားတဲ့၊ တစ်ခါတည်း မမေ့အောင်လည်း ရွတ်လိုက်ရတာ၊

ရင်တွေကို ပူနေတာပဲ၊ ဘာမှလည်း မတွေ့ရဘူး” တဲ့။ ကြည့်စမ်း၊ ဝမ်းနည်းစရာ ဘယ်လောက်ကောင်းသလဲ။ အဲဒီလို မဖြစ်ရအောင် အခုခေတ်က အသုံးချအပ်တဲ့၊ အသုံးချလို့ရတဲ့ အဘိဓမ္မာကို တပည့်တော်တို့ သိချင်ပါတယ် ဘုရား၊ အဲဒီ ရည်ရွယ်ချက်နဲ့ သင်ကြတယ်။ သင်တန်းပြရာမှာလည်း သင်တဲ့ ဆရာရယ်၊ နာယူတဲ့ တပည့်ရယ် (၂) ဖက် ရှိကြတယ်။ တစ်ခါတလေ သင်ရက်သားနဲ့ အထပ်ထပ် ပြောရက်သားနဲ့ တပည့်က နားမလည်ဘူး။ နားမလည်တော့ ဆရာက အာ, တော်တော်ညံ့တဲ့ တပည့်တွေပဲလို့။ ပြောရက်သားနဲ့ နားမလည်ဘူးဆိုရင် ဆရာက “တယ် အ,တဲ့ ကောင်တွေပဲ၊ တယ် ညံ့တဲ့ ကောင်တွေပဲ” လို့ ထင်တတ်တယ် မဟုတ်ဘူးလား။ ဒါကလည်း ဟုတ်သလောက် ဟုတ်တယ်။ တပည့်က အ,လို့ နားမလည်တာ ရှိတယ်။ တစ်ခါတလေတော့ ဆရာက အ,လို့။ တပည့်နားလည်အောင် မသင်နိုင်လို့ ဖြစ်တာလည်း ရှိတယ်။ တပည့်ကို အပြစ်တင်နေမယ်ဆိုရင် ဘယ်ဟုတ်မလဲ။ တစ်ခါတလေ ကျတော့လည်း ဆရာကလည်း နားလည်အောင်ပြော၊ တပည့်ကလည်း နားလည်ဆိုတော့၊ နှစ်ဦးနှစ်ဖက် တော်လို့ပေါ့။ တစ်ခါတလေကျတော့ ဆရာကလည်း သင်ပါရဲ့၊ တပည့်ကလည်း မှတ်ပါရဲ့၊ နားကို မလည်ဘူး။ အဲဒါ ဘာဖြစ်လို့တုံး။ ဆရာလည်း အ၊ တပည့်လည်း အ၊ ဖြစ်နေလို့ပေါ့။ ဆရာချည်းပဲ အပြစ်တင်လို့ မရဘူး။ တပည့်ချည်းပဲလည်း အပြစ်တင်လို့ မဖြစ်ဘူး။

## ဗုဒ္ဓဘာသာ ရည်ရွယ်ချက်

ဘုန်းကြီးက အနောက်နိုင်ငံမှာ တရားဟောတဲ့အခါ မေးမေးကြည့်တယ်။ “လူဖြစ်ရတဲ့ ရည်ရွယ်ချက်က ဘာလဲ”။

သည်လို အသက်ရှင်နေရတဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတော့ "မသိပါဘူး"။ ဘုန်းကြီးတို့ မြန်မာပြည်မှာလည်း မေးကြည့်ပါတယ်။ "မသိပါဘူး၊ ကံအကျိုးပေးလို့ ဖြစ်ရတာပေါ့"လို့ ပြောကြတာက ပဲ များတယ်။ ဗုဒ္ဓ ပွင့်လာတဲ့အခါကျတော့ "မဟုတ်ဘူးဟေ့၊ မဟုတ်ဘူး" ဆိုပြီးတော့ ရေးပြတယ်။ "မင်းတို့ လူဖြစ်လာတဲ့ ဥစ္စာ ကြည့်စမ်း၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော ကစပြီးတော့ လူဖြစ်လာတဲ့ ရည်ရွယ်ချက်ရှိတယ်ဟေ့။ မင်းတို့ လူဖြစ်လာတာဟာ သာမည မဟုတ်ဘူးနော်"။ အဲဒါလည်း သဘောမပေါက်တဲ့ အခါကျတော့ လူဖြစ်တာ ဘာခက်လို့တုံး ပေါလွန်းအားကြီးတယ်လို့တောင် သူတို့က ပြောနေသေးတယ်။

စစ်မဖြစ်ခင်က လူဦးရေက ဘယ်လို၊ စစ်ပြီးမှ ဘယ်လို၊ အမလေး မြို့တွေ၊ ရွာတွေ တိုးတိုးလာတဲ့ဥစ္စာ။ မြို့တိုင်း မြို့တိုင်း၊ ရွာတိုင်း ရွာတိုင်းမှာ တိုးတိုးလာတာ ဘယ်မှာ ခက်လို့တုံး။ ပေါ လွန်းလို့တောင် နေစရာနေရာ မရှိလို့တဲ့။ ဒါက တလွဲစီ ဖြစ်နေ ကြတာပဲ။ ဗုဒ္ဓကအမိန့်ရှိတဲ့ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ လူ့ဘဝဟာ အလွန် အခွင့်အရေးကောင်းတဲ့ ဥစ္စာ။ လိုချင်ရာရတယ်။ သွားချင်တဲ့လမ်း အကုန်ရောက်တယ်။ ကောင်းတဲ့ဘက်ကရော၊ မကောင်းတဲ့ ဘက် ကရော။ အဲဒါတွေ ပြောနေရင်တော့ အရှည်ကြီး ဖြစ်နေဦးမှာ ဟုတ် လား။ "အခွင့်အရေး"ကို ပြောတာ။ ချမ်းသာတာကို ပြောတာ မဟုတ်ဘူး။ ချမ်းသာတာဆိုလို့ရှိရင် လူ့ပြည်က ချမ်းသာတာဟာ တိုက်ပိုင်လေးနဲ့ မော်တော်ကားလေးနဲ့၊ ဒါလောက်ဆို ချမ်းသာထဲ တောင်မထည့်ဘူး။

အဲဒီ ချမ်းသာလေးတောင် လူတိုင်းရလို့လား။ လူချမ်းသာ

ဆိုတာ အပြည့်အစုံက စကြဝတေးမင်းဖြစ်မှ။ စကြဝတေးမင်းက ဘာမှ မလုပ်ရရုံမကသေးဘူး၊ သူ့ကို ဘယ်သူကမှ မလွှမ်းမိုးနိုင်ဘူး။ အုပ်ချုပ်တဲ့ဘက်က အာဏာဘက်က စီးပွားရေးဘက်က ဘယ်ဘက်ကမှ မတုနိုင်ဘူး။ သူလိုချင်လို့ရှိရင် ဘာမဆို ပေါ်လာရတာပဲ။ သူ့ကို ပြိုင်ပြီး ကျော်လွန်ဖို့ နေနေသာသာ၊ စိတ်ထဲကတောင် မကူးဝံ့လောက်အောင် ဖြစ်လာတဲ့ဥစ္စာ။ အဲဒါမှ လူ့စည်းစိမ် ရတယ်လို့ ခေါ်တယ်တဲ့။ အဲဒီလို စည်းစိမ်နဲ့ ပြည့်စုံအောင် ဘယ်နေရာမှာ လုပ်ရမလဲ။ နတ်ပြည်မှာ လုပ်လို့ရတာ မဟုတ်ဘူး။ နတ်ပြည်က နတ်မင်းကြီး စည်းစိမ်ကို ဘုရားရှင်က ချီးမွမ်းလိုက်တာ၊ သိကြားမင်းအကြောင်းလည်း စာတွေထဲ ခဏခဏ ပါတာပဲ။ ခဏခဏ ပါလွန်းလို့၊ ချီးမွမ်းလွန်းလို့၊ ချီးမွမ်းတာကလည်း ဘုရားရှင်က။ သိကြားအကြောင်း ငါပြောတာ သူ့သဘောကျလို့ ငါချီးမွမ်းနေတာ မဟုတ်ဘူး။

မင်းတို့ သင်ခန်းစာအဖြစ်နဲ့၊ အဲဒီသိကြား ဘာတွေလုပ်ပါ သလဲဆိုတာ မင်းတို့သိအောင်လို့။ အဲဒါကြောင့် ချမ်းသာဆိုလို့ရှိရင် သိကြားဖြစ်ဖို့ရာ ခဲယဉ်းတယ်လို့ ဘုရားဟောမှာပေါ့။ သို့သော်လည်း လူ့စည်းစိမ်နဲ့ စာမယ်ဆိုလို့ရှိရင် နတ်စည်းစိမ်က အဆပေါင်းများစွာ သာတယ်။ နတ်စည်းစိမ်နဲ့ စာမယ်ဆိုလို့ရှိရင် လူ့စည်းစိမ်က ကလေးကစားသလောက်။ နတ်စည်းစိမ်ကလည်း ဗြဟ္မာစည်းစိမ်နဲ့ စာမယ်ဆိုရင် ကလေးကစားသလောက်။ သည်လို ဖြစ်ရဲ့သားနဲ့ လူ့ပြည်မှာ ဖြစ်ဖို့ ခဲယဉ်းတယ်၊ နတ်ဖြစ်ဖို့ ခဲယဉ်းတယ်လို့ မပြောဘူး။ လူဖြစ်ဖို့ ခဲယဉ်းတယ် ကြည့်ပါဦး။ ခဲယဉ်းတယ်ဆိုတာ သိကြားမင်း ဖြစ်ချင်သလား၊ လူ့ပြည်မှာသာ လုပ်နည်းက ရှိတယ်။

စကြာမင်း ဖြစ်ချင်သလား၊ ဟောဒီ လူ့ပြည်မှာလုပ်။ ဗြဟ္မာကြီး ဖြစ်ချင်သလား၊ ဟောဒီနည်းအတိုင်းလုပ်။ လောကုတ္တရာဘက်က သောတာပန် ဖြစ်ချင်သလား၊ အပါယ် ဘယ်တော့မှ မကျချင်ဘူးလား၊ သည်လိုနည်းတွေ ကျင့်ကြ။ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်အောင် နိဗ္ဗာန်ထိ အချမ်းသာဆုံး လုပ်ချင်တာလုပ်။ အဲဒီ အခွင့်အရေးဟာ လူ့ပြည်မှာသာ လုပ်လို့ရတယ်။

အဲဒါကြောင့် အဘိဓမ္မာသင်ကြရတဲ့ဥစ္စာ၊ ဘာလုပ်ကြဖို့တုံးဆိုတော့ ရည်ရွယ်ချက်ကိုက "နိမ့်ရာက မြင့်ရာတက်ဖို့၊ မစင်ကြယ်သောနေရာက စင်ကြယ်သောအဖြစ်သို့ ရောက်အောင်တက်လှမ်းဖို့၊ သေးသိမ်သောအဖြစ်မှ ကြီးကျယ်သောအဖြစ်သို့ ရောက်အောင်၊ ယုတ်နိမ့်သောအဖြစ်မှ မြင့်မြတ်သောအဖြစ်သို့ ရောက်အောင်၊ အမိုက်မှောင်အဝိဇ္ဇာမှ အလင်းရောင်ဝိဇ္ဇာသို့ ရောက်အောင်" ဟောတာ။ လေ့လာကြတာပဲ။ ဒါဟာ ဗုဒ္ဓ၏ ရည်ရွယ်ချက်ပဲ။

ဒီလိုမှမဟုတ်ရင် လောကဘက်ကလည်း စားဝတ်နေရေးလေးနဲ့သာ ကိစ္စပြီးသွားလို့ရှိရင် ဘာမှအကျိုးရှိကြမှာ မဟုတ်ဘူး။ ဘာကိုဆိုလိုတာလဲ ဆိုတော့ စားဝတ်နေရေးဟာ လူတိုင်း လူတိုင်း၊ သတ္တဝါတိုင်း သတ္တဝါတိုင်း သူ့နည်းနဲ့သူရှိတာချည်းပဲ။ အိမ်မှာရှိတဲ့ ကြွက်ကလေးတွေတောင်မှ သူ့နည်းနဲ့သူ့ဟန်၊ အမယ် သူတို့ကလည်း မညံ့ဘူး။ အသက်မွေးဖို့ အတွက် ရှာတတ်တယ်။ ခိုးတတ်တယ်။ ဒါက သူတို့ပညာပေါ့။ လူမသိအောင် ပုန်းတတ် တယ်။ သူတို့မှာလည်း ကြွက်ထီးလေးဆိုရင် ဇနီးလေးနဲ့ပေါ့။ ကြွက်မလေးဆိုရင် မောင်နှံလေးနဲ့ပေါ့။ သားတွေသမီးတွေနဲ့ ပျော်လို့။ အဲ, လူလည်းပဲ၊ အဲဒီလောက် စားဝတ်နေရေးကိစ္စဆိုလို့ရှိရင် ဘာပညာကြီးပဲ သင်သင်၊ ဒီလောက်

ကလေးနဲ့သာဆိုရင် ခုတင်က ကြွက်နဲ့ ဘာထူးဦးမှာလဲ။

စာကလေးတွေလည်း ဒီလိုပဲပေါ့။ အသိုက်ပညာဆောက်တတ်လိုက်တာ။ သူတို့လည်း အင်ဂျင်နီယာပညာ ဘယ်က သင်လာလဲ မသိဘူး။ တချို့ အသိုက်များ အတော်ကောင်းတာ။ လေးခွနဲ့ ပစ်လို့ မမှီနိုင်အောင် ဆောက်တတ်ကြတယ်။ ဘုန်းကြီးအရင် ပြောဖူးပါတယ်။ ဘုန်းကြီးတို့ ကျောင်းမှာ ကောင်လေးတွေရှိတယ်။ "မင်းတို့ ငှက်အသိုက် သွားမပစ်ကြနဲ့ကွာ၊ တို့ကို သူတော်ကောင်းမှတ်ပြီး အားကိုးစရာဆိုပြီးတော့ တို့ဆီ လာခိုလှုံတာကွာ၊ မလုပ်ပါနဲ့" ဆိုပြီးတော့ တားထားရတယ်။ ဒီစာကလေးတွေကို လေ့လာတော့ အတော်စိတ်ဝင်စားစရာကောင်းတယ်။ တော်တော်ကြာတော့ ဥကလေးဖြစ်လာပြီ ကလေးတွေ ဘာတွေ ရလာတယ်။ အဖေနဲ့အမေကြီးကတော့ ကိစ္စများတာပေါ့။ အမေကြီးက ဝပ်လည်းပေးရသေးရဲ့၊ အစာလည်း ရှာရဲ့၊ အဖေကြီးကတော့ လိုက်ရှာတယ်။ ဒီကတော့ ကျွေးတယ်။ ငှက်သိုက်များ ဆောက်ထားလိုက်တာ၊ အပေါ်က ခပ်ကြမ်းကြမ်းလေး နေပေမယ့် အတွင်းဘက်မှာက လိုင်နင်လေးလိုပေါ့ ဗျာ အမွေးအနုလေးတွေနဲ့ အတွင်းမှာက ပိုပြီးအံ့ဩစရာ ကောင်းတယ်။ တစ်ခါတည်း သံဆန်ခါ အစအနလေးတွေနဲ့ အသိုက်ထဲမှာ အသိုက်ထဲမှာ။ အပြင်က ခပ်ကြမ်းကြမ်း အတွင်းက သံဆန်ခါလေး၊ သံစ, သံတို အတွင်းကမှ လက်ရာနုနုလေးတွေ ကြည့်စမ်း။ ဘယ်အင်ဂျင်နီယာကများ သင်ထားလဲ မသိဘူး။ အဲဒါ သူတို့ အင်ဂျင်နီယာလေးနဲ့ သူတို့ဟာ သူတို့တော့ ပျော်လို့။ အဲဒီလောက်နဲ့သာ လူ့ပြည်ရောက်လို့ အဲဒီလောက်နဲ့သာ နေသွားကြမယ် ဆိုလို့ရှိရင် ငှက်နဲ့ကြွက်နဲ့ တိရစ္ဆာန်နဲ့ ဘာထူးဦးမှာတုံး။ အဲဒီအဖြစ်က လွတ်

အောင် တက်ဖို့ ဗုဒ္ဓမြတ်စွာက အမြင့်ဆုံးလမ်းညွှန်တော်မူပါတယ်။ ဒါအတွက်ကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ ဘုရားရှင် ပေါ်လာတာပေါ့။

အဲဒါကြောင့် ဘုရားရှင်ရဲ့ ရည်ရွယ်ချက်က သူတစ်ပါး အထင်ကြီးအောင် လုပ်တာမှ မဟုတ်ဘဲ။ လူတွေ ဒုက္ခကင်းအောင် လို့ အခုဘဝကစပြီးတော့ နိဗ္ဗာန်မရသေးတောင်မှ တစ်ဆင့်ထက် တစ်ဆင့် အေးအေး သွားအောင်လို့ သင်ကြားရတာကိုး။ အဲဒီလို သင်ရတော့ အချိန်နည်းနည်းလေးမှာပေါ့လေ၊ အသုံးချလို့ မရတာ တွေ သင်နေမယ်ဆိုလို့ရှိရင်တော့ အချိန်ကုန်ပြီး ဘာမှ အသုံးချလို့ မရတော့ဘူး။

ဘုန်းကြီးတို့ အင်္ဂလန်မှာရှိတုန်းက စာစောင်တစ်စောင်ထဲမှာ ဖတ်လိုက်ရသေးတယ်။ သတင်းစာထဲမှာလို့ ထင်တယ်။ အနောက် နိုင်ငံများမှာ အိမ်ငှားတယ်ဆိုရင် ဒီလိုအိမ်တွေ လိုက်ငှားနေရတာ မဟုတ်ဘူး။ သူက ပွဲစား (ဧဂျင့်) ဆိုတာ ရှိတယ်။ အဲဒီ ပွဲစားဆီ မှာ အိမ်ပုံစံတွေနဲ့ အိမ်အကျယ် ဘယ်လောက်ရှိတယ်။ ဘယ်လောက် မြင့်တယ်ဆိုတာတွေ ရှိတယ်။ အိမ်က ဘယ်လောက် ဆိုတာ ဆစ် နေရတာ မဟုတ်ဘူး။ အိမ်ရှင်ကို သွားမမေးရဘူး။ အိမ်ရှင်ကလည်း မသိဘူး။ အိမ်ပွဲစားတွေက တစ်ခါတည်း အိမ်ကို တွက်တယ်။ အိမ် ကို အပ်ကတည်းက ဒီအိမ်ဟာ ဘယ်လောက်တန်တယ် ဆိုတာကို ရာဖြတ်နဲ့ ဖြတ်ပြီးသားပဲ။ လူတစ်ယောက်က အိမ်ရှာနေသတဲ့။ ပွဲ စားတွေကလည်း စုံနေတာပဲ။ ပွဲစားတွေကလည်းပဲ တစ်နေရာတည်း မှာ မဟုတ်ဘဲ အမျိုးမျိုးရှိတာကိုး။ သူ့အရပ်နဲ့သူဆိုတော့ လျှောက် သွားပြီး ပွဲစားတွေထဲက အိမ်ပုံစံတွေ ရွေးရတယ်။ ပုံစံတွေ ရွေး ပြီးတော့ အဲဒီအိမ်တွေ သူလိုက်ကြည့်တယ်။ လိပ်စာရှာလို့ မရလို့

ရှိရင် ပွဲစားတွေက လူတစ်ယောက် ထည့်ပေးတယ်။ အဲဒီ လူတစ်ယောက်က ခပ်ကောင်းကောင်းရော၊ ခပ်လတ်လတ်ရော ခပ်ကြီးကြီးရော၊ သူကလာလာခေါ်ပြသတဲ့။ (၃) ရက် ကြာတော့ အိမ်လိုသူက "ခင်ဗျားတို့ အိမ်တွေထဲမှာ ကျွန်တော်လိုချင်တဲ့အိမ်ကို မရှိဘူးဗျာ"။ "ဟ, ဒါဖြင့်ဗျာ ကျွန်တော်တို့ ပွဲစားထံမှာ ခင်ဗျား ငယ်သေးတယ်ထင်ရင် ဘယ်မှာ ပွဲစားအကြီးစားရှိတယ်" လို့ သူက ညွှန်ပြတယ်။ ကြီးပေ့ဆိုတဲ့ ပွဲစားကြီးထံ သွားတော့လည်း ဒီလိုပဲ အိမ်တွေလိုက်ပြတယ်။ သူ သဘောကျတဲ့အိမ် တစ်အိမ်မှ မတွေ့ဘူး။ ဒါနဲ့ အကြီးဆုံးပွဲစားက လိုက်ကြည့်တဲ့လူကို ပြောတယ်။ "လန်ဒန်မြို့မှာ ဒီထက်ကြီးတဲ့ ပွဲစားလည်း မရှိတော့ဘူးဗျ၊ အိမ်ပေါင်းစုံဒီမှာရှိတယ်။ ပြောစမ်းပါဦး"ဆိုတော့ "ဟာ,ခင်ဗျားပြောလို့ မဖြစ်ဘူး။ ခင်ဗျားတို့ မန်နေဂျာကြီးနဲ့ ကျွန်တော် တွေ့ချင်တယ်ဗျ" ဆိုတော့ မန်နေဂျာဆီ ခေါ်သွားတာပေါ့။ မန်နေဂျာကြီးက "ဘယ့်နှယ့်လဲ အိမ်တွေ မတွေ့ဘူးလား"။ "ဟာ, အိမ်တွေတော့ စုံပါရဲ့ဗျာ။ ကျွန်တော်လိုချင်တာ မပါဘူး" တဲ့။ "မိတ်ဆွေ ပြောစမ်းပါဦး ဘာများလိုနေသလဲ" ဆိုတော့ ကျွန်တော် လိုချင်တဲ့ အခန်းတစ်ခု မပါလို့တဲ့။ ဘယ်လိုအခန်း လိုနေသလဲဆိုတော့ "ကျွန်တော့်ရဲ့ ပစ္စည်းတွေက အပိုတွေရှိတယ်တဲ့။ ဘာတွေလဲ ဆိုတော့ ဘာမှ အသုံးမကျတဲ့ စာအုပ်အဟောင်းတို့၊ အဝတ်ဟောင်းတို့၊ သေတ္တာဟောင်းတို့၊ အသုံးလည်းမကျဘူး၊ စွန့်လည်း မစွန့်ရက်နိုင်တော့ အဲဒါတွေထားဖို့ အခန်းမပါလို့တဲ့" ဗျ။ လူတစ်ယောက် တစ်ယောက်မှာရှိတတ်တယ်။ သိမ်းထားလိုက်တာ ဘာမှ အသုံးချလို့မရဘူး။ ဗဟုသုတမှာလည်း ဒီလိုပဲ၊ ဗဟုသုတတွေ သင်ထားလိုက်တာ မှတ်

ထားလိုက်တာ ဘာမှလည်း အသုံးမကျဘူး။ ရှိတဲ့ပစ္စည်းတွေကို အသုံးမချတတ်တဲ့ အခါကျတော့ ခုတင်က လူလိုပဲ အခန်းပိုလိုနေတာပေါ့။ ဒီလိုပဲ ကိုယ်သင်ထားတာ မှတ်ထားတာတွေကိုလည်း အသုံးချနိုင်အောင် ကြိုးစားကြရမယ်။

ကဲ, အခု သင်လာကြ၊ ဟောလာ ပြောလာကြတာ (၃) ရက်ရှိပြီ၊ ဘာတွေ လက်တွေ့ အသုံးချဖို့ ရကြပြီလဲ။ ပြီးခဲ့တဲ့ ရက်က ပဉ္စဒွါရဝီထိအကြောင်း အကျဉ်းချုပ်ပြီး ဟောခဲ့တယ်။ အခု မနောဒွါရဝီထိအကြောင်း ဟောရဦးမယ်။ ဟောချင်တာက တခြားမဟုတ်ဘူး။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး အမေရိကမှာ တွေ့ကြုံခဲ့ရတာလေးကို ပြောပြချင်တာပါပဲ။

## အမေရိကမှာ

ဘုန်းကြီး တစ်ကြိမ်တုန်းက အမေရိကမှာ အချိန်တိုတိုနဲ့ တက္ကသိုလ်တွေ၊ သင်တန်းကျောင်းတွေ၊ စုစုပေါင်း (၃၂) ဌာနထင်တယ်၊ ဟောပြောပွဲတွေ၊ တရားပွဲတွေ၊ ဆွေးနွေးပွဲတွေ လုပ်ခဲ့ရတယ်။ အမေရိက က ပင့်လို့ သွားခဲ့ရတာ။

အဲဒီအချိန်တုန်းကပေါ့, အသင်းကြီး တစ်သင်းက ပင့်ဖိတ်လို့ ဟောပြောဖို့ သွားရပါတယ်။ ဟိုရောက်တော့ နေ့ဘက်မှာ (၃) ကြိမ် သင်တန်းပြပြီး၊ ညနေဘက်ကျတော့ ကျောင်းဝင်း ပန်းဥယျာဉ်ထဲမှာ လမ်းလျှောက်နေတုန်းမှာ ကျောင်းသူ ကျောင်းသားလေးတွေ ဘုန်းကြီးအနားကို ရောက်လာကြတယ်။ စကားစမြည် ပြောကြတာပေါ့လေ။

သူတို့က မေးကြတယ်၊ “ကိုယ်တော် ဒီမှာ ဘာလာသင်သလဲ”

တဲ့။ အဲဒီလို မေးတာ တစ်ကြိမ်တစ်ခါ၊ တစ်နေ့တစ်ရက် မဟုတ်ဘူး။ နေ့စဉ်လိုလိုပဲ။ သူတို့လို ကျောင်းလာတက်တဲ့ ကျောင်းသား ထင်နေတာကိုး။ ကြာတော့ စိတ်ဆိုးလို့ မဟုတ်ပါဘူး၊ နားကြားပြင်း ကပ်လာတယ်။ ဘုန်းကြီးကလည်း "မင်းတို့ တွေ့တိုင်း ဘာလာသင် တာတုန်းဆိုတော့ မင်းတို့မေးတာ ဟုတ်ကို မဟုတ်ဘူး" "ဟာ,ဘာဖြစ် လို့လဲ"။ "သင်မလို့ လာတာ မဟုတ်ဘူး၊ မင်းတို့ကို ငါ သင်ပေး မလို့လာတာ"လို့ ပြောလိုက်တယ်။ အဲဒီစကားလည်း ကြားရော သူတို့က "အံ့ဩပါရဲ့"တဲ့၊ သူတို့က ပြောတယ်။ အရှေ့ပိုင်း နိုင်ငံသားကများ အမေရိကကို လာပြီးတော့ သင်ပေးမလို့ လာတယ် ဆိုတာ တစ်ခါမှ မကြားဖူးသေးဘူးတဲ့။ "အရှင်ဘုရား ကြည့်စမ်း" ပါတဲ့။ "သင်တန်းတွေမှာ လိုက်ကြည့်၊ အရှင်ဘုရားတို့ အရှေ့နိုင်ငံ သားတွေချည်းပဲ၊ မြန်မာပြည်ကလည်း ရှိတာပဲ၊ သီဟိုဠ်ကလည်း ရှိတယ်၊ အိန္ဒိယသားတွေကတော့ မပြောနဲ့တော့၊ အို, ထိုင်းတို့ ဘာ တို့ကလည်း ရှိတာပေါ့။ အရှေ့ပိုင်းနိုင်ငံသားထဲမှာ အရှင်ဘုရားတို့လို ဘုန်းကြီးတွေလည်း ရှိတာပဲ။ အရှင်ဘုရားက ခုတော့ သင်ပေးမလို့ လာတယ်။ သင်မလို့ လာတာ မဟုတ်ဘူးဆိုတော့ အံ့ဩပါရဲ့။ အရှင်ဘုရား ပြောစမ်းပါ" တဲ့။ "အနောက်နိုင်ငံသားကအရှေ့နိုင်ငံကို ပညာသင်သွားတာများ တွေ့ဖူးသလား" တဲ့။ "အစုလိုက် အဖွဲ့လိုက် မပြောနဲ့တော့တဲ့ တစ်ယောက်လောက် တွေ့ဖူးသလား"တဲ့။ အရှေ့ နိုင်ငံကတော့ အစုလိုက် အဖွဲ့လိုက် အနောက်နိုင်ငံ လာသင်နေကြရ တဲ့အခါမှာ၊ အရှင်ဘုရားက အရှေ့နိုင်ငံက လာပြီးတော့ အနောက်နိုင်ငံ မှာ အနောက်နိုင်ငံသားကို သင်မလို့ လာတယ်ဆိုတော့ အထူးအဆန်း ကြီး ဖြစ်နေတယ်။ ဘာသင်ပေးမှာလဲတဲ့။ အထူးအဆန်းကြီး

ဖြစ်နေတယ်။ "မင်းတို့က ဘာဖြစ်လို့ ဒီလိုပြောရတာတုံး" ဆိုတော့၊ အဲ,တချို့က နည်းနည်းကြွားလိုက်သေးတယ်။ "နေရဲ့ရောင်ခြည် အောက်မှာ ရှိသမျှ အကုန်လုံး အမေရိကသားတွေ သိတယ်" တဲ့ဗျ။

ဒီတော့ သူတို့ကို ပြောရတယ်။ မင်းတို့ မသိတာတွေ အများကြီးရှိတာပေါ့ကွာလို့။ မင်းတို့ဆီမှာ တို့က သွားသင်ရတာ အင်ဂျင်နီယာသင်ရ၊ ဆေးဘက်ကသင်ရ၊ တစ်ခုခု သင်မယ်ဆိုလို့ရှိရင် လေးနှစ်၊ ငါးနှစ်၊ ခြောက်နှစ် စသည်ဖြင့်ပေါ့လေ။ ဘွဲ့တို့ ဘာတို့ ရတယ်။ ဒါ ရုပ်ပိုင်းဘက်က။ စိတ်ပိုင်းဘက်မှာတော့ မင်းတို့က ငါတို့ဆီလာပြီး သင်ရမယ်။ မင်းတို့က ရုပ်ပိုင်းဘက် ဗဟုသုတရှိသလို၊ စိတ်ပိုင်းဘက်ကတော့ အရှေ့ပိုင်းနိုင်ငံ တို့ဗုဒ္ဓဘာသာက ပိုရှိတာ ဆိုတော့၊ သူတို့က ရယ်တယ်။ ဒါ အရှင်ဘုရား အနိုင်ပြောတာတဲ့။ အနိုင်ပြောတာမဟုတ်ဘူးလို့။ အဲလို ငြင်းနေတော့ "ကိုင်း, မင်းတို့ မရှိတာတွေပေါ့၊ မင်းတို့ အမေရိကန်သားတွေက နောက်ဆုံးပေါ် သစ်ပေ့ဆိုတာမှ စိတ်ဝင်စားကာ။ အင်္ဂလိပ်ကတော့ မဟုတ်ဘူး။ ဟောင်းပေ့ဆိုတာမှ သူတို့က ရေးကျလေလေ တန်ဖိုးရှိလေလေပဲ။ အမေရိကန်ကတော့ သစ်လေလေ ကောင်းလေလေပဲ ဆိုတော့ စကားလုံးသစ်သစ်နဲ့ ဘုန်းကြီးက ပြောတယ်။ မင်းတို့ မသိ မကြားဖူးတဲ့ စကားလုံးတွေ တို့မှာရှိတယ်ကွ၊ စိတ်ကူးကြည့်ဖို့ မပြောနဲ့ မင်းတို့ ကြားကို မကြားဖူးဘူး" လို့ ပြောတော့ သူတို့က ရယ်ကြတယ်။ ဒီ ဘုန်းကြီး အလကားကြွားနေတာပေါ့။ "ကိုင်း, မယုံလို့ရှိရင် ညတရားပွဲကျတော့ လာကြကွာ" လို့ ဆိုတော့ သူတို့ လာကြရောပေါ့။ တရားပွဲကျတော့ သူတို့က မေးတယ်။ "အရှင်ဘုရား တပည့်တော်တို့ မကြားဖူးဘူးဆိုတဲ့ စကားဟာ ဘာလဲ

ဘုရား၊ အရှင်ဘုရား ညနေက ပြောတယ် ဘုရားတဲ့၊ ကိုင်း ဘာတွေ တုံးဘုရား” တဲ့။ မင်းတို့ကို မေးမယ်ကွာလို့၊ “မင်းတို့ အမေရိကန်တွေ အကုန်သိတယ်ဆိုတဲ့ ဥစ္စာ ရုပ်အကြောင်း၊ ခန္ဓာကိုယ်အပြင် အပအကြောင်းပေါ့။ မင်းတို့ အခု ဘယ်ရောက်နေမှန်းကို မသိဘူး” ဆိုလိုက်တော့၊ အာ, သိတာပေါ့ဘုရား၊ အရှင်ဘုရား တရားပွဲတဲ့။ “အာ, ဒါကိုပြောတာမဟုတ်ဘူး၊ မင်းတို့စိတ် အခု ဘယ်ရောက်နေတုံး ဆိုတာကို ပြောတာပဲ။ မင်းဟာမင်း သိရမယ်။ မင်း အခု ဘာဖြစ်နေတာလဲ၊ အာ, တပည့်တော် ကျောင်းသားပဲတဲ့၊ မဟုတ်ဘူး ကျောင်းသား မဟုတ်ဘူး၊ မင်းစိတ်က ဘာဖြစ်နေတာလဲ၊ မင်းစိတ်က ဘယ်ရောက်နေတုံးလို့ မင်းစဉ်းစားကြည့်စမ်းပါဦးကွာ” လို့၊ “အာ,စိတ်ကတော့ ဟိုရောက် ဒီရောက်ပေါ့တဲ့။ မင်းစိတ် ဟိုရောက် ဒီရောက်နေတယ်လို့ ထင်ရတာပဲ။ ဘယ်ရောက်နေမှန်းကို မင်း မသိဘူးလို့၊ အဲဒီစိတ်ကိုက ကောင်းတဲ့စိတ်လား၊ မကောင်းတဲ့စိတ်လား၊ လောဘလား၊ ဒေါသလား”။ “ဟာ, ဘာတွေ အရှင်ဘုရား ပြောနေတာတုံး“ တဲ့။ “ဘာတွေ ပြောနေမှာလဲကွ၊ ကိုင်း ငါ မေးတယ်ကွာလို့၊ လူမှာ မင်းတို့စိတ်ဟာ ဘယ်မှာလဲဆိုတော့”၊ “ဦးနှောက်” တဲ့။ “ကိုင်း ထားတော့၊ လူမှာ တံခါး ဘယ်နှစ်ပေါက် ရှိတုံး၊ မင်းတို့သိလား” လို့။ “အာ, အရှင်ဘုရား ဘာတွေ ဘယ်လို တံခါးပေါက် ရှိရမှာလဲတဲ့။ တို့ဆီမှာ ရှိတယ်ကွ။ ပါဠိစကားနဲ့ အပြင်တံခါးပေါက်ကြီး ငါးပေါက်၊ အတွင်းတံခါးပေါက် တစ်ပေါက်။ ဟာ, ဆန်းလှချည်လားတဲ့၊ ဘယ်မှာလဲ၊ လူမှာလေ, အိမ်မှာ မဟုတ်ဘူးနော်။ လူမှာကိုရှိတာ၊ ဘာတံခါးတွေလဲတဲ့။ မျက်စိတံခါး၊ နားတံခါး၊ လျှာတံခါး ဟုတ်လား။ နှာခေါင်းတံခါး၊ ကိုယ်တံခါး၊ စိတ်

တံခါး"။ "ဟာ, အရှင်ဘုရား တပည့်တော် တစ်ခါမှ မကြားဖူးဘူး" တဲ့။ "အိမ်း, တို့ဆီမှာ ကလေးတွေကအစ သိတယ်ကွ။ အဲဒီစကား တွေဟာ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ။ အဲဒီတော့ မင်းတို့လို လူကြီးကျောင်းသားတွေ ကောလိပ်ကျောင်းသားကြီးတွေ က မသိကြဘူး၊ မကြားဖူးဘူး။ အဲဒါကြောင့် ငါက ပြောတာကွ၊ ဒါကအစလေး ရှိသေးတယ်။ မင်းတို့ မသိတာတွေ အများကြီး ကျန်သေးတယ်။ စိတ်ပိုင်းဘက်မှာ မင်းတို့ မသိဘူးကွ။ ရုပ်ပိုင်း ဘက်ကတော့ မင်းတို့ သိပ္ပံပညာနဲ့ မင်းတို့က နိုင်နေတာတော့ ဟုတ်ပါတယ်။ အဲဒီတော့ စိတ်ဘက်က သင်ချင်လို့ရှိရင် တို့ဆီကို မင်းတို့ လာရလိမ့်မယ်။ တစ်နေ့ကျ လာရလိမ့်မယ်" လို့၊ "အာ, အရှင်ဘုရား ပြောနေတာပဲ"။ "မင်းတို့ အခု ဒါလေးတောင် မသိ ဘူး။ စိတ် ဘယ်လို အလုပ်လုပ်မှန်းတောင် မသိဘူး။ ကိုယ့်ဆီမှာ ဘယ်လို တံခါးတွေ ရှိတယ်ဆိုတာ မသိကြဘူး။ အဲဒီတံခါးက နေပြီးတော့ကွာ တစ်နေ့လုံး အလုပ်များနေကြတာ"။ ဒီတော့ကာ သူတို့က "အတွင်းတံခါးကကော ဘာကို ပြောတာလဲ" တဲ့။ ကိုင်း, နေ့ခင်းကျတော့ကွာ သွားတာ လာတာ၊ မျက်စိကရော နှာခေါင်းကရော စားတာ သောက်တာဆိုတော့ စိတ်တံခါးက ဘယ်လို အလုပ်လုပ် သလဲ၊ စိတ်တံခါးကလည်း သူ့အလုပ်သူရှိနေတာပဲ။ အထူးကြည့် ရင်တော့ကွာ အိပ်ခန်းကို အိပ်ရာဝင်တဲ့အခါ မင်းတို့ ထုံးစံအတိုင်း၊ နောက်ပိတ်ဆုံး အိပ်ကြမယ် ဆိုလို့ရှိရင် နောက်စကား မပြောနဲ့ ဆိုတာနဲ့ အတူတူလောက်ပဲ။ ပြောချင်ရာတွေပြော နောက်ပိတ်ဆုံး ဆိုရင် အိပ်တော့မယ် ဆိုတာနဲ့ အတူတူပဲ။ အဲဒီလိုဖြစ်တဲ့အခါ ကျတော့ မင်းတို့ ဖြုန်းခနဲ မအိပ်သေးဘူး မဟုတ်လားလို့။ တစ်

ယောက်တည်း မီးတွေကလည်း ပိတ်ကုန်ပြီ။ အိမ်မှာလည်း စကား ပြောသံ မရှိတော့ဘူး။ လမ်းမှာလည်း ဆိတ်ငြိမ်နေကုန်ပြီ။ အဲဒီအခါ ကျ ဘယ်တံခါးပွင့်သလဲ။ မျက်စိကလည်းပဲ မီးတွေက ငြိမ်းတော့ မမြင်ရဘူး။ နားကလည်း ကားသံတွေ ဘာတွေ ဆိတ်ငြိမ်နေလို့ ပေါ့လေ။

ကပွဲတွေကလည်း ပြီးကုန်လို့ နားကလည်း ကားသံတွေ ဘာတွေ ဆိတ်ငြိမ်နေလို့ပေါ့လေ။ ပွဲတွေကလည်း ပြီးကုန်လို့ နား ကလည်း မကြားရဘူး မဟုတ်လား။ နှာခေါင်းကလည်း ချက်တာ ပြုတ်တာ မရှိတဲ့အခါ အနံ့ကလည်း မနံဘူး။ လျှာကလည်း စားရ တာ မဟုတ်တော့ အရသာ မသိနိုင်ဘူး။ ကိုယ်ကလည်း တွေ့တာ ထိတာဆိုတဲ့ ဥစ္စာ၊ ကိုယ့်ဥစ္စာ ကိုယ့်အိပ်ရာနဲ့ပဲ တွေ့ရတယ်။ အဲဒီ အခါကျတော့ ဘယ်တံခါးပွင့်မလဲ။ စိတ်ကူးပြီ။ ငါ နေ့ခင်းတုန်းက ဘယ်သူမြင်ခဲ့ရတယ်။ ဘယ်ဝါ မြင်ခဲ့ရတယ်။ အဲဒီ စိတ်ကူးတာတွေ ဟာ, မမြင်ရဘဲနဲ့ စိတ်ကူးတာတွေ၊ မကြားဘဲနဲ့ စိတ်ကူးတာတွေ၊ အခု မစားရဘဲနဲ့ စားပြီးခဲ့တဲ့ဥစ္စာတွေ၊ အခု မထိရဘဲနဲ့ ထိခဲ့ရတဲ့ ဥစ္စာတွေ၊ ပြန်ပြီးတော့ စားမြုံ့ပြန်ထားတာ၊ အဲဒါ စိတ်ကူးတာ၊ အတွင်းတံခါးပွင့်တာပေါ့ကွ”လို့ ဆိုတော့ “ဟာ, အရှင်ဘုရား၊ တယ်ဆန်းတာပဲတဲ့၊ နေစမ်းပါဦးတဲ့၊ ဘာဖြစ်လို့ တံခါးခေါ်ရတာ တုံး” တဲ့။

ဒီအပေါက် ငါးခုကို ဘာဖြစ်လို့ တံခါးခေါ်ရတာလဲဆိုတော့ ဟောဒီတံခါး၊ တံခါးကို မင်းတို့ အင်္ဂလိပ်က “ဒိုး” ခေါ်တယ် မဟုတ်လားလို့။ တို့ဗမာလို စကားနဲ့ကျတော့ ဒွါရ ခေါ်တယ်ကွလို့။ အဲဒီ ဒွါရဆိုတဲ့ စကားက (၂) ခု တို့ရဲ့ ဖြစ်ရာဌာနလို့ အဓိပ္ပာယ်

ရတယ်။ ဒီတံခါးကြီးဟာ ဘာဖြစ်လို့ တံခါးခေါ်တုံး၊ ကိစ္စ (၂) ခု ရှိလို့။ ဘာကိစ္စတုံး၊ ထွက်တဲ့ကိစ္စ၊ ဝင်တဲ့ကိစ္စ။ ဝင်တာလည်း ဒီတံခါးကြီးကပဲ၊ ထွက်တာလည်း ဒီတံခါးကြီးကပဲ။ မျက်စိကလည်း ဒီလိုပဲကို၊ မြင်စရာအာရုံကိုယူတာ ဟောဒီမျက်စိတံခါးကပဲ၊ နားက ယူတာ မဟုတ်ဘူး၊ ကိုယ်ကလည်း ယူတာ မဟုတ်ဘူး။ မြင်စရာ မှန်သမျှ၊ သူ့အစွမ်းရှိသလောက် အဝေးအနီး လိုက်ပြီးတော့ အာရုံ ယူတာဟာ ဟောဒီမျက်စိက ယူတာပဲ။ မျက်စိတံခါးက ဖွင့်ထားလို့ ပေါ့၊ ပိတ်ထားရင် ဘယ်ရတော့မတုံး။ မျက်စိကပဲ မြင်တာ မှန် သမျှနဲ့ ပတ်သက်လို့ ထွက်တာရော၊ ဝင်တာရော၊ အာရုံယူတာရော တံခါးလိုပဲ ကိစ္စ (၂) ခုရှိတော့ကာ ဒါကိုလည်း ဒွါရလို့ ခေါ်တယ် ကွ။ "ဟာ, ဒီလိုဆိုရင်တော့ အဓိပ္ပာယ်ရှိသားပဲ" တဲ့။ "အဓိပ္ပာယ် ရှိလို့ ခေါ်တာပေါ့ကွ၊ အဲဒါ မင်းတို့ မကြားဖူးဘူးလား၊ မင်းတို့ အကုန်သိတယ်၊ မင်းတို့ မထင်ကြနဲ့၊ ကိုယ်သိတာလည်း သိတာ ပေါ့လို့ ပြောပြရတယ်"။

အပြင်တံခါးကြီး ငါးခုကတော့ ပြီးသွားပြီ။ မနောဒွါရ ကျ တော့ ဘယ်လိုဖြစ်တာလဲဆိုတော့၊ ခုတင်က ပြောသလိုပေါ့၊ မြင် တာလည်း မဟုတ်၊ ကြားတာလည်း မဟုတ်၊ တံခါးငါးခု ပိတ်လိုက် တဲ့ အခါကျတော့ အတွင်းတံခါး ပွင့်ပြန်ပြီ။ သူက ပိုကျယ်တာ ပေါ့။ မျက်စိတံခါးက မြင်တာလေးတင်ပဲ၊ ကြားတာကိုတော့ မျက်စိက ဘာမှမတတ်နိုင်ဘူး၊ သိတာလည်းမတတ်နိုင်ဘူး၊ ဟော, စိတ်တံခါးကတော့၊ ကြားတာရော မြင်တာရော အကုန်စိတ်ကူးနိုင် တာပဲ။ မြင်တာတွေ၊ ကြားတာတွေ၊ နံ့တာတွေ၊ အရသာတွေ၊ ထိ တာတွေ၊ ပြီးတော့ စိတ်ကူး၊ ဘယ်တုန်းက ကူးခဲ့တယ် ဆိုတဲ့ ဥစ္စာ

တွေကော၊ သူက (၆) ခုတောင် အလုပ်လုပ်နိုင်တာ။ အာရုံ (၆) ပါးတောင်မှပဲ။ အာရုံ (၆) ပါးတင် မကဘူး။ သူက ဘာမဆို စိတ်ကူးနဲ့ စိတ်တံခါး မဝင်နိုင်တာ မကူးနိုင်တာ မရှိဘူး။ အဲဒါ မနောဒွါရက ပိုပြီးတော့ ကျယ်တာပေါ့။

အဲဒါကြောင့် စိတ်ဟာ အလွန်အရေးကြီးတဲ့ အကြောင်း အလွန်ထင်ရှားတာပေါ့။ အဲ, စိတ်ဖြစ်တော့ ဘယ်လို ဖြစ်တာလဲ ဆိုတော့ပေါ့ဗျာ။ ခုတင်တုန်းက လူတစ်ယောက် တစ်ယောက်မှာ ဘဝင်ဆိုတဲ့ ဥစ္စာဟာ ပင်လယ်ရေပြင်ကြီးနဲ့ တူတာပေါ့။ ပင်လယ်ရေပြင်ကြီးမှာ လေတွေ ဘာတွေ မထန်တဲ့အခါကျတော့ ငြိမ်ပြီးတော့ လှိုင်းကလေးတွေကလည်း ငြိမ်ပြီးတော့ နေတဲ့အခါနဲ့ တူတယ်။ လေကြီးတွေ ကျပြီဆိုလို့ရှိရင် တစ်ခါတည်း ရိုးရိုး လှိုင်းကလေးက နေပြီးတော့ လှိုင်းအကြီးအကျယ် ထသွားလိုက်တာ ကြောက်စရာပဲ။ ဥပမာ, ခဲကြီးနဲ့ ပစ်တယ်ဆိုလို့ရှိရင် ရေလှိုင်းကြီးတွေ ထသွားတာ လိုပဲ။ ခဲကြီးရင် ကြီးသလောက် ငယ်ရင် ငယ်သလောက် အဲဒီလို ဂယက်ထသွားတာ။

ဒါကြောင့် ဘုန်းကြီးတို့ ဘာသာပြန်တဲ့ အခါကျတော့ပေါ့ လေ၊ ထင်ရှားအောင် ဆိုပြီးတော့ ငြိမ်ငြိမ်လေးနေတဲ့အခါမှာ ဖြစ်တဲ့စိတ်ဟာ ဘဝင်စိတ်။ အင်မတန် လှုပ်လှုပ်ရှားရှား ဖြစ်တဲ့စိတ်ဟာ ဝီထိစိတ်။ နောက်ပြီး ခုတင်က ပြောခဲ့သလို ဒွါရ (၅) ခု၊ (၆) ခု။ စိတ်ကူးနဲ့ ပေါ်လာတဲ့ အခါကျတော့ မနောဒွါရ။ ဒီလိုမျိုး စိတ်ရဲ့ ဖြစ်စဉ် ဝီထိနဲ့ စိတ်တံခါးတွေကို ပြောပြပြီးခါမှ စိတ်အကြောင်း ကို အနောက်နိုင်ငံမှာ ဆက်လက် ဟောပြရပါတယ်။

## နိဗ္ဗာန်ကို ရည်ရွယ်၍

ဒီလို သင်ယူမှတ်သားကြတာတွေဟာ ရည်ရွယ်ချက် အသီးသီး ရှိကြရမယ်။ ရည်ရွယ်ချက်က ဘာတုံး။ ရည်ရွယ်ချက်က နိမ့်ရာက နေပြီးတော့ မြင့်တာထက်မြင့်အောင်၊ မသန့်ရှင်း ညစ်ပတ်နေရာကနေ ပြီးတော့ သန့်ရှင်းတဲ့ အဖြစ်ရောက်အောင်၊ အဝိဇ္ဇာ အမိုက်မှောင်မှ ဝိဇ္ဇာ အလင်းရောင်သို့ ရောက်အောင်၊ ဒါက လောကုတ္တရာ ဘက်က ရည်ရွယ်ချက်ကိုး။ အမြင့်ဆုံးကတော့ အချမ်းသာဆုံး နိဗ္ဗာန် ရောက်အောင်၊ အဲဒါ အရေးအကြီးဆုံး ရည်ရွယ်ချက်ပဲ။ အဲဒါ ကြောင့် စားဝတ်နေရေးတင် မပြီးဘဲနဲ့ လူရဲ့ ရည်ရွယ်ချက်အစစ် ဖြစ်တဲ့ ဝိမုတ္တိသုခဆိုတဲ့ ဒုက္ခခပ်သိမ်း ကင်းရာဖြစ်တဲ့ အချမ်းသာ ဆုံး ပန်းတိုင်ရောက်အောင် အဲဒီလုပ်နည်း ကိုင်နည်းတွေကို လေ့လာ မှတ်သားနည်းယူ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမယ်။

## စိတ်ပိုင်းကို စပြောပါပြီ

စိတ်ပိုင်းမှာ ဘယ်ကစတုံး။ အကုသိုလ် မကောင်းတဲ့စိတ်တွေ ဟာ အချုပ်အားဖြင့်၊ မူလအားဖြင့် (၃) မျိုး ရှိတယ်။ ဘာတွေတုံး၊ လောဘ၊ ဒေါသ၊ မောဟ။ မကောင်းတာ၊ ညစ်ပတ်တာ၊ နိမ့် ရာကစပြီးတော့ တဖြည်းဖြည်း တက်ရမှာကိုး။ ဒါကြောင့် အကုသိုလ် က စရတာ။ အကုသိုလ်ထဲမှာလည်းပဲ အထင်ရှားဆုံးက လောဘ။ များလည်း များတယ်။

## လောဘတရား

မကောင်းတဲ့ အကုသိုလ်စိတ်မှာ လောဘဟာ ထိပ်ဆုံးကပဲ။ သူ့ရဲ့ ပရိယာယ်ပုဒ်တွေက အများကြီး ရှိတာပေါ့။ ရာဂတဲ့၊ တဏှာတဲ့။ စကားလုံး ရှိပေမယ့်လို့ အဓိပ္ပာယ်ကတော့ လိုချင်တယ်ဆိုတာပါပဲ။ ခပ်ဆင်ဆင် အဓိပ္ပာယ်တွေ ရှိကြပါတယ်။

လောဘက လိုချင်တာဆိုတော့ တဏှာကျတော့ ဘာထူးလာလဲ။ တဏှာလည်း လိုချင်တာပဲ။ လောဘဆိုရုံနဲ့ မပြီးဘူးလားဆိုတော့ တဏှာလိုချင်တာက နည်းနည်းထူးတယ်။ သူက ဆာလောင်တာနဲ့ တူတယ်။ ထမင်းဆာတာလိုပေါ့။ လောဘက လိုချင်တာပဲ၊ တဏှာကလည်း လိုချင်တာပဲ။ လိုချင်တာပေးတယ်၊ အဲဒီလိုချင်တာလေး ရပြီးတဲ့နောက် ပြေသွားပေတဲ့ ဆာတာက ဆာတာပဲ။ ဆာတာက ထမင်းဆာတာတင် မကဘူး ကာမဂုဏ်မှာလည်း ဆာတာပဲ မဟုတ်လား။ မျက်စိကလည်းပဲ လှတာလေး ကြည့်နေကျ၊ မကြည့်ရလို့ရှိရင် မျက်စိက ဆာနေပြီ။ ဒါပေမယ့် ဆာတယ်လို့ မသုံးဘူး။ ဘာသုံးလဲ။ မကြည့်ရတာနဲ့ သူက ပျင်းလာတာ။ ပျင်းတာလည်း လောဘပဲ။ အလိုဆန္ဒ မပြည့်လို့ သူ ပျင်းနေတဲ့ဥစ္စာ။ လွမ်းနေတဲ့ဥစ္စာ၊ အဲဒါ ကိုယ်လိုချင်တာလေး မကြည့်ရလို့။ အဲဒါလည်း လောဘ။

အဲဒါ လောဘထဲမှာ (၈) မျိုးတောင်ရှိတယ်။ လောဘ (၈) မျိုး။ ဘာဖြစ်လို့ (၈) မျိုးကြီး လုပ်ထားတာလဲလို့ မေးမယ်ဆိုလို့ရှိရင် သူ့ဟာသူတော့ အဖြေရှိပြီးသားပါပဲ။ အကြီးဆုံး အထက်သန်ဆုံး ရှေ့ဆုံးက (၁) နံပါတ် လောဘက ဘာလဲဆိုလို့ရှိရင် မသိနားမလည်ဘဲနဲ့ လိုချင်တာကို ပြောတာ။ အဲဒီလိုချင်တာလေး

ရအောင်ဆိုပြီး သူ့ဟာသူ မှန်တယ်ဆိုတဲ့ အထင်နဲ့ မှားပြီးတော့ ဖြစ်တာပေါ့။ ပါဠိလိုကတော့ "သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ" ဆိုပြီးတော့ လောဘ (၈) မျိုးအနက် (၁) နံပါတ်မှာ ပြထားတယ်။ ဘာဖြစ်လို့ အားအကောင်းဆုံး (၁) နံပါတ်အဖြစ် နေရတာလဲဆိုလို့ရှိရင် အကုသိုလ်မှန်သမျှ ဝမ်းသာအားရနဲ့ လုပ်တာပဲပေါ့။ ဒါပေမယ့် လောဘမှန်သမျှဟာ ဝမ်းသာပြီးတော့ လုပ်တာနဲ့ ဝမ်းမသာဘဲနဲ့ လုပ်တာဟာ မတူဘူးတဲ့။ ဝမ်းသာတယ်ဆို အားရပါးရ, သောမနဿ ခေါ်တယ်။ ပြီးတော့ ဉာဏ်ကလည်း မရှိဘူး။ ဉာဏ်မရှိတော့ မှန်တယ်ထင်ပြီး မှားသွားတာပေါ့။ မသိတဲ့အခါကျတော့ ဒိဋ္ဌိပေါ့။ အဲဒီလို လုပ်ရတဲ့အလုပ်ဟာ တယ်အရသာရှိတာကိုး။ သူက သူများတွေ တိုက်တွန်းဖို့ မလိုတော့ဘူး။ ဥပမာ–ဘာနဲ့ တူသလဲဆိုရင် စာများထဲမှာတော့ မီးရဲရဲတောက်နေတဲ့ သံချောင်း အဲဒီ မီးရဲရဲတောက်နေတဲ့ သံချောင်း၊ ကြည့်လိုက်တဲ့အခါ ရွှေချောင်းလေးလိုပဲ၊ မှောင်ထဲမှာ အဲဒီ ရွှေချောင်းလေးနဲ့တူတဲ့ မီးခဲသံချောင်းကို သွားကိုင်လိုက်တော့၊ အာ, ရွှေချောင်းကြီးရတော့မယ်ဆို ဝမ်းသာအားရနဲ့ သွားဆုပ်လိုက်တဲ့ အခါကျတော့ လက်လောင်တော့တာပေါ့။ သူများလည်း မတိုက်တွန်းရဘူး၊ သူက အမှန်လည်း မသိဘူး၊ အဲဒီတော့ ဝမ်းသာအားရနဲ့၊ လက်ကို အကြီးအကျယ် လောင်တော့တာပေါ့။ အဲဒီဟာကို မီးပဲလို့ သိမယ်ဆိုလို့ရှိရင် ဒီမီးကိုပေါ့လေ ကိုင်ရဦးတော့ လက်နဲ့တော့ ကိုင်မှာ မဟုတ်ဘူး။ တစ်ခုခုနဲ့ ကိုင်တော့မှာပဲ။ အဲဒီတော့ သက်သာတာပေါ့။ အဲဒါ ဝမ်းသာပြီးတော့ လုပ်ရတာနဲ့ ဝမ်းမသာဘဲနဲ့ လုပ်ရတာနဲ့ ကုသိုလ်ဘက်မှာလည်း မတူဘူး။ အကုသိုလ်မှာလည်း မတူဘူး။

ပြီးတော့ ဘုန်းကြီးတို့ အနောက်နိုင်ငံမှာ စစ်ပြီးစတုန်းက အဲဒီအကြောင်း သင်တဲ့အခါကျတော့ သူတို့ဟာသူတို့ ဥပမာ ပေးကြတယ်။ “ဂျပန်တွေနဲ့ တူတာပေါ့ ဘုရား” တဲ့။ ဒီထဲ ဂျပန်တော့ မပါပါဘူး ထင်ပါရဲ့။ ပါနေရင် ရန်တွေ့နေဦးမယ်။ ဂျပန်တွေက ရောက်ရာအရပ်မှာ အသေခံပြီး နေတာပဲတဲ့။ အသက် အသေခံပြီး နေတာပဲတဲ့။ ဘာဖြစ်လို့ အသေခံကြရသလဲဆိုရင် သူတို့ကို တစ်ခါတည်း အဆိပ်ထည့်ပေးလိုက်တယ်။ သူတို့ သင်တန်း တက်ကတည်းက ပေါ့။ ဟေ့, မင်းတို့ ရင်ဆိုင်ရမယ့် လူကို သတ်။ ဒါပေမယ့် ကိုယ့်အသက်ကို မထားနဲ့ဟေ့။ ကိုယ့်တိုင်းပြည်နဲ့ အင်ပါရာ ဘုရင်ကြီး အတွက် သတ်ရတဲ့အတွက် တစ်နေ့ မင်းတို့သေရင် နတ်ပြည် ရောက်ပြီးသားပဲလို့။ အဲဒီလိုကို သင်ပေးလိုက်တော့ သတ်တဲ့အခါ အားရပါးရကြီးကို သတ်တာပေါ့။ အင်ပါရာကြီးအတွက် အင်ပါရာ ဘုရင်ကြီးအတွက် လုပ်ပေးရတာ၊ အားရပါးရကြီး လုပ်တဲ့အခါကျတော့ အထက်လူကြီးတွေကလည်း အားရမယ်။ ကိုယ့်တိုင်းပြည် အတွက်လည်း လုပ်တယ်၊ အင်ပါရာဘုရင်အတွက်လည်း လုပ်တယ် ဆိုလို့ရှိရင်ဖြင့် အင်မတန် အားရှိပြီးတော့ သတ်ရဲတာပေါ့၊ ခိုးရဲတာပေါ့၊ လုရဲတာပေါ့၊ သတ်ရဲ ဖြတ်ရဲတာပေါ့တဲ့။ အဲဒါက သူတို့ကပေးတဲ့ ဥပမာပဲ။

## စေတနာထက်သန်မှု

ဘုန်းကြီး တစ်နေ့က ပြောခဲ့ပြီးပါပြီ။ ဘုန်းကြီးကို ဒီမြန်မာပြည်မှာရော ဟို အနောက်နိုင်ငံတွေမှာပါ၊ ရောက်ရာအရပ်တိုင်းမှာ လိုပါပဲ၊ ကံအကြောင်းတရား ဟောပြီဆိုရင် ဒီပြဿနာက ဝင်လာပြီ။

မကောင်းကျိုးဟာ ဘာကြောင့် လက်ငင်းအကျိုးပေးရသလဲ ဆိုတဲ့ အမေးပြဿနာပါ။

ကောင်းကျိုးကျတော့ ဘာကြောင့် အကျိုးပေး နည်းရတာ တုံးတဲ့။ တစ်ခါတလေ မပေါ်လာဘူးတဲ့။ လှူလိုက်တာ ဘယ်လို အလှူကြီး လှူလှူပေါ့၊ ကျောင်းအတွက် ဘုရားပုထိုးအတွက်ပေါ့။ လှူလိုက်တာ ဘယ်နှစ်ထောင် ဘယ်နှစ်သောင်းကုန်တယ်။ ဒါပေမယ့် ထူးထူးခြားခြား အကျိုးပေးတာကတော့ မတွေ့ရဘူးတဲ့။

မကောင်းတာကျတော့ သူတစ်ပါးကို မျက်စောင်းလေး ထိုးကြည့်တာနဲ့ပဲ၊ ဒီကောင် ဘာလဲကွ၊ ဘာကောင်လဲကွနဲ့၊ နောင်ချိန်တွေ ချကုန်ကြတာပဲတဲ့။ အဲဒါ ဘယ်လိုလဲပေါ့။ အဲဒါ ဘယ်လိုဟာလဲတဲ့ မေးကြတယ်။ အဖြေက ဘုန်းကြီးတို့ ကုသိုလ်ပိုင်းမှာ "သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါရိကမေကံ" အဲဒါ အဖြေပေါ့။ ကုသိုလ်ပြုတဲ့ နေရာမှာလည်းပဲ သောမနဿ, ဝမ်းသာရမယ်။ ဟောနေကြ ပြောနေကြတာကတော့ စေတနာကောင်းရမယ်လို့ ပြောကြတယ်။ စေတနာထက်သန်မှတဲ့။ စေတနာက ဗမာစကားမှ မဟုတ်ဘဲ။ ဟောသာ ဟောနေတယ် စေတနာဆိုတဲ့ စကားလုံးကိုက ဗမာစကားမဟုတ်တော့ စေတနာဆိုတာ ဘာမှန်းလည်း မသိဘူး။ စေတနာကောင်းရမယ်။ သဒ္ဓါကောင်းရမယ်တဲ့ ပြောသာ ပြောနေတာ။ ပြောစမ်းပါဦး၊ စေတနာကောင်းတယ်ဆိုတာ ဘာလဲ၊ စေတနာကောင်းတယ်ဆိုတာ စိတ်ထက်သန်တာ။ လုပ်ပေးတဲ့ သဘော တရားကို စေတနာလို့ ခေါ်တယ်။ အဲဒါကြောင့် စေတနာကောင်းကောင်းနဲ့ လုပ်ပါဆိုတာ စိတ်ထက်ထက်သန်သန်နဲ့ လုပ်ပါလို့ ပြောတာပဲ။ စိတ်ထက်သန်တယ်ဆိုတာမှာ

ဝမ်းသာတာကို ပြောတာ။ တစ်ခုခု လုပ်ရရင် ဝမ်းသာမှ စိတ်ထက်သန်တော့မှာပေါ့။ အဲဒါကြောင့် ကုသိုလ်ပြုတဲ့အခါ သောမနဿဖြစ်ကို နေမှ။ အကုသိုလ်တုန်းကတော့၊ အမလေး ကိုယ့်ကို နာကျင်အောင် စကားလေး ပြောတဲ့ ဥစ္စာ၊ မျက်နှာကြီးကို ပျက် ဒေါသကြီးကိုဖြစ် စိတ်ရောကိုယ်ရော တစ်ခါတည်း ထိသွားလိုက်တာနော်။ ကုသိုလ်ပြုတဲ့အခါကျတော့ သိပ်ပြီးတော့ မထိဘူး။ အလှူခံလာတဲ့လူက မျက်နှာကြီးဆိုရင်ဖြင့် ထည့်တဲ့ လူကလည်းပဲ မျက်နှာကြည့်ပြီးတော့ ငါ ဒီလောက် ထည့်လို့ မတော်ဘူး ဆိုပြီး နည်းနည်းလေးပိုထည့်တာပေါ့။ အဲဒါ ကုသိုလ်ရအောင်မှ မဟုတ်ဘဲ။ ဟိုမျက်နှာကြီးကို မျက်နှာရအောင် သူလုပ်တာပဲ။ ဝမ်းသာတာမှ မဟုတ်ဘဲ။ စိတ်ထဲက အို, သူလာလို့သာ ငါလောင်းလိုက်ရတယ်လို့လည်း ဖြစ်နေဦးမှာပေါ့။ မျက်နှာငယ် အလှူခံကျတော့ နည်းနည်းလေးပဲလှူတယ်။ ဝမ်းမှမသာတာ၊ ပျော်မှမပျော်တာဘဲ၊ အဲသည်တော့ ဘယ့်နှယ်လုပ် အကျိုးပေးမတုံး။ အလွန့်ကို ဝမ်းသာရင် အဟုတ်ကို အကျိုးပေးပါတယ်။

## ဝိသာခါလို ဝမ်းသာရမယ်

အဲ,သောမနဿ လိုနေတယ်။ ဘုန်းကြီးတို့ တချို့ အဋ္ဌကထာ၊ ဋီကာများကတော့ ဘယ်လောက် ဝမ်းသာရမလဲဆိုရင် ဝိသာခါ ကျောင်းအစ်မကြီးလောက် ဝမ်းသာရမယ်တဲ့။ ရတာကျတော့ ဝမ်းသာလို့။ ဥပမာ ဘုန်းကြီးတို့ တစ်နေ့တုန်းကလည်း ပြောခဲ့သေးတာပဲ။ ထီထိုးထားတယ်။ ထီပေါက်တဲ့အခါကျတော့ သိန်းထီဖြစ်မယ်ဆိုရင် ဘယ်လောက်များ ဝမ်းသာတုံး၊ ရိုးရိုးနေလို့ရရဲ့လား၊

မနေနိုင်ဘူး မျက်နှာကို ရှင်ပျနေလိုက်တာ။ ဟိုလူ့ကို ပြောပြချင်၊ ဒီလူ့ကို ပြောပြချင်။ ဟာ, ထိုးတဲ့ဆိုင်မှာ လက်မှတ်သွားတိုက်လိုက်သေးတယ်။ ဟိုကလည်း ဟုတ်ပါတယ်ဆို၊ အို, ပိုက်ဆံတော့င် မရသေးဘူး သူပျော်လိုက်တာ။ ဒါ မရသေးဘဲနဲ့ ပျော်နေတဲ့ဥစ္စာ ရတဲ့အခါကျတော့ မပြောနဲ့တော့။ အဲဒါတွေကြည့်စမ်း။ တစ်သိန်းဆိုတာ ခုခေတ် ဘာမှ ဖြစ်လောက်တာ မဟုတ်ဘူး။ ဘာမှ မဖြစ်လောက်ပေမယ့် တစ်သိန်းရဖို့က လွယ်တာ မဟုတ်ဘူး။ ဒါက တစ်ဘဝစာလေး၊ အဲ, လျှတဲ့အခါကျတော့ ဘယ်လို ဖြစ်နေသလဲ ဆိုလို့ရှိရင်သိန်းထီပေါက်သလောက်များ ဝမ်းသာရင်တော့ ဘယ် ဒီလို နေလိမ့်မလဲ။ ဝိသာခါ ဝမ်းသာသလို ဝမ်းသာရမယ်ဆိုတာ ဘာပြောတာလဲဆိုတော့ ဝိသာခါ ကျောင်းအစ်မကြီးအကြောင်း စာထဲမှာ ပါပါတယ်။ မြေးပေါင်း ဘယ်လောက်၊ မြစ်ပေါင်းက (၄၀၀၀) လားမဆိုနိုင်ဘူး။ စာထဲမှာ ပါတာတော့ ရုပ်ကလည်းပဲ မြေးတွေနဲ့တစ်ရွယ်တည်းပဲ မသိသာဘူးတဲ့။ ရုပ်က အလွန်နုတယ်ပေါ့။ ဝိသာခါ ဘယ်လို ဝမ်းသာသလဲဆိုတော့၊ သူလှူတဲ့ ပုဗ္ဗာရုံ ကျောင်းကြီး သန်းပေါင်းများစွာ၊ ကုဋေပေါင်းများစွာ စာထဲမှာတော့ ပါပါတယ်။ ပုဗ္ဗာရုံကျောင်းကြီး ဆောက်ပြီးတော့ ကျောင်းကြီး ရေစက်ချတဲ့နေ့မှာ ဝမ်းသာလိုက်တာ ငြိမ်ငြိမ်နေလို့က မရဘူး။ မျက်နှာတင်မကဘူး၊ ကိုယ်ပါ တစ်ခါတည်း ထပြီးတော့ က,တော့တာပဲ။ ကျောင်းပတ်ချာလည် လှည့်က,တော့ လူတွေက သည်လို ပြောကြတယ်။ ဒီအဘွားကြီးတော့ သူငယ်ပြန်ပြီ ထင်ပါရဲ့တဲ့။ အဘွားကြီးသတိထားမှပေါ့လို့ ဆိုတော့ အဘွားကြီးက ဘာပြန်ပြောတုံး။ "နင်တို့ထင်သလို မဟုတ်ဘူး၊ နင်တို့ အထင်မှားနေတာ။ ငါလုပ်တာ

ငါသိတယ်၊ ငါဝမ်းသာလို့။ နင်တို့လို လောဘကြောင့် ပျော်ပြီး က,တာ မဟုတ်ဘူး။ နင်တို့ရရင် နင်တို့ က,မယ်။ ကိုယ်ကြိုက်တာလေး ကြားရလို့ရှိရင် နင်တို့ က,မယ်။ ငါက ဒါမျိုးမဟုတ်ဘူး။ ငါက လှူရတာကြောင့်မို့ ဝမ်းသာလွန်းလို့ က,တာဟဲ့။ မလှူလို့ရှိရင် အဲဒီငွေတွေကို ငါ့သားသမီး မြေးတွေအတွက် သုံးပစ်လိုက်ရင် ကုသိုလ်အထုပ် ဖြစ်မလာဘူး။ အခုတော့ ငါ အောင်မြင်ပြီ။ ဒီ ကုသိုလ်ကြီးဟာ ငါဘဝသံသရာ၊ နိဗ္ဗာန်ထိအောင် ပါမယ်။ အောင်မြင်ပြီ ဆိုပြီးတော့ ငါဝမ်းသာလွန်းလို့တဲ့။ ဒါကြောင့် ကုသိုလ်ပြုရာမှာ အဲဒီလို ဝမ်းသာနည်းမျိုးနဲ့ ဝမ်းသာရမယ်တဲ့။

ပြီးတော့ ဘာပါရဦးမလဲ။ "သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ" တဲ့ ဉာဏ်ကလေးလည်း ပါရဦးမယ်။ အကျိုးပေးချင်လို့ ရှိရင် ဘယ်လို ဉာဏ်ပါရမလဲ။ ဥပမာ တစ်သိန်းလှူတယ်ဆိုရင် ဒီဟာ ကုန်တယ်လို့ အယူရှိတာကိုး။ အလှူအတန်းမှာ တစ်ရာလောက် လှူတယ်ဆိုရင် တစ်ရာတော့ ကုန်ပါပြီ၊ ငါ့ဟာတွေ ကုန်ပါပြီလို့ သည်လို ထင်သွားတာကိုး။ ကုန်တာ မဟုတ်ဘူး။ ဒါလေးတွေ စုတယ်၊ စုပြီးတော့ အဖတ်တင်တာလေးဟာ ကျန်ခဲ့တာလေးဟာ ဒါလေးပဲ။ ခုတင်က တစ်သိန်းတောင် ဘယ်လောက်ကြာအောင် ခံမှာတုံး။ ဘဝတစ်ပါး ပြောင်းတော့ကော တစ်ပြားတစ်ချပ် ပါဦးမှာ တဲ့လား။ အလှူဒါန ပြုလိုက်တဲ့ ကုသိုလ်ကတော့ နိဗ္ဗာန်အထိ ဘယ်တော့မဆို အရန်သင့် စုထားတာ။ ဘဏ်ထဲမှာ သွင်းထားတာပဲ။ ဒါကြောင့် လှူတယ်ဆိုတဲ့ဥစ္စာ သံသရာဘဏ်ကြီးထဲမှာ နိဗ္ဗာန်ထိ သုံးစွဲဖို့ ရိက္ခာထုပ်သဖွယ် စုဆောင်းထားတာပဲ။ ကိုယ်တောင် မမွေးရသေးဘူး၊ မွေးတော့မယ်ဆိုရင် သူကစောင့်နေပြီ။ တချို့

ကတော့ လှူတဲ့အခါ ဉာဏ်မပါဘူး၊ "ကုန်ပါပြီ၊ ကုန်ပါပြီ" လို့ ဖြစ်နေတာပေါ့လေ။ တချို့များ အလှူထည့်တာ ခပ်များများဖြစ်သွားလို့ "ဒီတစ်ခါတော့ များသွားတယ်" ဆိုပြီး ဝမ်းနည်းနေတဲ့ဥစ္စာ ဘယ့်နှယ်လုပ် အကျိုးပေးပါ့မတုံး။ အဲဒါကြောင့် ကုသိုလ်ပြုတဲ့အခါ၊ ငါအကြီးအကျယ် ကုသိုလ်ကြီး ရလိုက်တာပဲလို့ ဝမ်းလည်းသာတယ်၊ ဉာဏ်လည်း ပါနေတယ်ဆိုတော့ ပိုပြီး ဝမ်းသာတာပေါ့။

ပြီးတော့ "အသင်္ခါရိက" သူများကလည်း မတိုက်တွန်းရဘူးတဲ့၊ ဘယ်လို မတိုက်တွန်းရမှာတုံး။ ဝမ်းလည်းသာတယ် ဟုတ်လား၊ ဉာဏ်ကလည်း ရှိပြီဆိုတော့ တိုက်တွန်းဖို့လည်း မလိုတဲ့အခါကျတော့ အင်မတန်ကို ပြည့်စုံနေတော့ အကျိုးမပေးဘဲ ဘယ်နေပါ့မတုံး၊ အဲဒါတွေက အလွန်ထင်ရှားတာပေါ့။ ဘုန်းကြီးတို့ ပြောနေကျအတိုင်းပဲ ကိုယ့်အိမ် ဧည့်သည်လာတာတောင်မှ ဧည့်သည်ကို ပျူပျူငှာငှာ နဲ့ပေါ့၊ ဧည့်သည်ကို ဝမ်းသာလွန်းလို့ပေါ့လေ၊ ဝမ်းသာတဲ့ မျက်နှာ ရော၊ အမူအရာရော၊ ဟာ, ထိုင်ပါဦး ဆိုပြီးတော့ နေရာလေး ပြောင်ပြီးသား ဖြစ်ပေမယ့်လို့ ပျာပျာသလဲပေါ့ဗျာ ဖုန်ခါလို့ "ထိုင်ပါ မိတ်ဆွေ၊ အမလေး တွေ့ရတာ ဝမ်းသာလိုက်တာ၊ ဟာ, နေပါဦး၊ လက်ဖက်ရည်လေး သောက်သွားပါဦး၊ ကော်ဖီလေး သောက်ပါဦး၊ မုန့်ကလေး စားပါဦး" ဆိုရင် မိတ်ဆွေခမျာ ဘယ်လောက် ဝမ်းသာမလဲ။ အဲဒီအခါမှာ မေတ္တာတွေကလည်း တိုးပွားပြီး ချစ်တဲ့စိတ်ဟာ ပိုလာလိုက်တာ။ ငါ့အပေါ် သူတို့ တယ်ချစ်ခင်ကြတာပဲ ဆိုပြီးတော့ အပြန်အလှန် မေတ္တာထားလိုက်ကြမယ် ဆိုရင်။ အဲဒီအခါမှာ အကူအညီတောင်းကြည့်စမ်း၊ ဘာမဆို ပေးဖို့ရာ အသင့်ပဲ။ ဘာဖြစ်လို့တုံး။ ခုတင်က လုပ်တဲ့လူက အားရဝမ်း

သာနဲ့ လုပ်တာကို မြင်ထားရတော့၊ အလွန်ဝမ်းသာစရာ ဖြစ်နေပြီး အကျိုးပေးချင်တဲ့သူကလည်း ပြန်ပေးဖို့ရာ အသင့်ပဲ။ ဒါ လက်ငင်း အကျိုးပေးပုံပါပဲ။

အဲဒီလို မဟုတ်ဘဲနဲ့ မိတ်ဆွေတစ်ယောက် အလည်လာတဲ့အခါ ကျတော့ "ဘယ့်နှယ်ကြောင့် ဒီအချိန်ကြီး လာရတာတုံး၊ အခု သွား ခါနီးကြီး ဖြစ်နေတဲ့ ဥစ္စာ" လို့ ဘာပဲ ညာပဲဆိုပြီး ပြောနေရင် "ဒီကောင်တွေ၊ ဒီကောင်မတွေ သူတို့အိမ်ကို လာလည်တာ ဟန်ကြီး ပန်ကြီး လုပ်လို့၊ တို့အိမ်များလာခဲ့ကြည့်စမ်း၊ အိမ်ထဲတောင် မဝင်စေရဘူး" ဆိုပြီး ပြန်သွားလိုက်တာ။ ဒေါသနဲ့ ပြန်သွားတဲ့ဥစ္စာ။ အဲဒါတွေက လက်ငင်းတွေပေါ့။ နေရာတိုင်းမှာ ပုံဝတ္ထုတွေ ပြောရ ရင်လည်း အများကြီးရှိတယ်။ လက်ငင်းအကျိုးပေးတဲ့ သာဓကတွေ ပေါ့။

လောကီ ကုသိုလ်ဘက်မှာတဲ့ သောမနဿဟာ အခရာပဲ၊ ဝမ်းသာတာဟာ အခရာပဲ။ ဝမ်းသာမှ အကျိုးပေးမယ်။ လောကုတ္တရာ ဘက်မှာကျတော့ ဥပမာ မဟဂ္ဂုတ်၊ ရူပ၊ အရူပကျတော့ လောဘ နဲ့ နီးစပ်တဲ့ သောမနဿ သန်လို့ မဖြစ်တော့ဘူး။ ဥပေက္ခာက ပို သန်တယ်။ ဥပေက္ခာဆိုတာ လျစ်လျူရှုတာကို ပြောတာ မဟုတ်ဘူး။ သောမနဿများရင် တစ်ခါတည်း တဏှာဘက် များသွားတယ်။ သောမနဿ နည်းအားကြီးလို့ရှိရင် ဒေါမနဿထဲ ပါသွားတယ်။ ဥပေက္ခာက စိတ်ကိုတည်ငြိမ်နေအောင်၊ လောဘဘက်လည်း ပါ မသွားဘူး၊ ဒေါသဘက်လည်း ပါမသွားဘူး။ ဒါကြောင့် အကျိုးပေး နှေးတယ်၊ မြန်တယ်ဆိုတာတွေမှာ ဘာတွေလိုနေသလဲဆိုတာကို ခုတင်က ပြောခဲ့တာတွေနဲ့ ပြန်စစ်ဆေးကြည့်ကြပါ။ အင်မတန် သိသာပါတယ်။

## သမာဓိနယ်

လောကီဘက်ကနေပြီး လောကုတ္တရာဘက်ကို မရောက်ခင် စပ်ကြားမှာတော့ မဟဂ္ဂုတ်၊ ရူပ၊ အရူပဆိုပြီး ကာမထက်မြတ်တဲ့ မြင့်တဲ့ အဆင့်တွေ ရှိသေးတယ်။ အဲဒါတွေ ဘာတွေတုံးဆိုရင် အဘိဓမ္မာထဲမှာ အပြည့်အစုံ ပြပြီးသားပါ။ အဲဒီမှာ ဈာန်ရဖို့၊ ဈာန် မရတောင်မှ သမာဓိ ဖြစ်ဖို့ အရေးကြီးတယ်။

မြင့်သထက်မြင့်အောင် တက်မယ်ဆိုရင် လောကီဘက်မှာက ဒါန၊ သီလ၊ ဘာဝနာလိုတယ်။ လောကုတ္တရာဘက်မှာလည်း ဒါပါပဲ။ ဒါပေမယ့် ဘာတွေ ထူးလာသလဲဆိုတော့ မဂ္ဂင်လမ်း၊ နိဗ္ဗာန်ကို တက်တဲ့လမ်းမှာ အကောင်းဆုံးလမ်း၊ တစ်ခုတည်းသောလမ်း၊ သည် မဂ္ဂင်လမ်း အကြောင်းကိုလည်း အဘိဓမ္မာမှာတော့ အစုံအလင် ပါပြီးသားပဲ။

လောကီချမ်းသာထက် မြင့်တဲ့ မဟဂ္ဂုတ်, အထက်တန်းကျတဲ့ ကုသိုလ်၊ အထက်တန်းကျတဲ့ ချမ်းသာကို လိုချင်ရင်လည်း ရနိုင်တဲ့ နည်း ရှိတာပဲ။ သမထနည်းနဲ့။ သမထဆိုတာ စိတ်တည်တာ၊ ဘယ်လိုတည်သလဲဆိုရင် သမာဓိဆိုတဲ့ ဉစ္စာဟာ စကားနဲ့ကျတော့ အင်မတန် ကြီးကျယ်သလို ဖြစ်နေတယ်။ အရပ်စကားနဲ့ ပြောလို့ ရှိရင် သမာဓိဆိုတာ တခြားမဟုတ်ဘူး။

ဥပမာ အာရုံတစ်ခု ပြုလိုက်တယ် ဆိုပါတော့။ အာနာပါန ဆိုပါတော့၊ ထွက်လေ ဝင်လေပေါ့၊ ထွက်တာရော ဝင်တာရော အဲဒါလေးကို သတိထားနေတာ။ အဲဒါကို ကပ်ထားတဲ့ ဉစ္စာ။ ထွက်လေ ဝင်လေ အာရုံကနေပြီးတော့ စိတ်ကို မခွာသွားအောင် ကပ်ထားတဲ့ဉစ္စာ။ ကပ်အောင်ထားနိုင်တဲ့ ဉစ္စာ။ ဒါ သမာဓိပဲ။

တည်ကြည်တယ်ဆိုတဲ့ ဥစ္စာ။ တည်နေတယ်ဆိုတဲ့ ဥစ္စာ။ အဲဒီအာရုံမှာ စိတ်နဲ့ ထိန်းထားလို့ ကပ်နေတဲ့ဥစ္စာ။ အာရုံနဲ့ စိတ်နဲ့ ကပ်နေတဲ့ဥစ္စာ။ ဒါကို သမာဓိ ခေါ်တာပေါ့။

တည်တော့ ဘာဖြစ်လဲဆိုတော့ တည်တော့ စိတ်က ကြည်လာတာပေါ့။ မတည်တော့ လှုပ်ရှားနေတော့ ဘယ်ကြည်လိမ့်မလဲ။ ဒါတည်မှ ကြည်တယ်။ ကြည်မှ မြင်တယ်ဆိုတာ။ ရေခွက်ပမာလိုပေါ့။ ဖန်ခွက်ထဲမှာ အမှုန့်တွေ ဘာတွေရှိမယ်ဆိုရင်၊ ရေဟာ လှုပ်နေမယ်ဆိုရင်၊ အာ, အမှုန့်တွေနဲ့ ဟိုဘက် ဒီဘက် ကူးလားဖြစ်နေမယ် ဆိုရင် ဟိုဘက် ဒီဘက်ကို ဖောက်တွင်း မမြင်ရဘူး။ ငြိမ်အောင်ထားမယ် ဆိုလို့ရှိရင်ဖြင့် အနည်တွေ ဘာတွေ ကျသွားရင် တစ်ခါတည်း ကြည်ပြီးတော့ လာသလိုပဲ။ စိတ်မှာလည်း ကိလေသာတွေ များနေမယ်ဆိုရင် ခုတင်က ပြောတဲ့ မြူမှုန့်တွေ၊ အနည်တွေ များနေတဲ့ ရေက တည်ငြိမ်ပြီး ကြည်လာရင် ဘာဖြစ်သတုံး၊ မှန်ရောင် မြင်နိုင်တာပေါ့။

အဲဒါကြောင့် ပထမ ဘာလုပ်ရမလဲဆိုရင် မဂ္ဂင်လမ်း၊ မဂ္ဂင်လမ်းဆိုတာ တခြားမဟုတ်ဘူး၊ မဂ္ဂင် (၈) ပါးကလည်းပဲ ဟောစရာအားဖြင့် မဂ္ဂင် (၈) ပါး၊ လုပ်စရာအားဖြင့် (၃) မျိုးပဲ ရှိတာပေါ့။ ဘာတွေတုံး။ သီလ၊ သမာဓိ၊ ပညာ အဲဒါပဲ။ သူက လောကီဘက်ပါ ပါအောင် ဆိုပြီးတော့ ခွဲနည်းက ဒါန၊ သီလ၊ ဘာဝနာ (၃) မျိုးပဲ။ ဒါန၊ သီလ၊ ပညာ သုံးပါးပဲ။ ဒါန၊ သီလ၊ ဘာဝနာကျတော့ သမာဓိ မပါတော့ဘူးလားဆိုတော့ ပါတာပေါ့။ ဘာဝနာထဲမှာလည်း သမထ ဘာဝနာနဲ့ ဝိပဿနာ ဘာဝနာဆိုပြီး ရှိသေးတယ်။

## ဒါနစွမ်းရည်

ဒါနကိုလည်း ထည့်ထားတယ်။ ဒါန ဘာဖြစ်လို့လဲဆိုတော့ သံသရာတစ်ခွင်မှာ ဒါန မပါလို့ရှိရင် ဘယ်ချမ်းသာနိုင်ပါ့မလဲ။

ဥပမာ ပြောပြရမယ်ဆိုရင် ကောသလမင်း။ ရှင်ဘုရင် သားတော်ကလေး ပဋိသန္ဓေ ရှိတယ်ဆိုရင်ဖြင့် ဗေဒင်ဆရာတွေကလည်း အတိအကျ ဟောနိုင်ဘော့ ဘယ်အချိန် ဘယ်နှစ်နာရီ စသည်ဖြင့် ဟောကြတာပဲ။

အဲဒီအခါကျပြီဆိုရင် ဖွားဖက်တော်တွေ ကစားဖော် ကစားဖက် ဆိုပြီးတော့ပေါ့။ တစ်နေ့တည်း တစ်ရက်တည်း တစ်စက္ကန့်တည်း မွေးဖက်ကလေးတွေကို စာရင်းလိုက်ကောက်ရတယ်။ သန်းခေါင်စာရင်း ကောက်သလိုပေါ့။ ဖွားဖက်တော်ရဖို့ ကောက်လိုက်တဲ့ ဥစ္စာ အများကြီးရတာပေါ့။ ကောသလမင်းကြီးကလည်း သားတော်လေး ဖွားလို့ (၇) ရက်ရတော့ ကင်ပွန်းတပ်မင်္ဂလာ၊ ခေါင်းဆေး မင်္ဂလာ လုပ်တာပေါ့။

အဲဒီပွဲကြီးမှာ ရှင်ဘုရင် သားလေး ကင်ပွန်းတပ်တော့မယ်ဆိုတော့ နန်းတွင်းသူ နန်းတွင်းသားတွေ၊ အမတ်တွေ၊ ဝန်ကြီးတွေ၊ အဲဒီမှာ မှူးကြီးမတ်ရာ သေနာပတိ၊ အထက်တန်းလွှာတွေ အကုန်ဖိတ်ထားတော့ သားလေး ကင်ပွန်းတပ်ပွဲ လာကြမလို့ ပြင်နေကြတာကိုး။ အချိန်က နည်းနည်းလိုသေးတော့ ကောသလမင်းကြီးရဲ့ သမီးတော်လေး (၁၅) နှစ်အရွယ် သုမနဒေဝီလေးက သူကလည်း ပြင်ဆင်ထားတယ်၊ ပြင်ဆင်ပြီးတော့ အချိန်နည်းနည်းလေး အားတာနဲ့ဟာ, အခန်းထဲမှာ ငါ့မောင်ကလေး ကင်ပွန်းတပ်ဖို့ လုပ်ထားတာ သွားကြည့်ဦးမှလို့ လာကြည့်သတဲ့။ အခန်းထဲမှာလည်း သူတစ်ယောက်

တည်း သိပ်ထားတော့ ဘယ်လိုများနေပါလိမ့်မတုံးလို့ သွားကြည့်တဲ့ အခါ၊ အဲဒီမှာ နန်းတွင်းထဲမှာနေတဲ့ ကျွန်မကလည်း သားလေး တစ်ယောက်ကို မင်းသားလေးနဲ့အတူ အဲဒီနေ့ အဲဒီရက်၊ အဲဒီအချိန်၊ စက္ကန့်၊ မိနစ်မလွဲဘူး မွေးသတဲ့။

အဲဒီ ကျွန်မသားလေးကလည်း ဖွားဖက်တော်လေးပဲပေါ့။ သူကလည်း နန်းတွင်းသားကလေး ဖြစ်နေတော့ သူ့ကိုတော့ တစ်ခါတည်း ညှော်ခံခန်းမကြီးထဲမှာပေါ့လေ။ ရှင်ဘုရင့် သားလေးကို တော့ ရှင်ဘုရင်ထိုင်တဲ့ ရာဇပလ္လင်ကြီးပေါ်က၊ ဖဲမွေ့ရာ ပန်းမွေ့ရာ တွေနဲ့ မွေးလို့ ကြိုင်လို့ပေါ့လေ။ ထီးဖြူကြီးကလည်း အုပ်မိုးလို့ပေါ့။ (၇) ရက် သားကလေးပေမယ့် ပါရမီ အရင့်အမာလေး ဖြစ်တဲ့ အတွက် ဒီဘဝမှာပဲ ပစ္ဆိမဘဝိက ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်လေး။ ဒီမင်းသားလေးက မျက်စိဖွင့်ကြည့်သတဲ့။ ပထမတော့ ဟိုကြည့် ဒီ ကြည့်ပေါ့။

ကြည့်တော့ သူ့ကို အုပ်မိုးထားတဲ့ ထီးဖြူကြီးကို မြင်ပါရော။ ကြည့်စမ်း, ဒီထီးဖြူကြီးဟာ သာမညလူတွေ ဆောင်းခွင့်ရတဲ့ ထီးဖြူကြီး မဟုတ်ဘူး။ ရှင်ဘုရင်မှ ဆောင်းရမှာ။ ငါက ရှင်ဘုရင့် သားဖြစ်လို့သာ ဆောင်းရတာပဲ။ ဒီလို စဉ်းစားသတဲ့။ နောက်ပြီး ခင်းထားတဲ့ ဖဲမွေ့ရာကြီးတွေကြည့်၊ နောက် ရာဇပလ္လင်ကြီး ကြည့်၊ ဒါတွေဟာ ဘုရင့်အသုံးအဆောင်တွေပဲ။ ဒီလို ကြည့်ပြီးတော့ ငါနဲ့ ဘဝများစွာ အတူနေခဲ့ ဖြစ်ခဲ့တဲ့ မိတ်ဆွေ ဘယ်ရောက်နေပါလိမ့်လို့ လိုက်ကြည့်သတဲ့။

လိုက်ကြည့်တော့ တွေ့ပြီပေါ့။ ဟိုကလည်း သူ့လိုပဲ လူဖြစ် တာ (၇) ရက်ပဲ ရှိသေးတယ်။ (၇) ရက် သားလေးပေါ့။ ဟိုကလေး

ကတော့ ထောင့်တစ်နေရာ သစ်သားကွပ်ပျစ်ကလေးပေါ်မှာ စောင်ကြမ်းကလေးခင်းလို့၊ အဲဒီအပေါ်မှာ အိပ်နေရရှာတယ်။ ဒါ, တစ်ရက်တည်း၊ တစ်နေ့တည်း၊ တစ်နာရီ တစ်စက္ကန့်တည်း မွေးကြတာ။ လူဖြစ်လာပုံ တူတယ်။ လူ့ဘဝမှာ ဘဝရပုံချင်းကတော့ မတူကြဘဲ ကွဲပြားနေတယ်။ ဒီတော့ စဉ်းစားပြန်တယ်။ "ဩော်, ဒီကောင်ဟာ ငါ ဆုံးမခဲ့တာ များလှပြီ။ နားမထောင်ခဲ့ဘူး။ ခု, ကြည့်စမ်း၊ နိမ့်ကျတဲ့အဖြစ် ရောက်ရရှာတယ်။ ကဲ, ဒီတစ်ခါလည်း သတိပေးဦးမှ" ဆိုပြီး သူ့သူငယ်ချင်းကို လှမ်းခေါ်လိုက်သတဲ့။ "ဟိတ်ကောင်၊ ဟိတ်ကောင်" ဒီလို ခေါ်တော့ ဟိုကွပ်ပျစ်ပေါ်က ကလေးကလည်း ခေါ်သံလည်းကြားရော၊ ဒီအသံ ငါကြားဖူးပါတယ်။ ငါ့သူငယ်ချင်းရဲ့ အသံပါဆိုပြီး အသံရှင်ကို ဟိုဟိုဒီဒီလိုက်ရှာသတဲ့။ ဟုတ်ပြီ၊ ဒီအသံဟာ ငါ့ကို ဘဝတိုင်း ဘဝတိုင်း လိုက်ဆုံးမနေတဲ့ ငါ့သူငယ်ချင်းပဲလို့လည်း သိသွားတယ်။ ဟိုကလေးကလည်း ဒါန နည်းလို့သာ ဒီဘဝမှာ ဆင်းရဲရရှာတာကိုး၊ သူကလည်း ပါရမီအရင့်အမာနဲ့ ပုဂ္ဂိုလ်လေးပဲတဲ့။

ဒီတော့ ကလေးနှစ်ဦး စကားပြောကြတာပေါ့။

"ဟကောင်၊ မင်း အခု ဘယ်လိုရှိသေးသလဲ" "ဘာလဲကွ" တဲ့။ "ဟာ, ခုထိ မင်း ဘာလဲတုံးလား။ မင်းကြည့်စမ်း၊ မင်း အဖြစ်နဲ့ ငါ့အဖြစ်က တူသလားလို့။ ငါ့ကိုကြည့်စမ်းကွာ၊ အပေါ်ကလည်း ထီးဖြူကြီးနဲ့၊ အောက်မှာကလည်း ရာဇပလ္လင်နဲ့ ဖဲမွေ့ရာကြီးနဲ့။ မင်းမှာတော့ ဟိုထောင့်ထဲမှာ သစ်သားကွပ်ပျစ်ကလေးနဲ့ပါကလား" လို့ ပြောသတဲ့။ သည်အခါ ဟိုက ဘာပြန်ပြောသလဲဆိုတော့ "သူငယ်ချင်း၊ မင်းနှယ့်ကွာ၊ ကြွားမနေပါနဲ့။ မင်း ရာဇပလ္လင်ပေါ်နေလည်း

တစ်နေ့ကျ သေရမှာပဲကွ။ အနိစ္စချည်းပါကွာ”တဲ့။ သည်လို စကားကြီး စကားကျယ်တွေ ပြောကာကို သုမနဒေဝီ မင်းသမီးကလေးက ကြားသွားတယ်။ ဘယ်က ပြောပါလိမ့်မလဲလို့ ရှာတော့ ခုနစ်ရက်သားကလေးနှစ်ဦး ပြောနေကြတာ ဖြစ်နေသတဲ့။

သည်အကြောင်းကို သုမနဒေဝီ မင်းသမီးလေးက ကောသလမင်းကြီးကို သွားပြောပြတယ်။ အံ့သြစရာကြီးပေါ့။ ကောသလမင်းကြီးက မယုံဘူး။ ဒါဖြင့် ဘုရားဆီ သွားပါရစေဆိုပြီး ဘုရားကို သွားလျှောက်တယ်။ ဘုရားရှင်ကတော့ သိပြီးသားကိုး။ ဘုရားရှင်က သည်ကလေးနှစ်ဦးဟာ ဘဝပေါင်းများစွာ ရဟန်းတွေချည်း ဖြစ်ခဲ့တာ များတယ်တဲ့။ လူဖြစ်လည်း သူငယ်ချင်းပဲ၊ ဘုန်းကြီးဖြစ်လည်း သူငယ်ချင်းပဲ။ ဘုန်းကြီးအဖြစ်က များတော့ တစ်ပါးက ဒါနလည်း လုပ်တယ်၊ သီလ,ဘာဝနာလည်း လုပ်တယ်။ တစ်ပါးကတော့ ဒါနဟာ သံသရာရှည်ပါတယ်၊ ငါ ချမ်းသာတာ မလိုချင်ဘူးဆိုပြီး ဒါန မပြုခဲ့ဘူး။ သီလ၊ သမာဓိကတော့ ကောင်းတယ်။ အဲဒါကြောင့် သည်ဘဝမှာ လူဖြစ်ရတာချင်းတူတယ်၊ အတိတ်ဘဝ ပြန်သိကြတာချင်းလည်း တူတယ်၊ ဒါပေမယ့် တစ်ဦးက ကျွန်မသား ဖြစ်ရတယ်။ ဒါဟာ ဒါန နည်းခဲ့လို့ပဲ။ ဒါန အစွမ်းပဲတဲ့။

ဒါကြောင့် ဗေဒင်ဆရာတွေ ဟောတယ် မဟုတ်လား။ မွေးနေ့ မွေးရက်ကြည့်ပြီးတော့။ ခုကြည့်စမ်း, တစ်ချိန်တည်း၊ တစ်နေရာတည်း၊ တစ်ပြိုင်တည်း မွေးတာ ဘယ်လိုတူလို့လဲ။ ဘုရင့်သားချည်းပဲ ဖြစ်ဖို့ မကောင်းဘူးလား။ တစ်ယောက်ကမွဲလို့၊ အမွဲလေး အဖြစ် မွေးခဲ့ရတာ။ အဲဒါကြောင့် ဒါနဟာ အရေးကြီးတာပေါ့။

## နိဗ္ဗာန်ရောက်ဖို့ လှေကားထစ်ကြီးတွေ

ဒါနအကြောင်း ပြောပြီးတော့ သီလအကြောင်း နည်းနည်း ဆက်ပြောမယ်။ သီလမရှိဘဲနဲ့ ဘာဝနာ စတာတွေ လုပ်လို့ကို မရဘူး။ ဘာဖြစ်လို့တုံးဆိုတော့ နိဗ္ဗာန်သွားဖို့ လှေကားအထစ်ကြီး ခုနစ်ထစ် ရှိရာမှာ သီလဟာ ပထမဆုံးအထစ်ပဲ။ သီလဝိသုဒ္ဓိ, သီလမစင်ကြယ်ဘဲနဲ့ ဘယ်တော့မှ စိတ္တဝိသုဒ္ဓိ, စိတ်မစင်ကြယ်နိုင်ဘူး။ သီလဆိုတဲ့ ကိုယ်ကျင့်တရားမှ မရှိတဲ့လူက စိတ်စင်ကြယ်အောင်၊ စိတ်စင်ကြယ်တယ်ဆိုတာ သမာဓိကို ပြောတာနော်။ စိတ်စင်ကြယ်အောင် မတတ်နိုင်ဘူး။ သီလမှ မရှိတဲ့လူက ကမ္မဋ္ဌာန်းစကား ပြောတာဟာ အဓိပ္ပာယ်မရှိဆုံးဘဲ။ သီလမရှိတဲ့လူဟာ ခြေထောက်မရှိတဲ့လူနဲ့ တူတယ်။ သီလဟာ ခြေထောက်နဲ့တူတယ်တဲ့။ ခြေမရှိတဲ့လူက လှေကားကြီး မိုးပေါ်ထောင်ပြီး မိုးပေါ်တက်မယ်ကွာလို့ ဘယ်လောက်အော်အော်၊ မြေကြီးပေါ်မှာတောင် ကောင်းကောင်း မလျှောက်နိုင်တဲ့လူက ဘယ်လိုလုပ် မိုးပေါ်တက်မတုံး။ သည်လိုပဲ သီလရှိမှ၊ သီလပြည့်စုံမှ နိဗ္ဗာန်သွားမယ့် လှေကားထစ်ကြီးကနေ နိဗ္ဗာန်အထိ တက်သွားနိုင်မယ်။

ဒါကြောင့် နေ့စဉ်နှင့်အမျှ သီလပြည့်စုံနေအောင် ကြိုးစားရမယ်။ ဘုန်း ကြီးချင်လို့ရှိရင် ဘာလုပ်ရမလဲ၊ သီလပြည့်စုံအောင်လုပ်။ ပစ္စည်းဥစ္စာ ပေါကြွယ်ဝချင်ရင်လည်း သီလပြည့်စုံအောင်လုပ်။ သီလမရှိတဲ့လူဟာ ဘုန်း ကြီးရင်လည်း တမွန်းတည့်ပဲ။ ဘာပဲလုပ်လုပ် ခဏပဲ ခံစားရတယ်။ ခဏချင်း တိုက်ကြီးတစ်လုံး ဆောက်လိုက်တာ၊ တော်နေကြာ တိုက်ကြီးက ပြိုသွားမှာပဲ။

သီလပြည့်စုံပြီဆိုရင် သမာဓိလည်း လုပ်ဖို့လွယ်လာပြီ။ ပညာ

ကလည်း သီလအခြေခံထားလို့ ခိုင်ခိုင်မာမာ ဖြစ်နိုင်ပြီ။ ဒါကြောင့် ဘုန်းကြီးတို့ အဘိဓမ္မာအဖွဲ့သားတွေ အထူးသဖြင့် သည်သင်တန်းသူ သင်တန်းသားတွေဟာ "တို့က အဘိဓမ္မာသင်တန်းသားတွေ၊ ကိုယ်ကျင့်တရားမှာ လူများထက်သာတယ်ဟေ့" သည်လို ပြောနိုင်ရမယ်။ ရေးစာပေထဲမှာ သီလဟာ ခါးဝတ်ပုဆိုးလိုပဲတဲ့။ ဒါကြောင့် မောင့်ကျက်သရေပေါင်းပြီး ခါးဝတ်မပါသလို၊ အဘိဓမ္မာသင်ပြီး သီလမရှိရင်လည်း မကောင်းဘူး။

ကဲ, သည်နေ့တော့ တရားလည်း အတော်ရှည်သွားပြီ။ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပါစေလို့ တိုက်တွန်းရင်း သည်နေ့ နိဂုံးချုပ်ပါတယ်။

သာဓု . . . သာဓု . . . သာဓု။

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းတိုက်ခန်းမ၌

အရှင်သေဋ္ဌိလ

ဟောကြားတော်မူသော

# လက်တွေ့အသုံးချ အဘိဓမ္မာတရားတော်

စတုတ္ထနေ့

(၁၉၈၄ ခု၊ ဒီဇင်ဘာလ ၂၉ ရက်)

- ရဟန်းမှာ ဝိနည်းတော်ဟာအသက်ပဲ
- စာသင်စာကျက်နည်း
- ဓမ္မဝိဟာရီပုဂ္ဂိုလ်
- ဓာတ်ကြီးလေးပါး ဆင်ခြင်နည်း
- ဩဃလေးပါး

ကဲ, ဒီနေ့ စတုတ္ထမြောက်နေ့ တရားပွဲ စ,ကြရအောင်။ တတိယနေ့တုန်းက သီလအကြောင်း ပြောခဲ့တယ် မဟုတ်လား။ အဲဒီတုန်းက လူတွေဘက်က ပြောတာ။ အခု ရဟန်းတော်တွေနဲ့ ဆိုင်တဲ့ ဝိနည်းကို ပြောရဦးမယ်။

## ရဟန်းမှာ ဝိနည်းတော်ဟာအသက်ပဲ

ရဟန်းတော်များမှာဆိုရင် ဝိနည်းက အဓိကပဲ။ ဝိနည်းဥပဒေ၊ ဥပဒေဆိုတာ သီလပဲ။ ဘာလုပ်ရင် အကျိုးရှိမယ်၊ ဘာလုပ်ရင် အကျိုးယုတ်မယ်။ မလုပ်သင့်တာတွေ လုပ်ရင် အာပတ်သင့်မယ် ဆိုတာ ဘုရားက စည်းကမ်းတွေ လုပ်ပြီးတော့၊ မင်းတို့မလိုက်နာလို့ ရှိရင် ငါ အပြစ်တွေပေးမယ်လို့ ဒီသဘော မဟုတ်ပါဘူး။ သီလက ပါတိမောက္ခသံဝရသီလ။ အဲဒီအတိုင်း ကျင့်ကြရင်၊ မင်းတို့ ဘယ်လိုအကျိုးများလိမ့်မယ်။ အဲဒီအတိုင်း မကျင့်လို့ ဖောက်ပြန်ရင် ဘယ်လို အပြစ်ဖြစ်လိမ့်မယ်လို့ ပြတဲ့ဥစ္စာကို အာပတ်။ အာပတ်ဆိုတာ အပြစ်ရောက်သော၊ ငရဲသို့ ရောက်စေတတ်သော၊ အပြစ်ပေါ့။ ဘုရားက ဒဏ်ပေးတာ မဟုတ်ဘူး။ တချို့က ဘုရားက ဒဏ်ခတ် တယ်လို့ ထင်တာ။ မဟုတ်ဘူး။

ရဟန်းဝတ်ကတည်းကိုက ဘာရည်ရွယ်ချက်နဲ့လဲ။ ရည်ရွယ် ချက်က "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ"၊ "သံသရာဝဋ်ဆင်းရဲ

မှ ထွက်မြောက်ပါရခြင်း အကျိုးငှာ (ဝါ) ထွက်မြောက်ရာ ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း အကျိုးငှာ” လို့ ရည်ရွယ်ချက်ကြီးနဲ့ သင်္ကန်းဝတ်လာပြီး ကိုရင်ဖြစ်တဲ့အခါ၊ ဦးပဉ္ဇင်းဖြစ်တဲ့ အခါကျတော့ သင်္ကန်းနဲ့ မတော်လောက်အောင် အလုပ်တွေ လုပ်နေမယ်ဆိုရင် ဒါ ဘယ်အပြစ်၊ ဘယ်အပြစ်ဆိုတဲ့ ဥစ္စာ၊ အဲဒါ အာပတ်သင့်တယ်ခေါ်တာပေါ့။ ဘုရားအမိန့်တော်၊ အာဏာတော် ဆိုပေတယ်လို့ “ငါ အုပ်ချုပ်လို့ ကောင်းအောင် ငါ့ဩဇာခံရမယ်” ဒါမျိုး မဟုတ်ဘူး။ ရဟန်းတွေ အတွက် ဝိနည်း၊ လူတွေအတွက် ဂိဟိဝိနယ လူ့ကျင့်ဝတ်တွေရှိတယ်။ ဒါ ဘုရားသခင်က ကောင်းနိုးရာရာ လုပ်ထားတဲ့ ဥပဒေ မဟုတ်ဘူး။ သဘာဝအတိုင်း ဘုရားသခင်က သတ္တဝါအများ အကျိုးရှိအောင် ညွှန်ပြသော ကျင့်ဝတ်များ ဖြစ်တယ်။

လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဒုက္ခပေါင်းများစွာ သူမတူအောင်ခံပြီးတော့မှ အသိဉာဏ် ရရာရကြောင်းတွေ၊ ပါရမီတွေ ဖြည့်ပြီးတော့ လမ်းမှန်မတွေ့လို့ ဒုက္ခရောက်ခဲ့ပုံ၊ လမ်းမှန် တွေ့မှ ကောင်းကျိုးသုခ ရရှိပုံကို ကိုယ်တော်တိုင် သိရှိပြီးလျှင် သီလဘက်မှာ လူများကျင့်တဲ့ သီလ၊ ရဟန်းတော်များဘက်မှာလည်း ကျင့်စရာသီလ ဆိုပြီး သီလကို ပုဂ္ဂိုလ်အားဖြင့် နှစ်မျိုးခွဲထားပါတယ်။

ဝိနည်းကျတော့ ဘာလဲ ရည်ရွယ်ချက်က၊ ဩဃလေးဖြာသံသရာမှာ လွတ်မြောက်ပါစေခြင်း အကျိုးငှာပါပဲ။ ဒါဖြင့် ဘာဖြစ်လို့ အဘိဓမ္မာကို ထပ်ပြီးတော့ ဟောရတာတုံး။ ဘာဖြစ်လို့ အဘိဓမ္မာကို ထပ်ဟောရသလဲဆိုတော့ ဘုန်းကြီးတို့ ပြောနေကျ ဥပမာအတိုင်း သုတ္တန်က ဆေးနည်းနဲ့တူတယ်။ အဘိဓမ္မာက ဆေးပညာနဲ့ တူတယ်။ ဆေးပညာကို သင်လို့တော့ ကျကျနန

တတ်မြောက်ပြီးတော့၊ လူတွေ ချမ်းသာအောင် ဆေး ဆိုင်ရာမှာ ဓာတ်သတ္တိတွေဘက်ကရော၊ လူမမာတွေရဲ့ လက္ခဏာတွေရော အစုံသိရမယ်။ ဆေးတင်သိလို့ မရဘူး။ နှစ်ခုစလုံး သိပြီးဟော့ ကုမှ ရောဂါကောင်းကောင်း ပျောက်နိုင်မယ်။ ဆေးပညာကို ကောင်း ကောင်း မသင်ဘဲ ဆေးနည်းတွေ ဆေးညွှန်းတွေကို ကျက်မှတ်ကာ ဆေးကုတော့ တချို့လည်းပဲ ပျောက်တာတွေရှိတော့ နာမည်ကြီးနေ တဲ့ လူတွေလည်း ရှိတာပဲ။ ဒါပေတယ်လို့ သူတို့ပေးတဲ့ ဆေးနဲ့ မပျောက်တော့ ဘယ့်နှယ်လုပ်မလဲ။ ခေါင်းကိုက်လည်း ဒီဆေး၊ ဗိုက်နာလည်း ဒီဆေး၊ ဆေးတစ်မျိုးတည်းနဲ့ ကုနေတာတွေကိုလည်း သိတဲ့အတိုင်းပေါ့လေ။ ရောဂါမပျောက်တဲ့အပြင် သာဆိုးတော့ ဘယ့်နှယ်လုပ်မတုံး။ အဲဒီတော့ ဘယ့်နှယ်ပြောတုံး။ အာ, သူ့ကံပေါ့ ဆိုပြီး တစ်ခါတည်း ကံကိုသာ အပြစ်ချတော့တာပေါ့။

အဲဒီလိုပဲ အခြေခံစာ မသင်ဘဲ ပြနည်း ပြဟန်လောက်နဲ့ ကမ္မဋ္ဌာန်းပြ ဆရာတွေ ရှိတယ်မဟုတ်လား။ တကယ်သင်တဲ့ လူ ကျတော့ တရားသဘောလည်း သိတယ်။ ကမ္မဋ္ဌာန်းဆရာ လုပ်တယ် ဆိုလို့ရှိရင်၊ လူ့ရဲ့စရိုက်လည်းသိတယ်။ လူ့စရိုက်သိဖို့ကလည်း အလွန်လိုတာပေါ့။ စရိုက်လည်း မသိဘဲနဲ့ ဟိုလူလည်း ဒီတရားပဲ၊ ဒီလူလည်း ဒီတရားပဲဆိုတော့၊ အဲဒါတွေဟာ စဉ်းစားစရာတွေပေါ့။ ဘုန်းကြီးက ဝေဖန်နေတာ မဟုတ်ဘူးနော်။ သဘာဝကို ပြောနေတာ။ အဲဒီတော့ ကိုယ်တိုင်သိ၊ သင်ထားတော့ ဘာကျေးဇူးရှိတုံးဆိုတော့ ရမ်းကုဆရာ မဟုတ်ဘူးပေါ့။ ရောဂါအကြောင်းလည်းပဲ သိတယ်။ အဲဒီရောဂါကို နှိမ်နင်းတဲ့ ဆေးနည်းလည်း သိတယ်။ အဲ, သင်သားကျ ပြီဆိုလို့ရှိရင် စစ်ဆေးပြီးတော့ပေါ့၊ ဘာလိုနေလို့၊ ဘာလိုနေလို့၊

ဘာနဲ့တော်တယ်ဆိုပြီးတော့ နည်းလည်းပေးနိုင်တယ်။ အဲဒီ အကျိုး ၄ာ အဘိဓမ္မာ သင်ကြရတာ။

## စာသင်စာကျက်နည်း

အဲဒီလိုပဲ ဆေး,ဥပမာအတိုင်း စာသင်တဲ့ နေရာမှာလည်းပဲ စာသင်ရတဲ့ ကျေးဇူးက ပထမတော့ စာထဲကအတိုင်းပေါ့ မှတ်ရတယ်။ မှတ်ကျက်ပြီးတော့ ဘာကျေးဇူးများသလဲဆိုတော့၊ အဲဒါကို ဝိသုဒ္ဓိမဂ်မှာလည်း ပါပါတယ်။ စာသင်ရတဲ့ အကျိုးကျေးဇူး၊ စာအုပ်ထဲက မှတ်ရတဲ့ ကျေးဇူး၊ ဘာကျေးဇူးရှိသလဲ ဆိုတော့ ပထမတော့ "ဝစနတ္တာပစ္စယော"တဲ့။ နှုတ်နဲ့ ကျက်ရတယ်။ လေ့လာရတယ်။ ဒုတိယကျတော့ "ဝစနတ္တာပစ္စယော မနသာ ပဋ္ဌာဇာတ ပစ္စယောတိ" ပထမတော့ နှုတ်နဲ့ကျက်တာ ဘာအကျိုးရှိသလဲ၊ စိတ်နဲ့ပြန်ပြီးလေ့လာမှ ကျေးဇူးများတယ်။

အဲဒီ သင်ထားတဲ့ ဥစ္စာတွေကို ပြန်ပြီး လေ့လာတဲ့အခါကျတော့ သင်တုန်းကလည်းပဲ သဘောပေါက်အောင် သင်ထားတယ်။ တချို့ သင်တဲ့အထဲ အကုန်မသိပေတယ်လို့ ပြန်စဉ်းစားတဲ့အခါကျတော့ အဓိပ္ပာယ်တွေ ပေါ်လာတယ်။ အဲဒီအကျိုး၄ာ, မပြီးသေးဘူး၊ စိတ်နဲ့ ပြန်စဉ်းစားကြည့်တဲ့အခါကျတော့ စာထဲက ဥစ္စာတွေ သဘောပေါက်လာတယ်။ ပေါက်တော့, ဘာကျေးဇူးရှိတုံး "မနသာ ပစ္စယော လက္ခဏာပရာမသိ စိတ္တဿ" လက္ခဏာရေးသုံးပါးသိတဲ့ အကျိုး ရှိတယ်တဲ့။ ပထမတော့ စာကျက်စာဖတ်၊ နှုတ်နဲ့ ကျက်ပြီးတော့ စိတ်နဲ့ တစ်ခါလေ့လာ။ သဘောအနှုန်းရအောင် စိတ်နဲ့ လေ့လာတော့ ဘာတွေ ပေါ်လာသလဲဆိုလို့ရှိရင် ဘဝမှန်ရပြီးတော့

လက္ခဏာရေးသုံးပါး အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိလာတယ်တဲ့။ အဲဒါ သိတော့ ဘာအကျိုးကျေးဇူး ရှိသလဲဆိုတော့ "မဂ္ဂဖလဿ ပစ္စယော ဟောတိ" သူက မဂ်ဖိုလ်ကျေးဇူးများတယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရတယ်ဆိုတာ နိဗ္ဗာန်ကို မြင်တာပဲ။ အဲဒါ စာသင်ရတဲ့ ကျေးဇူး။

ပြီးတော့ စာတစ်နည်းက လက္ခဏာရေးသုံးပါး သိပြီးတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရတယ်ဆိုတော့ အဲဒီမှာ နည်းနည်းလေး ခက်နေသေးတာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိတာနဲ့ပဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မြင်နိုင်တဲ့ အကျိုးရှိတယ်ဆိုတော့ ရှင်းလင်းပြောဖို့ လိုသေးတာက၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်တော့ ဘာကျေးဇူးများသလဲ ဆိုတာ ရှင်းရဦးမယ်။ ဒုက္ခမြင်တော့ အဲဒီဒုက္ခဖြစ်ကြောင်းကို မလုပ်အောင်ဆိုတာတော့ ဉာဏ်နဲ့သိရမှာပေါ့။ အနိစ္စ၊ ဒုက္ခ သိလာမှ ဒုက္ခသဘောသိမှ ဒုက္ခက လွတ်မြောက်အောင် အားထုတ်တာပေါ့။ အဲဒီတော့ ဒုက္ခအကြောင်း သိဖို့၊ သိပြီးတော့ ဘာလုပ်ရမလဲ၊ သိတယ်ဆိုလို့ရှိရင်ဖြင့် အဲဒီဉာဏ်က ဒုက္ခမရောက်အောင် နောက်ထပ်လုပ်ဖို့ အဲဒီအဓိပ္ပာယ်ပဲ။

## မေ့ဝိဟာရီပုဂ္ဂိုလ်

ဒါနဲ့ ပတ်သက်ပြီးတော့ ဘုရားလက်ထက်က စာသာသင်ပြီးတော့ စာထဲက အလိမ္မာကို ကိုယ်ထဲမရောက်တဲ့ဥစ္စာလေး အင်္ဂုတ္တိုရ်မှာ တစ်ခါပြတယ်။ လာပြန်တယ်။ အင်္ဂုတ္တိုရ်မှာ ပဉ္စအင်္ဂုတ္တိုရ်၊ သည်ထဲမှာ ဖတ်ဖူးတဲ့ လူတွေ အများကြီး ရှိပါတယ်။ ပဉ္စအင်္ဂုတ္တိုရ်မှာ အကြောင်းငါးမျိုး ဟောထားတာရှိတယ်။

ရဟန်းတစ်ပါးက တစ်နေ့ကျတော့ ဘုရားကို လျှောက်ထား

တယ်။ "အရှင်ဘုရား၊ လူတွေ၊ သံဃာတွေ၊ တပည့်တော် ဘုန်းကြီး တွေလည်း ပြောကြတယ် ဘုရား။ တရားနဲ့ နေတဲ့လူ၊ ပါဠိဘာသာ နဲ့ ဆိုလို့ရှိရင် "ဓမ္မဝိဟာရီ"၊ တရားနဲ့နေတဲ့လူဆိုတာ ဘယ်ဟာကို ခေါ်ပါတုံးဘုရား။ ဘယ်လို အရည်အချင်းနဲ့ ပြည့်စုံမှ စာတတ်တဲ့ ပုဂ္ဂိုလ်လို့၊ တရားနဲ့နေတဲ့လူလို့ ခေါ်ရမလဲ။ စာမသင်ဘဲနဲ့ ကျင့်တဲ့ လူကိုကော ခေါ်ရမလား။ ဘယ်လိုလူမျိုးကို တရားနဲ့နေတဲ့လူလို့ ခေါ်ပါတုံးဘုရား" လို့ ဘုန်းကြီးတစ်ပါးက လျှောက်ထားတယ်။

လျှောက်ထားတော့ ဘုရားသခင်ကိုယ်တော်မြတ်က ငါးမျိုး ဟောထားတယ်။ ပထမ ဘာတုံးဆိုလို့ရှိရင်ပေါ့ တဲ့။ တချို့က တဲ့။ တချို့ဘုန်းကြီးတွေကပေါ့၊ တရားဟောတဲ့အခါ ဘိက္ခဝေ, ဘိက္ခဝေ ဆိုတာ ဘုန်းကြီးချည်း ဟောတာ မဟုတ်ဘူး။ အနီးဆုံးက ဘုန်း ကြီးတွေ ဖြစ်နေတော့ အနီးဆုံးလူကို တရားနာခံ လုပ်လုပ်ပြီးတော့ တိုင်တည်ပြီးတော့ ဟောတာကိုး။ ဒါကြောင့် ဘိက္ခဝေ, ဘိက္ခဝေနဲ့။ ဘိက္ခဝေဆိုပေတယ်လို့ ပဓာနအားဖြင့်သာ ဘိက္ခဝေ, ရဟန်းတို့ ပေါ့၊ လူတွေလည်း ပါပါတယ်။ ဒကာလည်း ပါပါတယ်။ ဒကာမ လည်း ပါပါတယ်။ လူတိုင်းပေါ့။

အဲဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်က ပထမပုဂ္ဂိုလ်ကို ဟောတယ်။ တချို့ပုဂ္ဂိုလ်များကတော့ တဲ့ စာတွေသင်လိုက်တာ၊ ဘယ်လောက်များသလဲဆိုလို့ရှိရင် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ ကုန်အောင် သင်လိုက်တယ်။ ပုဂ္ဂိုလ်တစ်ယောက်က ခုတင်ပြောသလို ပေါ့လေ။ ဒုက္ခခပ်သိမ်း ကင်းရာဖြစ်တဲ့ နိဗ္ဗာန်ရအောင် စာတွေသင် လိုက်တာတဲ့၊ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ အင်္ဂါကိုးတန်၊ အကုန်သင်နော်၊ သူ့ကို ဒါဖြင့် ဓမ္မဝိဟာရီ ခေါ်နိုင်ပြီလား ဆိုလို့ရှိ

ရင် သည်လောက်နဲ့ ခေါ်လို့မရဘူး။ တော်တော်ဝေးသေးတယ်။ ပိဋကတ်သုံးပုံဆောင် နိကာယ်ဆောင် သင်ပြီးတော့တဲ့ အဲဒါချည်းနဲ့ပဲ အချိန်ကုန်ပြီး၊ အဲဒီလူ နိဗ္ဗာန်ရသွားမလားဆို ဘယ်ရမလဲတဲ့။ အဲဒီပုဂ္ဂိုလ်ဟာ ဘာခေါ်သလဲဆိုရင် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ အင်္ဂါကိုးသွယ် တစ်သက်လုံးသင်တယ်၊ ဒါနဲ့ပဲ အချိန်ကုန်တယ်၊ ရွတ်တာ ဖတ်တာ၊ ဘုရားရှိခိုးတာ၊ ပုတီးစိပ်တာ အမြဲပဲ။ သူ့ကို ဓမ္မဝိဟာရီလားဆိုတော့ ဝေးသေးပါရဲ့တဲ့။ ဘာလိုနေသေးသလဲဆိုတော့ စာထဲမှာရှိတဲ့ အလိမ္မာတွေ လူထဲ မရောက်ဘူးတဲ့။ ဘာလိုနေသေးသလဲဆိုလို့ရှိရင် အကျဉ်းချုပ်ပြောရရင် နောက်ပိတ်ဆုံးနိဂုံးချုပ်စကားလေးမှာတော့ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်ဆောင်တဲ့ ပုဂ္ဂိုလ်ဟာ နိကာယ်ငါးရပ်ပြီးတော့ ကိုယ်ထဲမှာရှိတဲ့ ကိလေသာအပူထုပ် ငြိမ်းအောင် မလုပ်ဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဓမ္မဝိဟာရီပုဂ္ဂိုလ်မထိုက်ဘူးတဲ့။ တရားနဲ့နေတဲ့ ပုဂ္ဂိုလ် မဟုတ်ဘူး။ အဲဒီတော့ ဘာခေါ်သလဲဆိုလို့ရှိရင် စာတတ်ပုဂ္ဂိုလ်၊ ပရိယတ္တိတွေပြည့်နေတာပဲ၊ ပြည့်ပေတယ်လို့ ဓမ္မဝိဟာရီမဟုတ်ဘူးတဲ့။ တရားရှိတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူးတဲ့။ ပရိယတ္တိ စာတတ်ပုဂ္ဂိုလ်ပဲတဲ့။

အဲဒါ စဉ်းစားကြည့်မယ်ဆိုရင်ပေါ့လေ စာတတ်ရုံနဲ့လည်း မပြီးသေးဘူး။ စာကျက်ရုံနဲ့လည်း မပြီးသေးဘူး။ အဲဒီပုဂ္ဂိုလ်ဟာ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် သင်ရုံသာမကဘူး၊ သူများကိုလည်း ဟောပြောနေတယ်။ ဒါပေမယ့်လို့ ကိုယ်ထဲမှာရှိတဲ့ ကိလေသာအပူမီး စိတ်မှာ ပူးကပ်နေသေးရင် အဲဒီ အပူထုပ်ကို ငြိမ်းအောင်မလုပ်လို့ရှိရင်၊ သူ့ကို ဘာခေါ်သလဲဆိုတော့ အထူးထူး အထွေထွေအားဖြင့် သူများကိုသိအောင် ဟောတတ်တဲ့ သိစေတတ်တဲ့ ပုဂ္ဂိုလ်ပဲ

သည့်လိုဖြစ်ရတာပဲလို့၊ စာရွတ်ရင်းနဲ့ တစ်ခါတည်း ရဟန္တာဖြစ်သွားတယ်။

အဲ, အဲဒါဟာ ဘာကမ္မဋ္ဌာန်းမှ အားမထုတ်ရဘဲနဲ့ ရွတ်ရင်းရဟန္တာဖြစ်တာ။ အဲဒီလို စဉ်းစားတာကိုက ဒါ ကမ္မဋ္ဌာန်းပေါ့။ အဲဒါနဲ့ပတ်သက်ပြီးတော့ စာရွတ်ရတဲ့ ကျေးဇူးဟာ သည် ဦးပဥ္စင်းကသူကလည်းပဲ ညတိုင်းညတိုင်း ရတဲ့စာတွေကို မမေ့အောင်ရွတ်၊ အဲ, ခုတင်ကလို ဝိပဿနာဉာဏ်ကလေး ဝင်လိုက်တဲ့အခါကျတော့ တစ်ခါတည်း ရဟန္တာထိအောင် ဖြစ်သွားတယ်။ ဒါနဲ့ စာမရွတ်တော့ဘူး။ မရွတ်တော့ ကျောင်းနားမှာရှိတဲ့ သစ်ပင်မှာစောင့်နေတဲ့ ရက္ခစိုးက၊ ရက္ခစိုးမလေး တစ်ယောက်လာပြီးတော့ ငိုယိုပြီးတော့ သည်ဘုန်းကြီးကို လျှောက်တယ်။ "အရှင်ဘုရား၊ အရှင်ဘုရားဟောတဲ့ရွတ်နေတဲ့ စာကြားရတော့ တပည့်တော်တို့ နားမလည်ပေတဲ့ကြားရတဲ့ဥစ္စာ အင်မတန်ကို တပည့်တော်တို့မှာ စိတ်အေးပါတယ်ဘုရား။ အင်မတန် ကုသိုလ်ရပါတယ်။ တပည့်တော်လိုပဲ ပတ်ဝန်းကျင်က ရက္ခစိုးတွေ မမြင်နိုင်တဲ့ သတ္တဝါတွေကလည်း နာနေကြပါတယ် ဘုရား။ အရှင်ဘုရား စာမရွတ်ကတည်းကိုက တပည့်တော်တို့မှာ၊ စိတ်ချမ်းသာစရာ မရှိပါဘူးဘုရား" ဆိုပြီးတော့ ငိုယိုပြီးတော့ လျှောက်ထားတယ်တဲ့။ အဲဒါတွေမျိုးလည်း ရှိတာပဲ။

အဲဒါကြောင့် စာရွတ်တာ ကျေးဇူး ကိုယ်တင် ရှိတာ မဟုတ်ဘူး။ စာနာရတဲ့ စာနာချင်တဲ့ ပုဂ္ဂိုလ်လည်းရှိတယ်။ အဲ, အဲဒါလည်း ထောက်ထားပြီးတော့ပေါ့ဗျာ ပညာသင်ရတာတွေဟာ အဲဒီကျေးဇူးများတာပေါ့။ ပြီးတော့ စာသင်ရတဲ့ အကျိုးကျေးဇူးရှိသေးတာက ကိုယ်တိုင်သိပြီးတော့ သာမညသုတ္တန်လောက်သာ မဟုတ်ဘဲနဲ့၊

အဘိဓမ္မာကျတော့ ရုပ်အကြောင်း အသေးစိတ် အစုံအလင်၊ စိတ်အကြောင်း အသေးစိတ် အစုံအလင်၊ ရုပ်နဲ့နာမ် စာထဲကအတိုင်း၊ နောက်စဉ်းစားတော့ သဘောပါပေါက်သွားတယ်။ သဘောပေါက်တဲ့အခါကျတော့ ရုပ်အလုပ်လုပ်ပုံ၊ စိတ်အလုပ်လုပ်ပုံ အဲဒါတွေသိပြီးတော့၊ သည်စိတ်နဲ့ရုပ်တွေ ငါသင်တဲ့ဥစ္စာ ဘယ်က ရုပ်တွေတုံး။ ဟော,လက်စသတ်တော့ ငါ့မှာရှိတဲ့ ရုပ်တွေပဲကိုး။ အဲဒါ အသုံးချအဘိဓမ္မာပေါ့။

## ဓာတ်ကြီးလေးပါး ဆင်ခြင်နည်း

သင်ရင်း သင်ရင်းနဲ့ ရုပ်အကြောင်း၊ ပထဝီသဘော၊ ပထဝီသဘောဆိုလို့ရှိရင်ပေါ့လေ။ ဥပမာ တောင့်တင်းတာတို့ ဟုတ်လား၊ ညောင်းတာတို့ဆိုတာ ပထဝီသဘောတွေပေါ့။ အာပေါသဘော၊ အာပေါဖွဲ့စည်းတာ စသည်ဖြင့် သင်ရင်း သင်ရင်းနဲ့ ရုပ်ဟာ အဓိကအားဖြင့် ဓာတ်လေးပါး အစုအဝေးပဲလို့တော့ ရုပ်အကြောင်း သိသွားတယ်။

ဘာဖြစ်ဖြစ် အဘိဓမ္မာသဘောအရ အသုံးချကြည့်မယ်၊ သုတေသနလုပ်ကြည့်မယ်ဆိုရင် ပထဝီဟာ မာတဲ့သဘော၊ ပျော့တဲ့သဘော၊ သည်သဘောတွေဟာ ဘယ်မှာလဲဆိုတော့ ဘယ်မှာမဆို ရုပ်မှန်သမျှ ရှိတာချည်းပဲ။ ဥပမာ သည်စားပွဲဆိုပါတော့၊ အဲဒီစားပွဲမှာ သည်အတိုင်းဆိုရင်တော့ စားပွဲပဲ၊ အဘိဓမ္မာသင်တဲ့လူက အခုအဘိဓမ္မာထဲပါတယ်၊ ရုပ်မှန်သမျှဟာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောလို့ ပြောတယ်။ ဘာပြောနေတာတုံးဆိုတော့ သည်စားပွဲကို သင်ထားတဲ့ အဘိဓမ္မာနဲ့ ဓာတ်ခွဲကြည့်၊ ဘာတွေ့သလဲ ဆိုလို့ရှိရင်

ဖြစ်လာလဲ။ ရွှံ့တုံးလေး ဖြစ်လာတယ်။ အဲဒါကြောင့် ပထဝီဆိုတဲ့ သဘောဟာ မာတဲ့ သဘောပေါ့။ အဲဒီသဘောလေးဟာ ဘယ်ရုပ်မဆို ရှိတာချည်းပဲ။ အနည်းနဲ့အများ၊ ကျောက်ခဲတုံးကြီးများမှာလည်း ရှိတာပဲ။ အာပေါ မရှိရင်လည်း အစိုင်အခဲ မဖြစ်နိုင်တော့ဘူး။

ပထဝီ, အာပေါ ဖြစ်လာတဲ့ အစိုင်အခဲ ပျက်မသွားအောင် တေဇောက ထိန်းထားတဲ့ဥစ္စာ။ ဝါယော အတွင်းက နေပြီးတော့ ထောက်ကန်တယ်၊ အပြင်ကနေပြီးတော့ ဖိညှပ်တယ်။ ဒါကြောင့် လှုပ်ရှားလို့ရတယ် ဆိုပြီးတော့ပေါ့။ အဲ, အဲဒီသဘောတွေ စဉ်းစားကြည့်တော့ ခုတင်က ပထဝီထဲမှာ အာပေါလည်းပါတာပဲ။ ခုန ပေါင်းကြည့်တော့ ရွှံ့တုံးလေးဆိုပါတော့၊ အဲဒီ ရွှံ့တုံးလေး ရွှံ့တုံးလေးလို့သာ ဆိုရတယ်၊ ရွှံ့တုံးလေးဆိုတာနဲ့ ပညတ်ပဲ။ အဲဒီရွှံ့တုံးလေးကို ခွဲကြည့်မယ်၊ စိတ်ကြည့်မယ်ဆိုရင် မာတဲ့သဘော အဲဒါ ပထဝီပဲ၊ အတုံးလေးဖြစ်လာတာဟာ အာပေါကြောင့် အပုံလေး ပေါ်လာတဲ့ဥစ္စာ။ သူက အတုံးလေး ဖြစ်လာတာ။ အဲဒီအတုံးလေး ထားထားမယ်ဆိုလို့ရှိရင် တစ်ခါတည်း အဲဒီအတိုင်း ပျက်မသွားအောင်၊ တေဇောက အပူဓာတ်နဲ့ ထိန်းထားတာပေါ့။ တေဇောများအားကြီးရင် တစ်ခါတည်း ပူပြီးတော့ လောင်ပြီးတော့ ကွဲသွားမယ်။ တေဇော သိပ်အားနည်းနေလို့ ဝါယောချည်း ဖြစ်နေမယ်ဆိုရင် တစ်ခါတည်း ရွှံ့အတုံးတောင် မဖြစ်တော့ဘူး။ ရွှံ့ညွှန်ရေ ဖြစ်သွားတယ်။ အဲ, သူ့အလျောက်လေးလောက် ဖြစ်လာတော့ ရွှံ့တုံးလေး ဖြစ်လာရော။ အဲဒီရွှံ့တုံးလေးကို၊ အဲ, သူ့ကို ဘာခေါ်သလဲဆိုရင် ရွှံ့တုံးကလေး၊ အဲရွှံ့တုံးကလေး၊ အဲ, ပထဝီတုံးကလေးပေါ့။ ပထဝီများလို့ ခေါ်တာ၊ အာပေါလည်းပါရဲ့သားနဲ့၊ တေဇောလည်းပါရဲ့သားနဲ့၊ ဝါယောလည်း

ပါရဲ့သားနဲ့ ဘာဖြစ်လို့ ပထဝီလို့ ခေါ်ရသလဲ။ သူ့ကို ပထဝီ, ပထဝီဆိုတာ မြေကြီးပေါ့။ မြေကြီးခဲလေးပေါ့။ အဲဒီထဲမှာ ခုတင်က ဓာတ်လေးပါးအစုံပါတာပဲ။ ဒါ မြေကြီးခဲ...ဒါတွေ ကတော့ ဘုန်းကြီးတို့အဖို့ အဘိဓမ္မာစာတွေထဲမှာလည်း ပါပြီးသားပါ။

## အာပေါ, ရေဓာတ်

အဲ, အာပေါ၊ ရေထဲမှာလည်း ပထဝီပါတာပဲ။ ဟာ, ရေထဲမှာလည်း ပါတယ်ဆိုပါလား၊ ပါတာပေါ့။ ဘယ်အရာဝတ္ထုမှာမဆို ဓာတ်လေးပါးက ပါတာချည်းပဲ၊ အနည်းနဲ့အများ ကွာတာပဲ ရှိတယ်။ ရေထဲ ဘယ့်နှယ် ပထဝီပါရတုံးဆိုတော့ "ဟာ, ရေက မာနေတာပဲ"၊ မာနေတယ်ဆိုတော့ တစ်ခါတည်း ထိလိုက်မယ်ဆိုရင်ပေါ့လေ၊ ဖြုန်းခနဲ သူက အလွယ်တကူနဲ့ ကွဲမသွားဘူး၊ အတုံးအခဲလည်း မဟုတ်ဘူး။ ရေက တစ်ခါတည်း ထိလိုက်မယ်ဆိုလို့ရှိရင် အင်မတန် နူးညံ့တာ၊ တစ်ခါတလေကျလို့ရှိရင် ထိရတာကိုက အခဲဓာတ် ဖြစ်နေတာ။ အဲဒါ ဘာကြောင့်လည်း ဆိုလို့ရှိရင် ပထဝီဓာတ်က များနေတော့ များနေတဲ့အတွက်ကြောင့် ရေကို ထိလို့ရတယ်။ ဖြုန်းခနဲ ကွဲမသွားဘူး။ ရေထဲမှာလည်း ပထဝီရှိနေတာပဲ။ ဒါဖြင့် ဘာဖြစ်လို့ ပထဝီ မခေါ်သလဲဆိုရင်၊ ရေတို့, အရည်တို့ကျတော့ အာပေါကများတဲ့အတွက်ကြောင့် သူတို့ကို အာပေါဓာတ် ခေါ်တယ်။

ကာမ, ပြီးတော့ ဒီဘဝတွင်၊ ဒီမှာဖြစ်တဲ့ အာရုံတင် မဟုတ်သေးဘူး။ ဘဝေါဃ၊ ဘဝ နောက်ကိုထပ်ဖြစ်ချင်တယ်။ ဒီဘဝကို တစ်ခါတည်း မွေးနေတာ သေတဲ့အထိ၊ သေတဲ့အထိ တစ်ခုမကျန် အကုန်နှစ်သက်တာပေါ့။ ဘဝဆုံးသွားမှာ တယ်ကြောက်တာကိုး။ တစ်ခါတည်း ကြောက်တော့ နောက် ဒီလိုထပ်ဖြစ်အောင် ဆိုပြီးတော့ ကုသိုလ်ပြုတိုင်း ဆုတောင်းတယ်၊ တစ်ခုခုလုပ်တိုင်း ဆုတောင်းတယ်။ ဒီလိုပဲ ထပ်ဖြစ်ချင်တယ်ဆိုပြီးတော့ ဒီဘဝကို တပ်မက်တဲ့ဥစ္စာ မပြီးနိုင်တော့ဘူး။ ဟာ, ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ပြီးတော့ ဓမ္မာရုံ၊ အရောယဉ်နေတဲ့ ဥစ္စာပေါ့လေ။ ဒါတွေဟာ ကာမတဏှာတွေပေါ့။

ဒီလို ဖြစ်ပြီးတော့ ပြီးပြီလားဆိုတော့ မဟုတ်သေးဘူး။ နောက်ထပ် ဖြစ်ချင်လိုက်တာ။ ဟော ဘဝတဏှာ၊ ဘဝ ကာမောဃ၊ ဘဝေါဃ။ အဲဒါဘာကြောင့် ဖြစ်သလဲဆိုရင် အမြင်မှားလို့။ ဒိဋ္ဌိ, အဲဒီအစုအဝေးကြီးကို ငါရယ်လို့။ အစုအဝေးကတော့ အဟုတ်ဖို့တာပဲ။ အဲဒါကို ငါက သွားပြီးတော့ပေါ့လေ၊ "ဒါ ငါ့ဟာပဲ" ခုနပြောတဲ့ အစုအဝေး ရုပ်ဘက်က နာမ်ဘက်က ဟုတ်လား။ ရုပ်ဘက်ကလည်း အများဆုံးဆိုရင် (၂၈) ခု၊ နာမ်ဘက်ကဆိုရင် စိတ် တစ်ခုယုတ် (၉၀)၊ အကျယ် (၁၂၁)၊ စေတသိက် (၅၂)၊ ဝိညာဏက္ခန္ဓာ ယူပြီးတော့ တပေါင်းတည်း ပြောလိုက်တော့ နာမ်တေပညာသ၊ နာမ်ပေါင်း (၅၃)။ အဲဒါတွေဟာ ဘယ်သူပြောနေတာတုံး။ ကိုယ်ထဲမှာ ကိုယ်ထဲမှာရှိတဲ့ဥစ္စာ၊ စာသင်တော့ ဒါတွေကို အသေးစိတ် သိတာပေါ့။ ပြီးတော့ ဒါတွေ စဉ်းစားလိုက်မယ်ဆိုလို့ရှိရင် အဲဒီထဲမှာ ငါက ဘယ်မှာလဲ။ မစဉ်းစားတာ၊ သိလည်းမသိဘူး၊ သိရင်တော့ စဉ်းစားစရာ

ရှိသေးတယ်။ မသိတော့ စဉ်းစားစရာ လုံးလုံးမရှိတော့ တကယ့် အမှားတုံးကြီး။

မောဟက မသိတာ၊ ဒိဋ္ဌိက အမှားသိတာ။ မောဟ မသိတာက သဘာဝ မသိတဲ့ဥစ္စာ။ ဆိုးသထက် အဆိုးကတော့ ဒိဋ္ဌိက အမှားကြီးကို သွားသိတာ။ မောဟ မသိတာကတော့ မသိတာရိုးရိုးပဲ။ ဒိဋ္ဌိ မသိတာက မှားတာကြီးကို အမှန်သွားထင်ပြီးတော့ သိတာ၊ သူကသာ ဆိုးတာပေါ့။ အဲ, အဲဒါကြီးကို ငါ တပ်လိုက်ပြီဆိုလို့ရှိရင်ဖြင့် အဲဒါ အထင်ရှားရှိတဲ့ သဏ္ဌာန၊ သကသန္တော၊ ဝိဇ္ဇာမန္တော၊ ထင်ရှားရှိသော၊ ကာယအပေါင်း။ ခန္ဓာငါးပါးအပေါင်း၊ ဓာတ်လေးပါးအပေါင်းအား နာမ်နဲ့ရုပ်နဲ့အပေါင်း၊ အဲဒါဟာ အထင်အရှားရှိတဲ့ဥစ္စာ၊ အဲဒါကြီးကို ငါလို့ ပြောလိုက်တော့ ဒိဋ္ဌိ, သက္ကာယ၊ အဲ, သက္ကာယဒိဋ္ဌိ ဖြစ်လို့ရှိရင်တော့ ပြီးရော အကုန်လုံး လောဘတုံး၊ ဒေါသတုံး၊ မောဟတုံးဆိုတော့ သံသရာဝဋ်က ဘယ့်နှယ်လုပ် လွတ်တော့မတုံး။

အဲဒါတွေကို မြင်အောင်လို့ ဘုရားသခင်ကိုယ်တော်မြတ်က, ကာမဆိုတာ ဘာလဲ၊ ဘဝဆိုတာဘာ၊ ဒိဋ္ဌောဃ, ဒိဋ္ဌိဆိုတာ ဘာ၊ အဝိဇ္ဇောဃ, မသိတယ်ဆိုတာ ဘာတွေ၊ အမှန်မသိတဲ့ ဥစ္စာတွေပေါ့၊ အမှားသိတာ မဟုတ်ဘူး။ မသိကို မသိတဲ့ဥစ္စာ။ အဲဒါတွေ သိစေခြင်း အကျိုးငှာ၊ သိပြီးတော့ ဒါတွေဟာ လက်စသတ်တော့ သူ့သဘောအတိုင်း ဖြစ်နေတာပဲ၊ ဘယ်ထာဝရဘုရား ဘယ်သူကမှ ဖန်ဆင်းတာ မဟုတ်ဘူး၊ သူ့သဘာဝအတိုင်း ဖြစ်နေတာပဲလို့ သဘောပေါက်လာလို့ရှိရင်၊ အဲဒီ အသိဉာဏ်ဝင်လာလို့ရှိရင် "ဟာ, ဒုက္ခကြီးကို ငါ သုခလို့မှတ်နေတာပဲ၊ ပြီးတော့ သုခ ကလည်းပဲ လိုချင်တဲ့ သုခက သူ့ဖြစ်ချင် သူလိုချင်တဲ့ သုခပဲ၊ သည်ဘဝလေး

၁၂၂၀ ပြည့်နှစ်၊ မင်းဘူးဆရာကြီး၊ အိမ်မဲမြို့သို့ရောက်သည်မှ
ယနေ့တိုင် ထောင်သောင်းများစွာသော ကလေးများအား
အသက်ကယ်ဆယ်ခဲ့သည့်

## ဒေါ်ရွှေမှင် ကလေးဆေးများ

- မကြာခဏ ကျောပူ, ခေါင်းပူ, ကိုယ်ပူထပြီး အပူတက်, အအေးတက် တက်၍ ချူချာ, ချိနဲ့သော ကလေးများအတွက်–

**ဒေါ်ရွှေမှင် သူငယ်နာဝေါင်းချုပ်ဆေး**

- လေပြင်, လေခဲ, လေဆန်နာတို့ကြောင့်၊ လေထိုး, လေအောင့်၊ ချွဲကျပ်, ရင်ကျပ်, ချောင်းဆိုး၊ ဝမ်း, ဆီး, လေချုပ်ခြင်းတို့အတွက် –

**ဒေါ်ရွှေမှင် ကလေးလေဆန်နာဆေး**

- အစာမကျေ၊ ရင်ပြည့်၊ အော့အန်ခြင်း၊ ဆီး,လေ,ဝမ်း မကျွဲခြင်း၊ ရေငတ်ဝမ်းကျရောဂါ၊ ဝမ်းကိုက်, ဝမ်းပုပ်ခြင်း တို့အတွက် –

**ဒေါ်ရွှေမှင် ကလေးလေပုပ်ထုတ်ဆေး**

- ကျား၊ မ များ ဓာတ်လေးပါးညီမျှပြီး၊ ဒူလာနှင့် မီးယပ်နာတို့ကို ကာကွယ်ပျောက်ကင်းနိုင်စွမ်းသော –

**ဒေါ်ရွှေမှင် သိဒ္ဓိဗလလေးဆေးကြီး**

- သလိပ်ပုပ်၊ သလိပ်ကျပ်၊ ခံတွင်းပျက်၊ ရင်မရှင်းသူများအတွက်–

**သလိပ်ပျော်လျှော့ဆေး**

*

**မင်းဘူးဆရာကြီး၏မြေး**

## ဒေါ်ရွှေမှင် ကလေးဆေးတိုက်၊ အိမ်မဲမြို့။

- ၂၈၆–၁၁၊ ပန်းဆိုးတန်း၊ ရန်ကုန်။ ဖုန်း – ၂၈၂၆၂၉
- ဝင်းပပ၊ အမှတ် (၇)၊ ဗိုလ်ချုပ်ဈေးသစ်၊ ရန်ကုန်။
- ဒေါ်အေးမှင် တစ်ခွန်းတိုက်၊ ရွှေတောင်တန်းထိပ်၊ ရန်ကုန်။

ဒေါ်ရွှေမှင်ကလေးဆေးများသည် သမားကျောင်းဝေဒီအားကိုးရသည်။

ဤစာအုပ်တွင် ပါဝင်သော
တရားတော်များသည်
အဘိဓမ္မာပြန့်ပွားရေး
အသင်းတိုက်ခန်းမ၌
၁၉၈၄ ခု၊ ဒီဇင်ဘာလ
၂၂၊ ၂၃၊ ၂၅၊ ၂၉ ရက်နေ့များ
အတွင်းတွင်
အရှင်သေဋ္ဌိလ
ဟောကြားတော်မူခဲ့သော
အသုံးချ အဘိဓမ္မာ
တရားတော်များဖြစ်သည်။